WWW.DHAMMARANSI.COM

ဓမ္မသိဘ်ပဉ္စိတာ။

ဆရာ-ဦးမောင်ကြီးရေးသား
စီစဉ်အပ်သော

# ဓါတ်ကမ္မဋ္ဌာန်း

## အမေးအဖြေ၊

(အလွယ်တကူတိုက်ဆိုင်၍ကြည့်ရှုစေရန်။
ဓါတ်ကမ္မဋ္ဌာန်းမူရင်းနှင့်ရာဟုလသုတ်
တို့ကိုထည့်သွင်းပုံနှိပ်ထားပါသည်၊)

မူပိုင်ရှင်-ဒေါ်စိန်ညွန့်

SEIN PHO
SHELF

{ အမျိုးသားစာပုံနှိပ်တိုက် }
၇၃-မောင်ခိုမာရီလမ်း။
ရန်ကုန်မြို့။

အဘိုး-၈-ပဲ။

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

လယ်တီပဏ္ဍိတာ။

ဆရာ-ဦးမောင်ကြီးရေးသား

စီစဉ်အပ်သော

# ဓါတ်ကမ္မဋ္ဌာန်း

## အမေးအဖြေ။

(အလွယ်တကူ တိုက်ဆိုင်၍ ကြည့်ရှုစေရန်၊
ဓာတ်ကမ္မဋ္ဌာန်းမူရင်းနှင့်ရေ-ဟုလာသော်
တို့ကိုထည့်သွင်း ပုံနှိပ်ထားပါသည်။)

မူပိုင်ရှင်-ဆရာဦးမောင်ကြီး။

{ အမျိုးသားစာပုံနှိပ်တိုက် }
၇၄–မောင်ခိုမာရိုလမ်း။
ရန်ကုန်။

WWW.DHAMMARANSI.COM

# နိဒါန်း။

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးရေးသားတော်မူခဲ့သော ဓာတ်ကမ္မဋ္ဌာန်း ကျမ်းသည်၊ အရကျက်ဆောင်၍၊ ရွတ်ဆိုသဇ္ဈာယ်ရန် အတွက်။ မိမိကိုယ်ဟု သမုတ် အပ်သော အထယ် ခြင်ကြီးအတွင်း၌ ရှိနေကြကုန်သော ဓာတ်တို့ကို၊ အစိပ်အစိပ် ဝေဘန်၍၊ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင် ကြရန်အတွက်၊ အတ္တဒိဋ္ဌိကိုပယ်ခွာ၍၊ တွယ်တာ တပ်မက်လောက်ရှိသော တဏှာမာနကို၊ ပယ်သတ်ပြီးလျှင်။ သံသရာ ဒုက္ခဝဋ်မှကျွတ်လွတ်စေဘို့ အတွက် အထူးအလေးထား၍၊ ရေးသားတော်မူခဲ့သော ကျမ်းဖြစ်ပေသည်။

ထိုဓာတ်ကမ္မဋ္ဌာန်းကျမ်းသည်။ ငယ်ပင်ငယ်သော်လည်း၊ အလွန်ကျယ်ဝန်းသော အဓိပ္ပါယ်အနှစ်သာရတို့နှင့်ပြည့်စုံလျက် ရှိပေသောကြောင့်၊ ပျားရည်အရသာတို့ဖြင့် ပြည့်၍ နေသော၊ မဓုပိဏ္ဍိက-ပျားလပို့ကြီးနှင့် တူလှပေသည်။

ထိုကဲ့သို့အနှစ်သာရတို့နှင့်ပြည့်စုံနေသော ဓာတ်ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်ကို၊ အကျယ်ဖြန့်ချိ၍၊ အသိဉာဏ်ပွားများကြစေရန်၊ မေးစကြာအမေးအဖြေ၊ ပြီး ဟာသ တိပဋ္ဌာန် အမေးအဖြေ၊ အနုဋီကာသဖွယ်

# နိဒါန်း

WWW.DHAMMARANSI.COM

အမေးအဖြေ ကျမ်းများကို ရေးသားဘိ သကဲ့သို့ "ဓါတ်ကမ္မဋ္ဌာန်းအမေးအဖြေကျမ်း"ကိုရေးသားပါဟု၊ မုံရွာမြို့ လယ်တီတိုက်၊ သာရဇ္ဇနပါသာဒိက တိုက်ကျောင်းကြီး၌၊ ဘိတင်းသုံးနေတော် မူသော ဓမ္မာ[illegible]က၊ မိုးကုတ်ဆရာတော် (ဦးခေမိန္ဒ) ကိုယ်တော်က၊ နှိုးဆော်—တောင်းပန်အပ်သည်ဖြစ်၍၊ ဤဓာတ်ကမ္မဋ္ဌာန်း အမေးအဖြေကျမ်းကို ရေးသားရပါသည်။

ဤဓာတ်ကမ္မဋ္ဌာန်း အမေးအဖြေကျမ်းကို၊ စေ့စေ့ စပ်စပ်ဖတ်ရှု၍သွားပါလျှင်၊ ပရမတ် ဉာဏ်ပညာ၊ ဓာတ်ဓမ္မာဓာတ် သဘောများကို၊ နက်နက်နဲနဲ၊ ဝေဘန်ပိုင်းခြားကာ၊ သိမြင်နိုင်ကြပါလိမ့်မည်၊ ဝိပဿနာဉာဏ်ဖြင့်၊ ရုပ်နာမ်မှတ်သား၊ ဓာတ်တရားတို့ကို၊ ရှုစားလိုသော ယောဂီတို့သည်လည်း၊ ဤစာအုပ်ကို အမြဲလက်ကိုင်ပြု၍၊ ကြည့်ရှုနှစ်ချိုက်-ဉာဏ်ရှုပိုက်ကြပါလျှင်၊ များစွာအကျိုးရှိလိမ့်မည်ဖြစ်ပါကြောင်း။

လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီး၊

၁၂၉၄—ခု၊ တကူ လဆန်း-၁၅-ရက်နေ့၊

ရန်ကုန်မြို့၊

WWW.DHAMMARANSI.COM

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ပါထိကဖ္ဖဂျာနိုး

## အမေးအဖြေ။

ပဏာမသံပေါက်ကဗျာများ။

(၁) သုန်းတော်ညွှန့်ခက်၊ ကွန့်ဖြာရှက်၊ တဝဝ်
ဖွင်းချိုး၊

(၂) ရန်မာန်နှိပ်နင်း၊ ဖြိုင်ဘက်ကင်း၊ ထိန်လင်း
ရောင်ခြောက်ရုံ၊

(၃) ဂုဏ်နဝင်းစက်၊ ရဒ္ဓိရှစ်ကွက်၊ ထိပ်ထက်
ဆင်ဖြန့်တုံ၊

(၄) အမြတ်တရား၊ သံဃာအား၊ ဝတ်တွား
လွှန်ကြည်ယုံ၊

(၅) လယ်တီအသျှင်၊ ကျွန့်ထိပ်တင်၊ ဂုဏ်ဆင်
ဘိနေ့ချို၊

WWW.DHAMMARANSI.COM


(၆) တဝါးရွှေစက်၊ ဝေဝိပ်ဖြင့်ရွက်၊ ညွှတ်လျက် ရှိသလို၊

(၇) ခေတ်ကမ္ဘာ့ပြဿနာ၊ နက်ဂျယ်ဆန်း၊ တသန်း နေ့လပုံ၊

(၈) အနှစ်အဆီ၊ စုံပြည့်ညီ၊ ဂန္တီလှိုင်းသို့ချုံ၊

(၉) ကျေးဇူးတော်ရှင်၊ ရေးစီရင်၊ ဆင်ခြင်နည်း မျိုးစုံ၊

(၁၀) ဝိပ္ပါယ်ပေါလွင်၊ ရေးစီရင်၊ ဆင်ခြင်ဉာဏ် လောက်လုံ၊

(၁၁) ယောဂီလက်နက်၊ အတွက်၊ ပြိုဖျက်လေ ကြကုန်၊

———:o:———

အမေးပုစ္ဆာ၏ ပဋိညာဉ်ခံစကား။

ထွတ်မြတ်ထူးကဲလှစွာသော ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံ၍၊ အကျိုးထိုက်တန် လှစွာသော၊ မနုဿတ္တ လူ့အဖြစ်ကိုရရှိကြရာတွင်၊ လွန်စွာနက်နဲ သိမြင်ခဲလှစွာသော ဝိပဿနာ ဉာဏ်အချက်နှင့် ဆက်ဆိုင်သော ကုသိုလ်တရားတို့ကို၊ ပွားများ ကြစေရန်၊ ရည်ရွယ်ချက်နှင့်စပ်သော ခေတ်ကမ္ဘာ့ပြဿနာ အမေး အဖြေသတင်းကို ဆင်ယင်ကျင်းပ ကြရ ပါတော့မည်၊ မေးချက်၊ ဖြေချက်၊ နက်နက်နဲနဲ၊ ခက်ခဲလှစွာသော ထ

WWW.DHAMMARANSI.COM


ရှား သဘောများကို မှတ်သား နာယူတော်မူကြပြီး လျှင်၊ ကိုယ်ဟူ၍ သမုတ်အပ်သော အတ္တဘော အခ တွင်း၌၊ အတ္တဒိဋ္ဌိ ပျောက်ကင်းအောင် ဓာတ်ဥာဏ် အထင်းဘွင့်တော်မူကြပါကုန်လော။

မေး။ ။ဓာတ်–ကမ္မဋ္ဌာန်း–ဟူ၍ ဆိုရာ၌၊ အဘယ်ကြောင့် ဓာတ်-ဟူ၍ခေါ်ကြောင်းကို၊ဝိဂြိုဟ်နှင့် တကွ သဘောအဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ ။အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု၊ • အတ္တနော၊မိမိ၏၊သဘာဝံ၊သဘောရင်းကိုသာ၊ဓာရေတိ၊ ဆောင်တတ်၏၊ ဣတိ၊တသ္မာ၊ ထို့ကြောင့်၊ ဓာတု၊ ဓာတ်မည်၏၊ ။ဤကဲ့သို့ ဝိဂြိုဟ်ပြုဆိုအပ်သော အတိုင်း၊ မိမိသဘောရင်းကိုသာ ဆောင်တတ် သောကြောင့်၊ဓာတ်ဟူ၍ ခေါ်ဆိုရပါသည်၊ ။ထိုဓာတ်တို့သည် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော၊ ဒြဗ် သဏ္ဌာန်သဘော၊သုခသဘော၊ဇီဝသဘော၊ပိယသဘော၊သဿတသဘောမှစ၍၊ သတ္တဝါတို့ စွဲလန်းမှတ်မှားနေသောသဘောများကိုဆောင်လေ့ မရှိပါ။ • ဓာတ်သက်သက်ကိုမြင်နိုင်ပါလျှင်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊သူတပါး၊ယောကျ်ား၊မိန်းမ၊စသော အတ္တအထင် တွေကင်းရှင်း၍၊ အနတ္တဝိပဿနာဥာဏ် အထင်းပေါ်နိုင် ပါသည်။

WWW.DHAMMARANSI.COM


မေး။ ။ဓာတ်တို့၏ ဝိဝိတ္တိနှင့်ဆိုင်သောသဘော တို့သာ ဆောင်နိုင်သည် ဟု ဆိုရာ၊ အသိဉာဏ်ထင် ရှားအောင်၊သာဓကထုတ်ဆောင်၍ဖြေဆိုပါ၊

ဖြေ။ ။ပထဝီ, အာပေါ, တေဇော, ဝါယော, အာ ကာသ, ဝိညာဏ, ဟူ၍၊ ဓာတုဝိဘင်းပါဠိတော်ကြီး၌ ဟောတော်မူအပ်သော ဓာတ်ခြောက်ပါးရှိရာတွင်၊ ပထဝီဓာတ်သည်၊ ခက်မာ,နူးညံ့ခြင်းသဘောကိုသာ ဆောင်ပါသည်၊တေဇောဓာတ်သည်၊ပူမှု,အေးမှု,သ ဘောမျှကိုသာဆောင်ပါသည်၊ ဝါယောဓာတ်သည်၊ ကြွရွ လှုပ်ရှားခြင်း သဘောကိုသာ ဆောင်ပါသည်။ အာကာသ ဓာတ်သည်၊ အပေါက်, အကြား, ဟင်း လင်း သဘောကိုသာ ဆောင်ပါသည်။ဝိညာဏဓာတ် သည်၊အာရုံသိမှုသဘောကိုသာဆောင်ပါသည်။ ဝိဝိ တ္တိနှင့်မဆိုင်သော ပုဂ္ဂိုလ်သတ္တဝါသဘောများကို မ ဆောင်ပါ။ဤသည်ကား၊ ဓာတ်တို့၏ ဝိဝိဆိုင်ရာ သ ဘောကိုသာဆောင်ရွက်ကြပုံများဖြစ်ပါသည်၊

မေး။ ။အဘယ့်ကြောင့်ကမ္မဋ္ဌာန်း-ဟူ၍ခေါ်ဆို ရပါသနည်း။ ဝိဂြိုဟ်နှင့်တကွ သဘောအဓိပ္ပါယ်ကို ဆော်ပြပါ။

ဖြေ။ ။ကမ္မဿဌာနံ၊ကမ္မဋ္ဌာနံ၊ ။ကမ္မဿ၊သမ ထ,ဝိပဿနာဟုဆိုအပ်သော ယောဂီလုပ်ငန်း၏၊ဌာ

WWW.DHAMMARANSI.COM

နံ၊ တည်ရာတည်း၊ ဋ္ဌာတိ တသ္မာ၊ ထို့ကြောင့်၊ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းမည်၏။ ယောဂီလုပ်ငန်း၏ တည်ရာအလုပ်ခွင်ကို ကမ္မဋ္ဌာန်းဟူ၍ ဆိုပါသည်။ ။ဝိပဿနာနှင့် ဆိုင်သော ခေတ်လုပ်ငန်း အလုပ်ခွင်ကို၊ ခေတ်ကမ္မဋ္ဌာန်းဟူ၍ ဆိုပါသည်။

မေး။ ။ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးသည်၊ ဘယ်အကျိုးကို ရည်ရူး၍ ခေတ်ကမ္မဋ္ဌာန်းကျမ်းကိုရေးသားစီရင်တော်မူပါသနည်း။

ဖြေ။ ။ကိုယ်ဟူ၍ သမုတ်ထားအပ်သော ခန္ဓာအထည် ခြပ်ကြီးအတွင်း၌၊ အစဉ်မပြတ် ဖြစ်ပျက်ထည်နှံ၍နေကြကုန်သော၊ ရုပ်ခေတ်, နာမ်ခေတ်တို့ကို၊ ခွဲစိပ်ဝေဘန်ကာ သိကြစေခြင်း အကျိုးငှာရင်း။ ခေတ်တို့ကို ရှုဆင်ခြင်သောအားဖြင့် ဝိပဿနာဉာဏ်ထက်သန် ထိန်လင်း၍၊ အနှစ္စအချက်ကြီး ပေါ်စေခြင်းငှာရင်း၊ ဤအကျိုးများကို ရည်ရူး၍၊ ခေတ်ကမ္မဋ္ဌာန်းကျမ်းကိုရေးသားစီရင်တော်မူပါသည်။ ။

## အမေးနှင့်-အဖြေများ။

မေး။ ။ခေတ်ကမ္မဋ္ဌာန်းကျမ်းအဆိုအားဖြင့်၊ လူသတ္တဝါတို့၏ကိုယ်အတွင်း၌၊ ကာယပေါင်း မည်မျှရှိပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ ဝိညာဏကာယ၊ အားဖြင့် ငါးပါးရှိပါသည်၊ ထိုကာယတို့ကိုပင်၊ ကိုယ်ဟူ၍ ခေါ်ဆိုရပါသည်။

မေး။ ။ထိုကာယငါးမျိုး၊ ကိုယ်ငါးမျိုးတို့၏သဘောအဓိပ္ပါယ်ကို၊ သိလွယ်ရုံအောင်ဖြေပါ။

ဖြေ။ ။ပထဝီ-မြေဓာတ်၊ အာပေါ-ရေဓာတ်၊ တေဇော-မီးဓာတ်၊ ဝါယော-လေဓာတ်၊ ဝိညာဏ-အသိဓာတ်၊ ဤသည်ကား၊ အချုပ်အားဖြင့်၊ ကာယငါးပါးတို့၏ သဘောအဓိပ္ပါယ်ကို၊ ဖြေဆိုချက် ဖြစ်ပါသည်။ ။ထိုထက်သိလွယ်အောင်၊ ခပ်ကျယ်ကျယ် ဖြေဆိုရပါလျှင်၊ ခက်မာ, နူးညံ့မှုသဘောကို, ပထဝီဆိုပါသည်၊ ဖွဲ့စေး, ယိုစီးမှုသဘောကို၊ အာပေါဆိုပါသည်၊ ပူမှု, အေးမှုသဘောကို၊ တေဇောဆိုပါသည်။ ထောက်ခံ, လှုပ်ရှား, ပွရွမှုသဘောများကို၊ ဝါယောဆိုပါသည်၊ ။အာရုံခြောက်ရ သိမှုသဘောကို၊ ဝိညာဏ်ဆိုပါသည်။ ။ဤသည်ကား၊ ခပ်ကျယ်ကျယ်ဖြေဆိုချက်ဖြစ်ပါသည်။

မေး။ ။ထိုကာယငါးပါးတို့၌၊ ရုပ်ကာယဘယ်မျှ၊ နာမ်ကာယဘယ်မျှပါ။ သရုပ်နှင့်တကွ ဝေဘန်၍ဖြေဆိုပါ။

WWW.DHAMMARANSI.COM


ဖြေ။ ။ပထဝီ-မြေဓာတ်၊ အာပေါ-ရေဓာတ်၊ တေဇော-မီးဓာတ်၊ ဝါယော-လေဓာတ်၊ ဤသို့အားဖြင့် ရုပ်ကာယကြီး လေးပါးရှိပါသည်။ ။အသိဓာတ်ဟုဆိုအပ်သော ဝိညာဏ်မှာ၊ နာမ်ကာယဖြစ်ပါသည်။

မေး။ ။ရုပ်ကာယဟု ဆိုအပ်သော ရုပ်ဓာတ်ကြီးလေးပါးတို့၏ မိတ်ဘက်,ရန်ဘက်များကိုသိမြင်သာမျှဖြေဆိုပါ။

ဖြေ။ ။မြေဓာတ်နှင့်ရေဓာတ်သည်၊အချင်းချင်းမိတ်ဓာတ်ဖြစ်ပါသည်၊ မီးဓာတ်နှင့်လေဓာတ်သည်လည်း၊ အချင်းချင်း မိတ်ဓာတ်ဖြစ်ပါသည်။ ။မြေဓာတ်နှင့်လေဓာတ်သည်၊ အချင်းချင်းဆန့်ကျင်ဘက်ရန်ဓာတ်ဖြစ်ပါသည်၊ ရေဓာတ်နှင့်မီးဓာတ်သည်၊ အချင်းချင်းဆန့်ကျင်ဘက်ရန်ဓာတ်ဖြစ်ပါသည်။

မေး။ ။ကမ္ဘာလောကကြီး၌ ရှိနေကြသော၊ဝတ္ထုအထည်ဒြပ်အမျိုးမျိုးတို့၌၊ ဓာတ်ကြီးလေးပါးတို့၏လွန်ကဲပုံ၊ တိမ်မြုပ်,ငုပ်လျှိုးပုံ၊ နှံ့ပုံ၊ မျှတပုံ သဘောအားဖြင့်၊အထူးထူးအထွေထွေဖြစ်၍နေပုံ၊ထိုကဲ့သို့သောသဘောများကို၊မှတ်သားမိသောအတိုင်း ဖော်ပြပါ။

WWW.DHAMMARANSI.COM


ဖြေ။ ။ပထဝီဓာတ်လွန်လျှင်၊ လေဓာတ်ရုပ်ပါသည်၊ မီးဓာတ်နှို့ပါသည်၊ ရေဓာတ်မျှတပါသည်။ ။ လွန်ကဲသောဓာတ်ကို အဓိကဓာတ်ခေါ်ပါသည်၊ ရုပ်သောဓာတ်ကို နိရဂ္ဂဓာတ်ခေါ်ပါသည်၊ နှို့သောဓာတ်ကို၊ မန္ဒဓာတ်ခေါ်ပါသည်၊ မျှတသောဓာတ်ကို သမဓာတ်ခေါ်ပါသည်။

(က) မြေလွန်-လေရုပ်၊ မီးနှို့-လေမျှ၊

ရေဓာတ်လွန်လျှင်၊ မီးဓာတ်ရုပ်ပါသည်၊ လေဓာတ်နှို့ပါသည်၊ မြေဓာတ်မျှတပါသည်၊

(ခ) ရေလွန်-မီးရုပ်၊ လေနှို့-မြေမျှ၊

မီးဓာတ်လွန်လျှင်၊ ရေဓာတ်ရုပ်ပါသည်၊ မြေဓာတ်နှို့ပါသည်၊ ရေဓာတ်မျှတပါသည်၊

(ဂ) မီးလွန်-ရေရုပ်၊ မြေနှို့-လေမျှ၊

လေဓာတ်လွန်လျှင်၊ မြေဓာတ်ရုပ်ပါသည်၊ ရေဓာတ်နှို့ပါသည်၊ မီးဓာတ်မျှတပါသည်၊

(ဃ) လေလွန်-မြေရုပ်၊ ရေနှို့-မီးမျှ၊

မေး။ ။ထိုရုပ်ကာယ၌ဟုဆိုအပ်သော ဓာတ်ကြီးလေးပါးတို့သည်၊ အသီးအခြားခွဲခြား၍ ဖြစ်နေကြပါသလား၊ သို့မဟုတ် အတူတကွ မကွဲမကွာဖြစ်နေကြပါသလား။

WWW.DHAMMARANSI.COM


ဖြေ။ ။အသီးအခြားခွဲ၍ဖြစ်ထေ မရှိကြပါ၊ မကွဲမပြား အတူတကွဖြစ်ထေ ရှိကြပါသည်။

မေး။ ။အတူတကွ တပေါင်းတည်းတွဲ၍ ဖြစ်ထေ ရှိကြရာ၊ အချင်းချင်းကျေးဇူးပြုပုံ သဘောများကို သိသင့်သမျှသိကြစေရန်ဖော်ပြပါ။

ဖြေ။ ။ထိုဓာတ်ကြီးလေးပါးတို့သည်၊ အချင်းချင်းအတူတကွဖြစ်သော သဟဇာတသဘော၊ အချင်းချင်း မကင်းနိုင်သော အညမညသဘော၊ အချင်းချင်းမှီရာ, တည်ရာဖြစ်သော နိဿယသဘော၊ ဥပနိဿယသဘော၊ အချင်းချင်း ထင်ရှား တည်ရှိခိုက် ဖြစ်သော အတ္ထိသဘော၊ မကွေမကွင်း နိုင်သော အဝိဂတသဘောတို့ဖြင့်၊ အချင်းချင်း ကျေးဇူးပြုကြပါသည်။

မေး။ ။မကွေမကွာဖြစ်ပွား၍၊ အချင်းချင်းကျေးဇူးပြုပုံသဘောများကို ဖြေကြားသဖြင့်၊ ခြားနားစွာ သိရပါပြီ၊ ထိုမှတပါး၊ ထိုဓာတ်ကြီးလေးပါးတို့နှင့်၊ မကွေမကွဲ-အမြဲဖြစ်ဘော် ဖြစ်ဘက်ဖြစ်သောရုပ်တရားများ ရှိပါသေးလျှင်၊ ၎င်းရုပ်နှင့်တကွ ထုတ်ဖော်ဖြေကြားပါ။

ဖြေ။ ။ဓာတ်ကြီး လေးပါး ဖြစ်ပေါ်သောအခါ၊ မကွေမကွဲအမြဲအတူ ဖြစ်ထေ ရှိသော၊ ရုပ်တရား

WWW.DHAMMADOWNLOAD.COM

လေးပါးရှိပါသေးသည်၊ ထိုရုပ်တရားတို့ကား၊ (၁) ဝဏ္ဏ၊ အဆင်းဓာတ်၊ (၂) ဂန္ဓ၊ အနံ့ ဓာတ်၊ (၃) ရသ၊ အရသာဓာတ်၊ (၄) ဩဇာ၊ အာဟာရကိစ္စကိုဆောင်ရွက်နိုင်သော အဆီဩဇာဓာတ်၊ ဤရုပ်လေးပါးတို့ဖြစ်ကြပါသည်၊ဓာတ်ကြီးလေးပါးတို့ကိုမှီတွယ်၍ ဖြစ်လာကြသောကြောင့်၊ ထိုရုပ်လေးပါးကို၊ ဥပါဒါရုပ်ဟူ၍ ခေါ်ရပါသည်၊

မေး။ ။ထိုဓာတ်ကြီးလေးပါးနှင့်၊ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,ဟုဆိုအပ်သော၊ ရုပ်ရှစ်ပါးကို၊ အဘယ်ကဲ့သို့ ခေါ်ဆိုပါသနည်း။

ဖြေ။ ။ထိုရုပ်ဓာတ်ရှစ်ပါးကို၊အဋ္ဌကလာပ်ဟူ၍လည်း ခေါ်ရပါသည်၊အဝိနိဗ္ဘောဂ ရုပ်ဟူ၍လည်း၊ ခေါ်ရပါသည်၊ ၊ရုပ်ရှစ်ပါး အစုအပေါင်း ဖြစ်၍။ အဋ္ဌကလာပ်ခေါ်ပါသည်၊ မကွေမကွဲ၊ အတူတွဲ၍၊ ခွဲ၍မဖြစ်အောင်၊ တခဲနက်ဖြစ်လေ့ရှိသောကြောင့်။ အဝိနိဗ္ဘောဂရုပ်ခေါ်ပါသည်၊

မေး။ ။ဓာတ်ကြီးလေးပါးတို့က၊ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာဟုဆိုအပ်သော ဥပါဒါရုပ် လေးပါးတို့အား။ ဘယ်သို့ကျေးဇူးပြုနိုင်ပါသနည်း၊

ဖြေ။ ။ထိုဓာတ်ကြီးလေးပါးတို့က၊ အတူတကွဖြစ်ခြင်းတည်းဟူသော သဟဇာတသတ္တိ၊ မှီရာ

WWW.DHAMMARANSI.COM

ဟူသော နိဿယသဘော, ဥပနိဿယ သဘော, ထင်ရှားစွာ တည်ရှိဒိုက် ဖြစ်သော အတ္ထိသဘော၊ မကွေမကွင်း နိုင်သော အဝိဂတ သဘော တို့ဖြင့် ကျေးဇူးပြုကြပါသည်။

မေး။ ။ထိုဓါတ်ကြီး လေးပါးတို့နှင့်၊ ဥပါဒါရုပ် လေးပါးတို့သည်၊အသီးအခြားစီ အချင်းချင်း အကျိုး အကြောင်းအဖြစ်ဖြင့်၊ ဆက်သွယ်ခြင်းရှိပါသလား။ ရှိခဲ့ပါလျှင်၊ ဖြစ်သင့်သည်အား လျော်စွာ ဝေဘန်၍ ပြပါ။

ဖြေ။ ။အချင်းချင်း သူ့အကြောင်းနှင့် သူ့အကျိုး အသီးအခြားစီ ဆက်သွယ်သော သဘောမျိုးရှိပါသည်။ ။အဆင်းဓါတ်ဖြစ်သော ဝဏ္ဏသည်၊ တေဇောဓါတ်ကိုအမှီပြု၍ဖြစ်ပါသည်၊ တေဇောရှိခြင်း ကြောင့် ဝဏ္ဏဓါတ် ဖြစ်ပေါ်ရပါသည်။ ။အနံ့ ဓါတ်ဖြစ်သောဂန္ဓသည်၊ ဝါယောဓါတ်ကိုအမှီပြု၍ ဖြစ်ပါသည်၊ ဝါယော ရှိခြင်းကြောင့် ဂန္ဓဓါတ်ဖြစ် ပေါ်ရ ပါသည်။ ။အရသာဓါတ်သည်၊ အာပေါ ဓါတ်ကိုအမှီပြု၍ဖြစ်ပါသည်၊အာပေါရှိခြင်းကြောင့် အရသာဓါတ် ဖြစ်ပေါ်ရပါသည်။ ။ဓါတ်ဆီဟု ဆိုအပ်သော ဩဇာဓါတ်သည်၊ပထဝီဓါတ်ကို အမှီပြု၍ဖြစ်ပါသည်၊ ပထဝီရှိခြင်းကြောင့်ဓါတ်ဆီဩ

WWW.DHAMMARANSI.COM

စာဖြစ်ပေါ်ရပါသည်။ ။ဤကဲ့သို့စိတ်အချင်းချင်းတို့၏ဆက်သွယ်ပုံသဘောများကို၊ အဆင်ခြင်သဘောအားဖြင့်ထိုးထွင်း၍ သိမြင်နိုင်ပါလျှင်၊ စိတ်ဉာဏ်ပညာတိုးပွား၍၊အနုတ္တဝိဇ္ဇာဉာဏ်များလည်း ပေါက်ရောက်နိုင်ပါသည်။

မေး။ ။အဗ္ဗကလာင်ရှ်သဘောများကို၊ အချင်းချင်းဆက်သွယ်ပုံနှင့်တကွ၊ စုံလင်စွာ ပြောကြားသဖြင့်၊အာရုဝမ်းမြောက်စွာသိရပါပြီ၊ စိတ်ကြီးလေးပါးတို့၌၊ ဂရုကသဘော၊လဟုကသဘော၊ များကိုဝေဘန်၍ပြပါ။

ဖြေ။ ။ပထဝီနှင့်၊ အာပေါကို၊ လေးလန်သောစိတ်များဖြစ်၍၊ ဂရုကစိတ်ခေါ်ပါသည်၊တေဇောနှင့် ဝါယောကို၊ ပေါ့ပါးလျင်မြန်သော သဘောများဖြစ်၍ လဟုက စိတ် ခေါ်ပါသည်။ ။စိတ်မိုက်၊ စိတ်မှု သဘောအားဖြင့်ဆိုရပါလျှင်၊ပထဝီနှင့် အာပေါကို၊စိတ်မဟု၍ခေါ်ဆိုထိုက်ပါသည်၊ တေဇောနှင့်ဝါယောကို စိတ်မိုလ်ဟု၍ခေါ်ဆိုထိုက်ပါသည်။

မေး။ ။တန်းခိုးရှိန်စော်ရှိသောစိတ်၊ တန်းခိုးရှိန်စော်မဲ့သောစိတ်များကိုလည်း၊ သဘောသတ္တိအားပြေချောင်စွာဝေဘန်၍ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။တေဇောနှင့်ဝါယောကိုတန်ခိုးရှိနေစေ၊ အာနုဘော်ရှိခြင်းကြောင့်၊ ဣန္ဒြိယဗဒ္ဓဓာတ်ခေါ်ပါသည်၊ ပထဝီနှင့် အာပေါကို၊ တန်ခိုးရှိနေစေ အာနုဘော်မဲ့သောကြောင့်၊ အနိန္ဒြိယဗဒ္ဓဓာတ် ခေါ်ပါသည်။ ။ထိုအမေးနှင့်ဆက်လက်၍ ဖြေကြားရန်ရှိသည်မှာ၊ တေဇောနှင့်ဝါယောကို၊ အားထုတ်လေ့ရှိသောကြောင့်၊ ဥဿာဟဓာတ်ခေါ်ထိုက်ပါသည်၊ ပထဝီနှင့်အာပေါကို၊ အားထုတ်လေ့မရှိသောကြောင့်၊ အနုဿာဟဓာတ်ခေါ်ထိုက်ပါသည်။ ။ထိုပြင်လည်း တေဇောနှင့်ဝါယောကို၊ ဓာတ်ရှင်ဟုခေါ်ထိုက်ပါသည်၊ ပထဝီနှင့်အာပေါကို ဓာတ်သေဟူ၍ခေါ်ထိုက်ပါသည်။ ။ထိုပြင်လည်း၊ တေဇောနှင့်ဝါယောကို ကမ္ဘာတည်ထောင်မှုမှစ၍၊ ပြုပြင်စီရင် ဘန်ဆင်း တတ်သောကြောင့်၊ နိမ္မိတဓာတ်ခေါ်ထိုက်ပါသည်၊ ပထဝီနှင့် အာပေါကို၊ ထိုကဲ့သို့ ပြုပြင်စီရင်ဘန်ဆင်းခြင်းငှာ မစွမ်းနိုင်သောကြောင့်၊ အနိမ္မိတဓာတ်ခေါ်ထိုက်ပါသည်။ ။ထိုပြင်လည်း၊ တေဇောနှင့် ဝါယောကို ပြုလုပ်တတ်သောကြောင့် ကာရကဓာတ် ခေါ်ထိုက်ပါသည်၊ ပထဝီနှင့်အာပေါကို၊ ပြုပြင်ခြင်းခံရ၍ ပြုပြင်အပ်သောကြောင့်ကမ္မဓာတ်ခေါ်ထိုက်ပါသည်။ ။နာနာဓာတု၊ အနေကဓာတု၊ ဟူ၍မြတ်စွာဘုရား ဟောကြားတော်

WWW.MDHAMMARANSI.COM

မှုအစဉ်သော အတိုင်း၊ ခေတ်တို့၏သဘောမှာ လွန်စွာ များပြား၍ဆန်းကြယ်လှသောကြောင့်၊ဆိုင်ရာဆိုင်ရာ သဘောအမှုအရာ အထူးထူးတို့ကို ရှုဆင်ခြင်ပြီးလျှင်၊ သင်္ချိုအားလျော်စွာ အမည်အမျိုးမျိုး ပေးထိုက်ပါ သည်။

မေး။ ။သဝ ရ- သာရ- သာရ -ခေတ်ဦးဇော်ပွင့် လင်းအောင်၊ အမျိုးမျိုးဝေဘန်ကာ ဖြေကြားပေးသ ဖြင့်၊ဝမ်းမြောက်စွာသိရပေပြီ၊ ထိုပြင်တပါး၊ ရှေးဆ ရာကြီးများက ခြေတလှမ်း, တလှမ်း, မှာ ခေတ်လေး ပါးသဘောသင်္ချို ရှိပုံများကို မိန့်ကြားတော်မူကြပါ သည်၊ ထိုသဘောသင်္ချိုများကို၊ သိလောက်ရုံမျှ ဖြေ ကြားပါ။

ဖြေ။ ။ခြေတလှမ်း, တလှမ်း, မှာ၊ အခိုက် အ တန့်လေးမျိုးရှိပါသည်။ ခြေကြွသောအခိုက်၊ ရှေ့ သို့လှမ်းသောအခိုက်၊အောက်သို့ချသောအခိုက်၊မြေ၌ ထောက်တည်သောအခိုက်၊ ဤကဲ့သို့ အခိုက်အတန့် လေးပါး ရှိပါသည်။ ။ကြွဆဲအခိုက်ကို တေဇော သင်္ချိုဆိုပါသည်၊ရှေ့သို့လှမ်းဆဲအခိုက်ကို၊ ဝါယော သင်္ချိုဆိုပါသည်၊မြေသို့မရောက်ခင် အောက်သို့ချဆဲ အခိုက်ကို၊အာပေါသင်္ချို ဆိုပါသည်။ မြေ၌ ထောက် တည် နေဆဲ အခိုက်ကို၊ ပထဝီသင်္ချို ဆိုပါသည်။

WWW.DHAMMARANSI.COM



ဈ်ကဲ့သို့ခြေတဖှမ်း,တဖှမ်း,၌၊ ခေတ်သဘောသတ္တိ လေးပါးတို့ ခြားနားအောင် ဝေဘန်တော် မူကြပါ သည်။

မေး။ ။ဣရိယာပုတ် လေးပါးတို့နှင့်၊ ခေတ်ကြီး လေးပါးသတ္တိကိုနှိုင်းယှဉ်၍ပြပါ။

ဖြေ။ ။သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်း ခြင်း,ဟူ၍ ဣရိယာပုတ် လေးပါးရှိခဲ့ရာ၊ ရပ်ခြင်းနှင့် သွားခြင်းကို၊တေဇောနှင့် ဝါယောသတ္တိဆိုပါသည်။ ထိုင်ခြင်းနှင့်လျောင်းခြင်းကိုပထဝီနှင့်အာပေါသတ္တိဆို ပါသည်၊ထိုထက်စိပ်၍ ဝေဘန်ရပါလျှင်၊ရပ်ခြင်းကို တေဇောသတ္တိ၊ သွားခြင်းကိုဝါယောသတ္တိ၊ထိုင်ခြင်း ကိုပထဝီသတ္တိ၊လျောင်းခြင်းကိုအာပေါသတ္တိဟူ၍ဆို ထိုက်ပါသည်။ ။စင်စစ်အားဖြင့်၊ ကိစ္စ အမျိုးမျိုး တို့၌ခေတ်လေးပါးတို့နှင့် မကင်းနိုင်ပါ၊ သို့ရာတွင်၊ လွန်ကဲသောသတ္တိကိုပဓာနထား၍၊ ဖြေကြားရခြင်း ဖြစ်ပါသည်။

မေး။ ။ခေတ်ကြီးလေးပါးကို မြေကြီးလေးမျိုးနှင့် တူသည်ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုလျက်ရှိရာ၊ မြေ ကြီးလေးမျိုးတို့၏ သရုပ်ကိုရှေးဦးစွာ ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ကဏှမရခမြေ၊ ပူတိမရခမြေ၊ အဂ္ဂိမရခမြေ၊

WWW.DHAMMARANSI.COM

သဏ္ဍမုခမြွေ၊ ဤသည်ကား မြွေကြီးလေးမျိုးတို့၏ သရုပ်ဖြစ်ပါသည်။

မေး။ ။ထိုမြွေကြီး လေးမျိုး၏ သဘော သတ္တိများကို ဖော်ပြပါ။

ဖြေ။ ။ကဋ္ဌမုခမြွေ၏ အဆိပ်သည်၊ ထင်းချောင်းကဲ့သို့ တောင့်တင်းခြင်းကိုဖြစ်စေတတ်ပါသည်၊ ပူတိမုခမြွေ၏အဆိပ်သည်ဖူးဖူးယောင်၍ပုပ်ဆွေးခြင်းကို ဖြစ်စေတတ်ပါသည်၊ အဂ္ဂိမုခမြွေ၏အဆိပ်သည်၊ မီးတောက်မီးလျှံကဲ့သို့ ပူလောင်ခြင်းကို ဖြစ်စေတတ်ပါသည်၊ သဏ္ဍမုခမြွေ၏ အဆိပ်သည်၊ ထားလက်နက်နှင့်ပိုင်းဖြတ်ဘိသကဲ့သို့၊ အပိုင်းအပိုင်းဖြတ်ခြင်းကိုဖြစ်စေတတ်ပါသည်၊ ဤကဲ့သို့အသီးအသီး ပြင်းထန်သောသတ္တိတန်ခိုးနှင့်ပြည့်စုံကြပါသည်၊

မေး။ ။ဓာတ်ကြီး လေးပါးတို့နှင့်၊ မြွေကြီးလေးမျိုးတို့၏တူပုံကိုနှိုင်းယှဉ်၍ပြပါ၊

ဖြေ။ ။ပထဝီဓာတ်သည်၊ ကဋ္ဌမုခမြွေနှင့် တူပါသည်၊ အာပေါဓာတ်သည်ပူတိမုခမြွေနှင့်တူပါသည်၊ တေဇောဓာတ်သည် အဂ္ဂိမုခမြွေနှင့်တူပါသည်၊ ဝါယောဓာတ်သည် သဏ္ဍမုခမြွေနှင့် တူပါသည်၊ ။ပထဝီဓာတ်အလွန်အကဲဖောက်ပြန်သောအခါ၊ ကဋ္ဌမုခမြွေ အကိုက်ခံရသကဲ့သို့၊ ခက်မာ တောင့်တင်း

WWW.DHAMMARANSI.COM


ထျက်၊ ပျက်စီးခြင်းသို့ ရောက်တတ် ပါသည်၊ ၂။
အာပေါဓာတ် အလွန်အကဲ ဘောက်ပြန်သောအခါ၊
မှတ်ရခမြွေအကိုက်ခံရသကဲ့သို့၊ ပွယောင် ပုပ်ဆွေး
ထူကျ်၊ ပျက်စီးခြင်းသို့ ရောက်တတ်ပါသည်၊ ၃။
တေဇောဓာတ်အလွန်အကဲ ဘောက်ပြန်သောအခါ၊
အဂ္ဂိမုခမြွေအကိုက်ခံရသကဲ့သို့၊ မီးတောက်မီးလျှံ၊
လွှန့်မှုပန့်လျက်၊ ပျက်စီးခြင်းသို့ ရောက်တတ် ပါ
သည်၊ ၄။ ဝါယောဓာတ် အလွန်အကဲ ဘောက်ပြန်
သောအခါ၊ သတ္ထမုခမြွေ အကိုက်ခံရသကဲ့သို့၊ သွေး
ကြောသေကြောမှစ၍၊ အပိုင်းအပိုင်းပြတ်လျက်၊ ပျက်
စီးခြင်းသို့ ရောက်တတ်ပါသည်၊ ၅။ ဤသည်ကား
ဓာတ်ကြီးလေးပါးတို့နှင့်၊ မြွေကြီးလေးမျိုးတို့ကို နှိုင်း
ယှဉ်၍ဖြေဆိုချက်ဖြစ်ပါသည်၊

မေး။ ။ထိုပြင်တပါး၊ မဟာဘုတ်ရုပ်ကြီး လေး
ပါးကို၊ အဘယ်သို့သောဥပမာဖြင့်၊ နှိုင်းခိုင်း၍ ဖြဆို
ပါသေးသနည်း၊

ဖြေ။ ။မဟာဘုတ်ရုပ် ဓာတ်ကြီးလေးပါးတို့ကို၊
အလွန်ဖျည်းပတ် ဖြားယောင်းတတ်သော ဘီလူးမ
ကြီးနှင့်တူသည်ဟူ၍၊ ကျမ်းဂန်တို့၌၊ နှိုင်းခိုင်း၍ ဖြဆို
ပါသေးသည်၊

WWW.DHAMMARANSI.COM

မေး။ ။မဟာဘုတ် ရုပ်ဓာတ်ကြီး လေးပါးတို့၏ ဘီလူးမကြီးနှင့်တူပုံကိုဖြေဆိုပါ။

ဖြေ။ ။အလွန်ဖွည့်ပတ် ဖြားယောင်းတတ်သော ဘီလူးမများသည်၊တောမဟုတ်သည်ကို တောထင် အောင်၊တောင်မဟုတ်သည်ကို တောင်ထင်အောင်၊ မြစ်မဟုတ်သည်ကို မြစ်ထင်အောင်၊ မတင့်တယ် သည်ကို အတင့်အတယ် ထင်အောင်၊ အမျိုးမျိုး ဖန်ဆင်းကာ ဖွည့်ဖျား သွေးဆောင်ဘိ သကဲ့သို့၊ ထို့နည်းတူစွာ၊ မဟာဘုတ် ဓာတ်ကြီး လေးပါးတို့ သည်၊ဒြပ်သဏ္ဌာန် မဟုတ်ပါဘဲလျက်၊ဒြပ်သဏ္ဌာန် ထင်အောင်၊ သတ္တဝါမဟုတ်ပါဘဲလျက်၊ သတ္တဝါ ထင်အောင်၊ ယောကျ်ား မဟုတ် ပါဘဲ လျက်၊ ယောကျ်ား ထင်အောင်၊ မိန်းမ မဟုတ်ပါဘဲလျက် မိန်းမ ထင်အောင်၊ အတင့်အတယ် မဟုတ် ပါဘဲ လျက်၊ တင့်တယ်သောသူဟုထင်အောင်၊ သားယား ဘွယ် မဟုတ်ပါဘဲလျက်၊ သားယားဘွယ် ထင် အောင်၊ ကြောက်လန့်ဘွယ် မဟုတ် ပါဘဲလျက် ကြောက်လန့်ဘွယ် ထင်အောင်၊ ဤကဲ့သို့ စသော အားဖြင့်အထင်အမြင်လွဲအောင်၊အမျိုးမျိုးဖန်ဆင်း၍ဖွည့်ပတ်တတ်ကြပါသည်၊သို့ဖြစ်၍မဟာဘုတ်ရုပ်

WWW.DHAMMARANSI.COM


ဓာတ်ကြီးလေးပါးတို့ကို၊ ဘီလူးမကြီးနှင့် တူသည် ဟူ၍ကျမ်းဂန်တို့၌ဥပမာဆိုတော်မူကြပါသည်၊

မေး၊ ။ထိုဓာတ်ကြီး လေးပါး တို့သည်၊ အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံမျိုး၌ ပါဝင်ကြပါသနည်း၊

ဖြေ၊ ။ပထဝီ၊ တေဇော၊ ဝါယော၊ ဤဓာတ်ကြီး သုံးပါးတို့သည်၊ ဖောဋ္ဌဗ္ဗာရုံ၌ပါဝင်ကြပါသည်၊ အာပေါဓာတ်သည်ကား ဓမ္မာရုံ၌ ပါဝင်ပါသည်၊

မေး၊ ။ဖောဋ္ဌဗ္ဗာရုံကိုအဘယ်ဒွါရဖြင့် သိအပ်ပါသနည်း၊ ဓမ္မာရုံကို အဘယ် ဒွါရဖြင့် သိအပ်ပါသနည်း၊

ဖြေ၊ ။ဖောဋ္ဌဗ္ဗာရုံကို၊ကာယပသာဒ-ဟုဆိုအပ်သော ကာယဒွါရဖြင့်သိအပ်ပါသည်၊ ဓမ္မာရုံကို မနောဒွါရဖြင့်သိအပ်ပါသည်၊

မေး၊ ။ပထဝီဖောဋ္ဌဗ္ဗ၊ တေဇောဖောဋ္ဌဗ္ဗ၊ ဝါယောဖောဋ္ဌဗ္ဗ၊ ဤဖောဋ္ဌဗ္ဗာရုံသုံးပါးတို့ကို၊ အဘယ်သို့အာရုံပြုကာသိရှိနိုင်သည် ဟူ၍၊သာဓကနှင့်တကွဖော်ပြပါ၊

ဖြေ၊ ။ကာယ ပသာဒဖြင့် ဝမ်းသတ် ဆင်ခြင်သောအခါ၊ခက်မာသည်၊နူးညံ့သည်၊ ဤကဲ့သို့ သိပါသျှင်၊ပထဝီဖောဋ္ဌဗ္ဗကို သိသည်ဟူ၍ မှတ်ယူရပါ၊

WWW.DHAMMADANA.COM

သည်။ ။ကာယ ပသာဒဖြင့် စမ်းသတ် ဆင်ခြင် သောအခါ၊ပူသည့်၊အေးသည်၊ ဤကဲ့သို့ သိပါလျှင်၊ တေဇောဓာဖောဋ္ဌဗ္ဗကို သိသည်ဟူ၍မှတ်ယူရပါသည်၊ ကာယပသာဒဖြင့် စမ်းသတ် ဆင်ခြင်၍၊ လှုပ်ရှားသည်၊ပွရွပြောင်းအိသည်၊ တောက်ခံတောင့်တင်းသည်၊ဤကဲ့သို့သိပါလျှင်၊ဝါယောဖောဋ္ဌဗ္ဗကိုသိသည်ဟူ၍ မှတ်ယူရပါသည်။ ။သာဓက တင်ပြရန်မှာ၊ ရေထဲမှဆယ်ယူကာကျောက်ခဲတလုံးကို၊လက်ပေါ်သို့တင်၍စမ်းသတ်ရာ၊မာမှုကိုသိလျှင်၊ ပထဝီ ဖောဋ္ဌဗ္ဗ အသိဆိုရပါသည်၊ အေးမှုကိုသိလျှင် တေဇောဖောဋ္ဌဗ္ဗအသိဆိုရပါသည်၊ လက်ပေါ်၌လှုပ်၍စမ်းသတ်ကြည့်လိုက်ရာ၊လှုပ်ရှား၍နေမှုကိုသိလျှင်၊ ဝါယော ဖောဋ္ဌဗ္ဗအသိဆိုရပါသည်၊

မေး။ ။ဖောဋ္ဌဗ္ဗာရုံကိုသိရာ၌၊ ကာယပသာဒက သိပါသလော၊ကာယဝိညာဏ်က သိပါသလော၊

ဖြေ။ ။ကာယပသာဒမှာ-ရုပ်တရားဖြစ်၍ အာရုံသဘောကိုမသိနိုင်ပါ၊ ကာယပသာဒကိုမှီ၍ ဖြစ်သောကာယဝိညာဉ်စိတ်ကသာဖောဋ္ဌဗ္ဗာရုံ သဘောကိုသိနိုင်ပါသည်၊

မေး။ ။အာပေါဓာတ်ကို အဘယ်သို့ သိနိုင်ပါသနည်း။

WWW.DHAMMARANSI.COM


ဖြေ။ ။အာပေါဓာတ်ကို၊ ရုပ်ဖြင့်စင်းသတ်၍ မသိနိုင်ပါ။ကလာပ်တခု ဖွဲ့စည်းတည်ထောင်၍နေပုံ၊ ကလာပ်အများပေါင်း၍ဖွဲ့တည်နေပုံ၊သမုဟာသဘောအားဖြင့်၊ ရုပ်ဝတ္ထုအဆိုင်အခဲဖြစ်နေပုံ၊ အရေတွေတွေ့စီးနေပုံ၊ ဤကဲ့သို့ သဘောသဘောမျိုး တွေကို၊ ဓာတ်ဉာဏ်ဖြင့် ဆင်ခြင်သောအခါ၊ မနောဝိညာဉ်ဖြင့်၊အာပေါဓာတ် ရှိနေပုံသဘောကို ထင်ရှားစွာသိမြင်နိုင်ပါသည်။

မေး။ ။ပထဝီ,တေဇော,ဝါယော,ဟူ၍ ဆိုအပ်သော ဖောဋ္ဌဗ္ဗသုံးမျိုးသည်၊ သုံးဆဲ့တဘုံ အလုံးစုံတို့၌ရှိနိုင်ပါသလော။

ဖြေ။ ။ကာမတဆဲ့တဘုံ တို့၌သာ၊ထိုဖောဋ္ဌဗ္ဗာရုံသုံးမျိုး ရှိနိုင်ပါသည်၊ဗြဟ္မာဘုံတို့၌ မရှိနိုင်ပါ။

မေး။ ။အဋ္ဌကလာပ်ရုပ်ရှစ်ပါးတို့၌၊အာရုံဘယ်နှစ်မျိုးရနိုင်ပါသနည်း။

ဖြေ။ ။ရူပါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ,အားဖြင့်၊အာရုံငါးပါးရနိုင်ပါသည်၊ သဒ္ဒါရုံကိုမရနိုင်ပါ။

မေး။ ။အဋ္ဌကလာပ်၌၊အဘယ့်ကြောင့် သဒ္ဒါရုံကိုမရနိုင်ဘဲရှိပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။အဋ္ဌကထာသော် ခေါ်သော ရုပ်ရှစ်ပါးတို့၌ သဒ္ဒ–ရုပ်မပါပါ။ ထို့ကြောင့် သဒ္ဒရုပ်ကိုမရနိုင်ဘဲ ရှိပါသည်။

မေး။ ။ထို အဋ္ဌကလာပ် ရုပ်သည်၊ ဘယ်အကြောင်းများကြောင့်ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။ကံ,စိတ်,ဥတု,အာဟာရ, တည်းဟူသော အကြောင်းလေးပါးကြောင့်ဖြစ်ပါသည်။

မဟာဘုတ်ခေတ်ကြီးလေးပါး၊ ဥပါဒါရုပ်လေးပါတို့၏ သဘောကိုသိစေရန်၊ ခွဲမိပ်ပြောဆို၍ တော်ပြသော

အမေးအဖြေခန်း ပြီး၏။

—————:o:—————

## သုတ္တန် နည်းအားဖြင့်-ခေတ်လေးပါး ခွဲဝေပုံကို ပြဆိုခက်း။

မေး။ ။ရုမတ္တိ ကာယေ၊ ကောသာ-လောမာ-စ သည်ဖြင့် ဟောတော်မူရာဝယ်၊ ပရမတ္ထသဘော အားဖြင့်၊ ဤကိုယ်ကြီး-ရှိပါသလော၊

ဖြေ။ ။ပရမတ္ထသဘောအားဖြင့်၊ဤကိုယ်မရှိပါ။ သုတ္တန်နည်းသဘောအားဖြင့်သာ၊ ဤကိုယ်ဟူ၍ဆို ရပါသည်၊စင်စစ်ပရမတ္ထသဘောအားဖြင့်၊ ရုပ်နာမ်

အရအဝေးကြီးကိုပင်၊ ပညတ်သဘောအားဖြင့်၊ ဤ
ကိုယ်ဟူ၍ဆိုရပါသည်။

မေး။ ။သုတ္တန်-ပညတ် သဘောအားဖြင့်လည်း။ ဤကိုယ်ကြီးအတွင်း၌ ဓာတ်လေးပါး အထယ်ဒြိပ် တွေ့ရှိ၍နေသည်မဟုတ်ပါလော။

ဖြေ။ ။သုတ္တန်နည်း အားဖြင့်လည်း။ ဓာတ်လေးပါးအထယ်ဒြိပ်တို့သည်၊ ဤကိုယ်ကြီး အတွင်း၌ ရှိနေကြပါသည်။

မေး။ ။ထိုသုတ္တန်နည်း အားဖြင့် ဟောကြားအပ်သော၊ဓာတ်လေးပါး-အထယ်ဒြိပ်သရုပ်များကို ဘော်ထုတ်၍ပြပါ။

ဖြေ။ ။သုတ္တန်နည်းအားဖြင့်ဤကိုယ်ကြီးအတွင်း၌၊ပထဝီဓာတ်နှစ်ဆယ်၊အာပေါဓာတ်တဆဲ့နှစ်ပါး၊ တေဇောဓာတ်လေးပါး၊ ဝါယောဓာတ်ခြောက်ပါး၊ ရှိပါသည်။

မေး။ ။ပထဝီဓာတ် နှစ်ဆယ် သရုပ်ကို ဘော်ထုတ်၍ပြပါ။

ဖြေ။ ။ကေသာ၊ ဆံပင်၊ လောမာ၊ မွေးညင်း၊ နခါ၊ခြေသည်းလက်သည်း၊ ဒန္တာ၊သွား၊ တစော၊ အရေ၊ ။မံသံ၊အသား၊နှာရု၊အကြော၊အဋ္ဌိ၊အရိုး၊ အဋ္ဌိမိဉ္ဇံ၊ရိုးတွင်းချင်ဆီ၊ဝက္ကံ၊အညှို၊ ။ဟဒယံ၊နှလုံး၊

WWW.DHAMMARANSI.COM

ယကနံ၊ အသည်း၊ ကိလောမကံ၊ အမြှေး၊ ပိဟကံ၊ အဖျဉ်း၊ ပပ္ဖာသံ၊ အဆုတ်။ ။အန္တံ၊ အူမ၊ အန္တဂုဏံ၊ အူသိမ်၊ ဥဒရိယံ၊ အစာသစ်၊ ကရီသံ၊ အစာဟောင်း၊ မတ္ထလုင်္ဂံ၊ ဦးနှောက်။ ။ဤနှစ်ဆယ်ကိုပထဝီဓာတ် အစု၊ မြေအရ၊ ဟူ၍ ခေါ်ဆိုရပါသည်။ ။ပါဠိသက်သက်,မြန်မာသက်သက်၊ နှုတ်တက်အောင် ရွတ်ဆို ဖြဲကြားရပါလျှင်။ ။ကေသာ,လောမာ,နခါ,ဒန္တာ,တစော,မံသံ,နှာရု, အဋ္ဌိ,အဋ္ဌိဉ္ဇံ,ဝက္ကံ, ဟဒယံ, ယကနံ, ကိလောမကံ,ပိဟကံ,ပပ္ဖာသံ, အန္တံ,အန္တဂုဏံ,ဥဒရိယံ,ကရီသံ, မတ္ထလုင်္ဂံ။ ။ဆံပင်, မွေးညှင်း,ခြေသည်း,လက်သည်း,အရေထူ,အရေပါး, အသား,အကြော, အရိုး, ရိုးတွင်းချင်ဆီ, အညို, နှလုံး,, အသည်း,အမြှေး, အဖျဉ်း, အဆုတ်,အူမ,အူသိမ်, အစာသစ်,အစာဟောင်း,ဦးနှောက်, ဤဝတ္ထု နှစ်ဆယ်ကို၊ ပထဝီဓာတ်,မြေအရ,ဟူ၍ခေါ် ဆိုရပါသည်။

မေး။ ။အာပေါဓာတ် တဆဲ့နှစ်ပါး သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ပိတ္တံ-သည်းခြေ၊ သေမှံ၊ သလိပ်၊ ပုဗ္ဗော၊ ပြည်၊ လောဟိတံ၊ သွေး၊ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ၊ အဿု၊ မျက်ရည်၊ ဝသါ၊ ဆီကြည်၊ ခေဠော၊ တံတွေး၊ သိင်္ဃာဏိကာ၊ နှပ်၊ လသိကာ၊ အစေး၊ မုတ္တံ၊ ကျင်ငယ်

WWW.DHAMMARANSI.COM

ဤဝဏ္ဏတဆဲ့နှစ်ပါးကို၊ အာပေါဓာတ်, ရေအရ ဟူ၍ ခေါ်ဆိုရပါသည်။ ။ပါဠိသက်သက်, မြန်မာ သက်သက် နှုတ်သွက်အောင်ရွတ်ဆို ဖြေကြားရပါ ချင်း။ ။ပိတ္တံ,သေမှံ,ပုဗ္ဗော,လောဟိတံ,သေဒေါ, မေဒေါ,အဿု, ဝသာ,ခေဠော, သိင်္ဃာဏိကာ, လ သိကာ,မုတ္တံ။ ။သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး,အဆီခဲ, မျက်ရည်, ဆီကြည်,တံတွေး,နှပ်, အ စေး,ကျင်ငယ်, ဤဝဏ္ဏတဆဲ့နှစ်ပါးကို။ အာပေါ ဓာတ်,ရေအရ,ဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။တေဇောဓာတ် လေးပါး သရုပ်ကို ဖော် ထုတ်၍ပြပါ။

ဖြေ။ ။ရက်ဆက်,ရက်ခြားဖျားခြင်းကို ပြုတတ် သောသန္တာပတေဇောတပါး။ ကျောက်ရောဂါမှစ၍ ဇရုအကြော်ပ်ဖြစ်အောင်ပြုတတ်သောဒါဟတေဇော တပါး။ စားမျိုးသမျှအစာကိုကြေစေတတ်သော ပါစ ကတေဇောတပါး။ အိုမင်းရင့်ရော် ဆွေးမြေ့အောင် ပြုလုပ်တတ်သော ဇီရဏတေဇော တပါး၊ ဤကား တေဇောဓာတ်လေးမျိုးဖြစ်ပါသည်။

မေး။ ။ဝါယောဓာတ်ခြောက်ပါးသရုပ်ကိုဖော် ထုတ်၍ပြပါ။

WWW.DHAMMARANSI.COM



ဖြေ။ ။အထက်သို့ ဆန်တက်သော၊ ဥဒ္ဓင်္ဂမ ဝါယောဓာတ်တပါး၊ အောက်သို့ရုန်ဆင်းသော အဓောဂမဝါယောဓာတ်တပါး၊ ဝမ်းဗိုက်အတွင်း၌ ကိန်းသောကုစ္ဆိသယ ဝါယောဓာတ် တပါး၊ အူမအူသိမ် အတွင်း၌ကိန်းသော ကောဋ္ဌာသသယ ဝါယောဓာတ်တပါး၊ ခြေထက်အစရှိသော အင်္ဂါကြီးငယ်တို့၌ အစဉ်လျှောက်၍နေသော အင်္ဂမင်္ဂါနုသာရီ ဝါယောဓာတ်တပါး၊ ထွက်သက်၊ ဝင်သက်၊ ဟု ဆိုအပ်သော အဿာသ-ပဿာသ ဝါယောဓာတ်တပါး၊ ဤကား ဝါယောဓာတ်လေးပါးဖြစ်ပါသည်။

မေး။ ။ဖြေဆိုအပ်ခဲ့ပြီးသော အတိုင်း၊ ပထဝီဓာတ်မှစ၍၊ ရုပ်ဓာတ် အရေအတွက်ပေါင်း မည်မျှရှိပါသနည်း။

ဖြေ။ ။ပထဝီဓာတ် နှစ်ဆယ်၊ အာပေါ တဆဲ့နှစ်ပါး၊ တေဇောဓာတ်လေးပါး၊ ဝါယောဓာတ် ခြောက်ပါး၊ ဤသို့အားဖြင့် ဓာတ်ပေါင်း လေးဆဲ့နှစ်ပါး ရှိပါသည်။

မေး။ ။သာဓု-သာဓု-သာဓု၊ ရုပ်ဓာတ် ပေါင်း လေးဆဲ့ နှစ်ပါး သရုပ်ကို ဘော်ထုတ် ဖြေကြား ပေသောကြောင့်၊ ကောင်းမွန်စွာသိရပါပေပြီ၊ နာမ်ဟုဆို

WWW.DHAMMARANSI.COM


အပ်သောဝိညာဏဓာတ်သည်ကား၊ အဘယ်မျှရှိပါ
သနည်း။သရုပ်နှင့်တကွဖြေကြားပါ။

ဖြေ။ ။စက္ခုဝိညာဏဓာတ်၊ သောတ ဝိညာဏ
ဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊
ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်-အား
ဖြင့်၊ ဝိညာဏဓာတ်ခြောက်ပါးရှိပါသည်။

မေး။ ။အဘယ်ကြောင့် ဝိညာဏ်ဟူ၍ဆိုရပါသ
နည်း။ပုဒ်ဖြတ်နှင့်သဘောအဓိပ္ပါယ်ကိုဖေါ်ပြပါ။

ဖြေ။ ။အာရမ္မဏံ ဝိဇာနာတီတိ ဝိညာဏံ။ ။
အာရမ္မဏံ၊ အာရုံကို၊ ဝိဇာနာတိ၊ အထူးသဖြင့်သိ
တတ်၏။ဣတိ တသ္မာ၊ ထို့ကြောင့်၊ ဝိညာဏံ၊ ဝိညာ
ဏမည်၏။အာရုံကိုသိတတ်သောကြောင့် ဝိညာဏ
ဟူ၍ ခေါ်ဆိုရပါသည်။ ရုပ်ဓာတ်များသည် ထိုကဲ့သို့
အာရုံကိုမသိနိုင်ကြပါ။

မေး။ ။ဝိညာဏ်ခြောက်ပါးတို့၏ အသီးအသီး
အာရုံသိပုံများကိုဖော်ပြပါ။

ဖြေ။ ။စက္ခုဝိညာဏ်သည်၊ အဆင်း-ရူပါရုံကို၊
မြင်ခြင်း ကိစ္စဖြင့် သိနိုင်ပါသည်။သောတဝိညာဏ်
သည်၊ အသံ-သဒ္ဒါရုံကို ကြားခြင်းကိစ္စဖြင့် သိနိုင်
ပါသည်၊ ဃာနဝိညာဏ်သည်၊ အနံ့-ဂန္ဓာရုံကို နမ်း

ခြင်းကိစ္စဖြင့်သိနိုင်ပါသည်၊ဇိဝှါဝိညာဏ်သည်၊ အချသာဟုဆိုအပ်သောရသာရုံကိုလျက်ခြင်း ကိစ္စဖြင့်သိနိုင်ပါသည်၊ ကာယဝိညာဏ်သည်၊အတွေ့ ဖောဋ္ဌဗ္ဗာရုံကို၊ထိတွေ့ခြင်းကိစ္စဖြင့်သိနိုင်ပါသည်၊(မနောဓာတ်သည်၊ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဤအာရုံငါးပါးကို၊ ဆင်ခြင်ခြင်းကိစ္စဖြင့် သိနိုင်ပါသည်၊)မနောဝိညာဏ်သည်၊ ဓမ္မာရုံအမျိုးမျိုးကိုသိနိုင်ပါသည်၊ ဤကား၊ ဝိညာဏ်ခြောက်ပါးတို့၏ အသိအသိသိပုံများဖြစ်ပါသည်၊

မေး။ ။အဘယ်ကြောင့် စက္ခုဝိညာဏ် ခေါ်ကြောင်း၊ အဘယ်ကိုအမှီပြု၍ ဖြစ်ကြောင်းမှစ၍၊ ဝိညာဏ်ငါးပါးဖြည့်စုံအောင်ဖြေကြားပါ၊

ဖြေ၊ ။စက္ခုပသာဒရုပ်ကိုမှီ၍ဖြစ်သောကြောင့်၊ စက္ခုဝိညာဏ်ခေါ်ပါသည်၊သောတပသာဒရုပ်ကိုမှီ၍ဖြစ်သောကြောင့်၊သောတဝိညာဏ်ခေါ်ပါသည်၊ဃာနပသာဒရုပ်ကိုမှီ၍ဖြစ်သောကြောင့်၊ ဃာနဝိညာဏ်ခေါ်ပါသည်၊ဇိဝှါပသာဒရုပ်ကိုမှီ၍ဖြစ်သောကြောင့်ဇိဝှါဝိညာဏ်ခေါ်ပါသည်၊ ကာယပသာဒရုပ်ကိုမှီ၍ဖြစ်သောကြောင့်၊ကာယဝိညာဏ် ခေါ်ပါသည်၊ ဝိညာဏ်ငါးပါးတို့သည်၊မှီရာဝတ္ထုအားဖြင့်၊ ထင်ရှားသော အမည်များကိုရကြပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။ဖြေဆိုခဲ့သော စကားရပ်၌ စက္ခုပသာဒ ရုပ်သည်အဘယ်အကြောင်းကြောင့် ဖြစ်သော ရုပ် မျိုးဖြစ်ပါသနည်း။

ဖြေ။ ။ကံအကြောင်း သက်သက်ကြောင့် ဖြစ် သော၊ကမ္မဇရုပ်အစစ်ဖြစ်ပါသည်၊

မေး။ ။ထိုစက္ခုပသာဒရုပ်သည်၊ မည်သည့် ရုပ် နှင့်မျှတွဲစပ်ခြင်းမရှိဘဲ၊ အထီးအခြား တည်နေပါသ လော၊

ဖြေ။ ။ထိုသို့မဟုတ်ပါ၊ မိမိနှင့်တကွရုပ်ပေါင်း ဆယ်ပါးတွဲစပ်၍ တည်နေပါသည်၊ စက္ခုနှင့်တကွ ရုပ်ဆယ်ပါးအပေါင်းဖြစ်သောကြောင့်၊စက္ခုဒသက-ကလာပ်ခေါ်ပါသည်၊ ကမ္မဇကလာပ်အစစ် ဖြစ်ပါ သည်။

မေး။ ။ထိုစက္ခုဒသက-ကလာပ်၌ ပါဝင်သော ရုပ်ဆယ်ပါးကိုဖော်ပြပါ၊

ဖြေ။ ။အဋ္ဌကလာပ်ရုပ်ရှစ်ပါး၊ ဇီဝိတရုပ်တပါး၊ စက္ခုပသာဒရုပ် တပါး၊ ဤရုပ်ဆယ်ပါးပင် ဖြစ်ပါ သည်၊

မေး။ ။ထိုရုပ်ဆယ်ပါးတို့တွင်၊ဇီဝိတရုပ်က၊ အ ဘယ်ကိစ္စကိုဆောင်ရွက်ပါသနည်း၊

ဖြေ။ ။ကမ္မဇရုပ်တို့၏ အသက်ကိစ္စကို ဆောင်

WWW.DHAMMADARANA.COM

ရွက်ပါသည်။ အသက်ရုပ်ဟူ၍လည်း ခေါ်ရပါသည်။ ဇီဝိတ ရုပ်သည်၊ ကမ္မဇကလာပ်တို့၌ သာပါဝင်ပါသည်။ အခြားကလာပ်တို့၌မပါဝင်ပါ။

မေး။ ။စက္ခုပသာဒ-က။ အဘယ်ကိစ္စကိုဆောင်ရွက်ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဏ်စိတ်၏မှီရာကိစ္စ၊ ရူပါရုံတို့၏ ထင်ရာကိစ္စ၊ ဤကိစ္စ နှစ်မျိုးကို ရွက်ဆောင်ပါသည်။ စက္ခုဒသက-ကလာပ်ရှိခြင်းကြောင့်၊ အဆင်းအမျိုးမျိုးကိုမြင်နိုင်ပါသည်။ ထိုကဲ့သို့ ပရမတ်ကိစ္စ, ခေတ်ကိစ္စ, ဖြစ်မှုကိုပင်၊ အတ္တဒိဋ္ဌိ၏ လမ်းညွှန်ချက်ဖြင့်၊ ငါမြင်သည်, သူမြင်သည်, ယောကျ်ားမြင်သည်, မိန်းမမြင်သည်, ဟူ၍၊ အထင်အဖွဲ့၊ တိမ်းလွဲမှောက်မှား၍နေကြပါသည်။

( မှတ်ချက်။ ။သောတပသာဒရုပ် ပါရှိသော၊ သောတဒသက-ကလာပ်စသည်တို့၌လည်း ထိုနည်းတူစွာချဲ့ထွင်၍သိမြင်ကြပါကုန်။)

မေး။ ။မနောဓာတ်နှင့် မနောဝိညာဏ် ဓာတ်တို့သည်၊ အဘယ်ကိုမှီ၍ဖြစ်ကြပါသနည်း။

ဖြေ။ ။မနောဓာတ်နှင့် မနောဝိညာဏ ဓာတ်တို့သည်၊ ဟဒယဝတ္ထုကိုမှီ၍ဖြစ်ကြပါသည်။

WWW.DHAMMARANSI.COM

မေး။ ။သာရ- သာရ- သာရ- ဝိညာဏ ခေတ် ခြောက်ပါးတို့ကို၊ အသီးအသီး အစုံပြုပုံ,မှီပုံ, နှင့် ဆက်စွဲမိခြေကြီးသည်ဖြင့်၊ ရှင်းလင်းစွာ ရှိပေပြီ၊ ခေတ် ကမ္ဘာပျက်ချပ်အလိုအားဖြင့်၊ ရုပ်ခေတ်,နာမ်ခေတ် တို့ကိုပေါင်းချုပ်အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ရုပ်ခေတ်ပေါင်း လေးဆဲ့ နှစ်ပါး၊ဝိညာဏ် နာမ်ခေတ်ပေါင်းခြောက်ပါး၊အလုံးစုံပေါင်းသော်အား ဖြင့် ရုပ်ခေတ်,နာမ်ခေတ်ပေါင်း (၄၈) လေးဆဲ့ရှစ်ပါး ရှိပါသည်။

———:o:———

**ဆံပင်အစရှိသော ကောဋ္ဌာသခေတ်တို့၌ ပရမတ္ထနည်းအားဖြင့် အခန် ထပ်၍ စစ်ဆေးပုံ အမေးအဖြေ။**

မေး။ ။ရုပ်ခေတ်ပေါင်း-၄၂-ပါးတို့၌ပါဝင်သော၊ ဆံပင်ကို ခန္ဓာဖွဲ့၍ ရှုစားပါလျှင်၊ အဘယ်ခန္ဓာကို တွေ့ရှိပါသနည်း။

ဖြေ။ ။ဆံပင်၌ ရူပက္ခန္ဓာ တခုကိုသာ တွေ့ရှိပါ သည်။

WWW.DHAMMARANSI.COM

မေး။ ။ရှုပကျွန်လာ ဖွဲ့ရသော ဆံပင်၌ ရုပ်ပေါင်း ဘယ်မျှရှိပါသနည်း။

ဖြေ။ ။ပထဝီ,အာပေါ,တေဇော,ဝါယော,ဝဏ္ဏ, ဂန္ဓ,ရသ,ဩဇာ,အားဖြင့်ရုပ်ပေါင်းရှစ်ပါးရှိပါသည်။

မေး။ ။သဘောတရစီဝေဘန်၍ဖြေကြားပါ။

ဖြေ။ ။ဆံပင်ကို စမ်းသပ်သော အခါ၊ ခက်မာမှု သဘောကို ပထဝီခေါ်ပါသည်၊ ဆံပင်အထယ်ခြစ် ဖြစ်အောင် ဖွဲ့စည်းထားမှုကို အာပေါခေါ်ပါသည်၊ ဆံပင်ကိုစမ်းသပ်သောအခါ၊ပူမှု,အေးမှု,သဘောကို တေဇောခေါ်ပါသည်၊ ။ဆံပင်၏လှုပ်ရှားမှုသဘော ကိုဝါယောခေါ်ပါသည်၊ ။ဆံပင်၌နက်သောအဆင်း ကိုဝဏ္ဏခေါ်ပါသည်၊ ဆံပင်ကိုနမ်းသောအခါ၊ဃာန ဝိညာဏ်ဖြင့် သိအပ်သော အနံ့ကို ဂန္ဓခေါ်ပါသည်၊ ဆံပင်ကို ဝါး၍ ဖြစ်စေ၊ လျှာနှင့်တို့၍ ဖြစ်စေ၊ စမ်း သပ်သောအခါ၊ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သောအရ သာကို၊ရသခေါ်ပါသည်၊ဆံပင်ကိုစားသော သတ္တဝါ တို့၌၊ ထိုဆံပင်ကိုစားခြင်းကြောင့်၊ အာဟာရဓာတ် ကိုဖြစ်စေနိုင်သောဓါတ်ဆိကိုဩဇာခေါ်ပါသည်၊ ။ ဤသည်ကား အဋ္ဌကလာပ်ရုပ်ရှစ်ပါးတို့၌ သဘော တရစီဝေဘန်ဖြေကြားခြင်းဖြစ်ပါသည်၊

မေး။ ။ဆံပင်၌ အဋ္ဌကလာပ်ရုပ် ရှစ်ပါးရှိပါ

WWW.DHAMMARANSI.COM


တျက်၊အဘယ်ကြောင့်ပထဝီကာယ မြေဓာတ်အစု ဟူ၍ခေါ်ဆိုရပါသနည်း။

ဖြေ၊ ။ဆံပင်၌ရုပ်ရှစ်ပါးရှိပါသော်လည်း၊ပထဝီ ဓာတ်လွန်ကဲနေသည်ကိုအကြောင်းပြု၍၊သုတ္တန်နည်း အားဖြင့်ပထဝီကာယဟူ၍ခေါ်ဆိုရပါသည်၊

မေး၊ ။ထိုဆံပင်တည်းဟူသော ပထဝီဓာတ် အစုသည်၊ တစုံတခု သော ပုဂ္ဂိုလ်၏ ဖန်ဆင်းချက် ကြောင့်၊ဖြစ်ပေါ်လာပါသလော၊သို့မဟုတ်အကြောင်း မဲ့ ဖြစ်ပေါ်လာပါသလော၊

ဖြေ၊ ။တစုံတခုသော ပုဂ္ဂိုလ်၏ ဖန်ဆင်းချက် ကြောင့်လည်း ဖြစ်ပေါ်သည် မဟုတ်ပါ၊ အကြောင်း မဲ့ ဖြစ်ပေါ်လာသည့်လည်းမဟုတ်ပါ၊ ကံ,စိတ်,ဥတု, အာဟာရ, ၄ါးအကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ် လာပါသည်၊ ပြုပြင် စီရင်အပ်သော သဘောနှင့် မ ကင်း၍၊ သင်္ခတဖြစ်ပါသည်၊

မေး၊ ။ထိုဆံပင်တည်းဟူသောရုပ်သည်၊မြဲသော သဘောရှိသော-နိစ္စမျိုး ဖြစ်ပါသလော၊

ဖြေ၊ ။မြဲသောသဘောမရှိပါ၊ခဏ,ခဏ,ကုန်ဆုံး ပျက်စီး တတ်သော အနိစ္စ သဘောမျိုး အမှန် ဖြစ်ပါ သည်၊

WWW.DHAMMARANSI.COM

မေး။ ။ဤဆံပင်တည်းဟူသောခေတ်အစုသည်။ တင့်တယ်သော-သုဘာသဘော၊ အလိုရှိအပ်သော-ဣဋ္ဌသဘော၊ချမ်းသာသော-သုခသဘော-နှင့်ပြည့်စုံပါ သလော။

ဖြေ။ ။သုဘာသဘော,ဣဋ္ဌသဘော,သုခသဘော, တို့နှင့်ပြည့်စုံသည်မဟုတ်ပါ။မတင့်တယ်သော အသုဘာသဘော၊ အလိုမရှိအပ်သောအနိဋ္ဌသဘော၊ဆင်းရဲသောဒုက္ခသဘော-တို့နှင့်သာပြည့်စုံပါသည်။

မေး။ ။ထိုဆံပင်တည်းဟူသောခေတ်အစုသည်။ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ, အသက်ဇီဝ,ဟူ၍ခွဲလန်းခြင်းငှာထိုက်ပါသလော။

ဖြေ။ ။ခေတ်သဘောအားဖြင့်ရသက်သက်မျှဖြစ်သော ကြောင့်၊ပုဂ္ဂိုလ်,သတ္တဝါဟူ၍ရင်း၊ငါ,သူတပါးဟူ၍ ရင်း၊ ယောကျ်ား,မိန်းမဟူ၍ရင်း။ အသက်ဇီဝဟူ၍ ရင်း၊ ခွဲလန်းထိုက်သည် မဟုတ်ပါ၊ စင်စစ်အားဖြင့် အနှစ်သာရမရှိ,အပိုင်မရသော အနတ္တအစေ၊ ပုဂ္ဂိုလ် မဟုတ်။ အသက်မဟုတ်သော နိသတ္တ, နိဇီဝအစေ အမှန်သာဖြစ်ပါသည်။

(မှတ်ချက်။ ။ဤဆံပင်တည်းဟူသော ပထဝီ ကောဋ္ဌာသ၌၊ အမေးအဖြေ ပြုလုပ်ခဲ့သော နည်းအာ

WWW.DHAMMARANSI.COM

တိုင်း၊မဇ္ဈိမလုဂ်ဳဳ ဦးရွှေဘက်သို့တိုင်အောင်၊ပထဝီဓာတ်နှစ်ဆယ်တို့၌၊အမေးအဖြေပြုလုပ်စီရင်ပါလေ၊)

## အာပေါဓာတ်-၁၂-ပါး အမေးအဖြေ

မေး၊ ၊ဆံပင်စသော ပထဝီဓာတ်အစုတို့၌၊ ပရမတ်သဘောအားဖြင့် စီစစ်၍ဖြေဆိုပုံများကို၊ စုံလင်စွာသိရသဖြင့်၊ ဓာတ်ဉာဏ်ပွင့်လင်းရပေပြီ၊ ထိုပြင်တပါး၊ အာပေါဓာတ် နှစ်ဆယ်တို့၌ ပါဝင်သော၊ သည်းခြေ၌ ခန္ဓာဘွဲ့၍ရှုစားပါလျှင်၊ အဘယ်ခန္ဓာကိုတွေ့ရှိပါသနည်း၊

ဖြေ၊ ၊သည်းခြေ၌၊ အဋ္ဌကလာပ်ရုပ်ရှစ်ပါးသာရှိသောကြောင့်၊ရုပ်ခန္ဓာတခုကိုသာ တွေ့ရှိရပါသည်၊

မေး၊ ၊သည်းခြေ၌ အဋ္ဌကလာပ်ရုပ် ရှစ်ပါးရှိပါလျက်၊အဘယ့်ကြောင့် အာပေါကာယ ရေဓာတ်အစုဟု၍ခေါ်ဆိုရပါသနည်း၊

ဖြေ၊ ၊သည်းခြေ၌ ရုပ်ရှစ်ပါး ရှိပါသော်လည်း၊ စွာ်စိုယိုစီးသော အာပေါဓာတ်လွန်ကဲသည်ကို အကြောင်းပြု၍၊ သုတ္တန်နည်းအားဖြင့်-အာပေါကာယဟူ၍ခေါ်ဆိုရပါသည်၊

မေး၊ ၊သည်းခြေဟု ဆိုအပ်သော အာပေါဓာတ်အစုသည်၊ တစုံတခုသော ဝတ္ထုလိ၏ ဘန်ဆင်းချက်

WWW.DHAMMARANSI.COM

ကြောင့် ဖြစ်ပေါ်လာပါသလော၊ သို့မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပေါ်လာပါသလော၊

ဖြေ၊ ၊တစုံတခုသော ပုဂ္ဂိုလ်၏ ဖန်ဆင်းချက်ကြောင့်လည်းဖြစ်ပေါ်သည်မဟုတ်ပါ၊အကြောင်းမဲ့ဖြစ်ပေါ်လာသည်လည်းမဟုတ်ပါ၊ ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်လာပါသည်၊ ပြုပြင်စီရင်အပ်သောသဘောနှင့်မကင်းသောကြောင့် သင်္ခတဖြစ်ပါသည်၊

မေး၊ ၊ထို သည်းခြေတည်းဟူသော ဓာတ်အစုသည်၊မြဲသောသဘောရှိသော နိစ္စမျိုးဖြစ်ပါသလော၊

ဖြေ၊ ၊မြဲသောသဘောမရှိပါ၊ ခဏ,ခဏ,ကုန်ဆုံးပျက်စီးတတ်သော၊ အနိစ္စသဘောမျိုးအမှန် ဖြစ်ပါသည်၊

မေး၊ ၊ထိုသည်းခြေ တည်းဟူသော ဓာတ်အစုသည်၊ တင့်တယ်သော-သုဘသဘော၊ အလိုရှိအပ်သော-ဣဋ္ဌသဘော၊ချမ်းသာသော- သုခသဘောနှင့် ပြည့်စုံပါသလော၊

ဖြေ၊ ၊သုဘသဘော,ဣဋ္ဌသဘော, သုခသဘောတို့နှင့်ပြည့်စုံသည်မဟုတ်ပါ၊မတင့်တယ်သောအသုဘသဘော၊အလိုမရှိအပ်သောအနိဋ္ဌသဘော၊ ဆင်းရဲသောဒုက္ခသဘောတို့နှင့်သာပြည့်စုံပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။ထိုသည်းခြေဟု ဆိုအပ်သော အာပေါဓာတ်အစုသည်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူတပါး, ယောကျ်ား,မိန်းမ,အသက်ဇီဝ,ဟူ၍ စွဲလန်းထိုက်ပါသလော။

ဖြေ။ ။ဓာတ်သဘောအရသက်သက်မျှသာ ဖြစ်သောကြောင့်၊ ပုဂ္ဂိုလ်,သတ္တဝါဟူ၍၎င်း၊ ငါ,သူတပါး,ဟူ၍၎င်း၊ယောကျ်ား,မိန်းမ,ဟူ၍၎င်း၊အသက်ဇီဝဟူ၍၎င်း၊စွဲလန်းထိုက်သည်မဟုတ်ပါ၊စင်စစ်အားဖြင့် အနှစ်သာရမရှိ အစိုးမရသော အနတ္တအစစ်၊ သတ္တဝါမဟုတ်၊အသက်မဟုတ်သော နိသတ္တ, နိဇ္ဇီဝအစစ်အမှန်သာဖြစ်ပါသည်။

(မှတ်ချက်။ ။ကြွင်းကျန်သော အာပေါဓာတ်အစုတို့၌လည်း ဤနည်းအတိုင်း အမေးအဖြေပြုလုပ်စီရင်ပါလေ။)

## တေဇောဓာတ်လေးပါး-အမေးအဖြေ။

မေး။ ။သည်းခြေစသောအာပေါဓာတ်အစုတို့၌၊ ပရမတ္ထသဘောအားဖြင့် စိစစ်ဖြေကြားပုံကို စုံလင်စွာသိရပါပြီ၊တေဇောလေးပါးတို့၌ပါဝင်သော သန္တာပ တေဇောဓာတ်အစု၌ ခန္ဓာခွဲ၍ ရှုစားပါလျှင်၊ အဘယ်ခန္ဓာများကိုတွေ့ရှိရပါသနည်း။

www.dhammaransi.com

ဖြေ။ ။သန္တာပတေဇောအရ၌ အဋ္ဌကလာပ်ရုပ် ရှစ်ပါးရှိသောကြောင့် ရူပက္ခန္ဓာတရားကိုသာ တွေ့ရှိရပါသည်။

မေး။ ။သန္တာပတေဇော အစုနှင့် ရုပ်ရှစ်ပါးရှိပါလျက်၊ အဘယ့်ကြောင့် တေဇောကာယ တေဇောဓါတ်အစုဟူ၍ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ရုပ်ရှစ်ပါး ရှိသော်လည်း၊ ပူလောင်သော တေဇောဓါတ် လွန်ကဲ သည်ကို အကြောင်း ပြု၍၊ ဥဿန္နနည်းအားဖြင့်တေဇောကာယဟူ၍ ခေါ်ဆိုရပါသည်။

မေး။ ။ထိုသန္တာပတေဇောဓါတ်အစုသည်၊ တစုံတရာသောပုဂ္ဂိုလ်၏ ဖန်ဆင်းချက်ကြောင့်ဖြစ်ပေါ်လာပါသလော၊ သို့မဟုတ်အကြောင်းမဲ့ ဖြစ်ပေါ်လာပါသလော။

ဖြေ။ ။တစုံတရာသော ပုဂ္ဂိုလ်၏ ဖန်ဆင်းချက်ကြောင့် လည်း ဖြစ်ပေါ်လာသည် မဟုတ်ပါ၊ အကြောင်းမဲ့ ဖြစ်ပေါ်လာသည်လည်း မဟုတ်ပါ၊ ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်လာပါသည်၊ ပြုပြင်စီရင်အပ်သော သဘောနှင့် မကင်းသောကြောင့် သင်္ခတဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ထိုသန္တာပ တေဇောအရသည် မြဲသော သဘောရှိသော နိစ္စမျိုးဖြစ်ပါသလော။

ဖြေ။ ။မြဲသောသဘောမရှိပါ။ ခဏ-ခဏ ကုန်ဆုံးပျက်စီးတတ်သော အနိစ္စမျိုးဖြစ်ပါသည်။

မေး။ ။ထိုသန္တာပတေဇောအရသည်၊ တင့်တယ်သောသုဘသဘော၊ အလိုရှိအပ်သော ဣဋ္ဌသဘော၊ ချမ်းသာသောသုခသဘောနှင့်ပြည့်စုံပါသလော။

ဖြေ။ ။သုဘသဘော, ဣဋ္ဌသဘော, သုခသဘော, တို့နှင့်ပြည့်စုံသည်မဟုတ်ပါ၊ မတင့်တယ်သောအသုဘသဘော၊ အလိုမရှိအပ်သော အနိဋ္ဌသဘော၊ ဆင်းရဲသောဒုက္ခသဘောတို့နှင့်သာပြည့်စုံပါသည်။

မေး။ ။ထိုသန္တာပတေဇောအရသည်၊ ရုပ်ကိုယ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်ဇီဝ, ဟူ၍စွဲလန်းထိုက်ပါသလော။

ဖြေ။ ။ဓာတ်သဘော အရသက်သက်မျှဖြစ်သောကြောင့်၊ ရုပ်ကိုယ်သတ္တဝါဟူ၍၎င်း၊ ငါ, သူတပါး, ဟူ၍၎င်း၊ ယောကျ်ား, မိန်းမ, ဟူ၍၎င်း၊ အသက်ဇီဝဟူ၍၎င်း၊ စွဲလန်းထိုက်သည်မဟုတ်ပါ၊ စင်စစ်အားဖြင့်၊ အနှစ်သာရမရှိ၊ အပိုင်မရသော-အနတ္တအစစ်၊ သတ္တဝါမဟုတ်, အသက်မဟုတ်သော- နိသတ္တ, နိဇ္ဇီဝ, အစစ်အမှန်သာဖြစ်ပါသည်။

WWW.DHAMMARANSI.COM

(မှတ်ချက်။ ။ကြွင်းကျန်သော တေဇောဓာတ် အစုတို့၌လည်း၊ ဤနည်းအတိုင်းအမေးအဖြေပြုလုပ် စီရင်ပါသေး။)

## ဝါယောဓာတ်ခြောက်ပါး-အမေးအဖြေ

မေး။ ။သန္တာပတေဇောစသော။ တေဇောဓာတ် အစုတို့၌ ပရမတ္ထသဘောအားဖြင့် စီစစ်ဖြေကြားမှု ကိုစုံလင်စွာသိရှိရပါပြီ။ ဝါယောဓာတ် ခြောက်ပါး တို့၌ပါဝင်သော-ဥဒ္ဓင်္ဂမဝါယောဓာတ်အစုမှာ။ခန္ဓာသွဲ့၌ ရှုစားပါလျှင်၊ အဘယ်ခန္ဓာများကိုတွေ့ရှိရပါသနည်း၊

ဖြေ။ ။ဥဒ္ဓင်္ဂမဝါယောအစု၌၊ အဋ္ဌကထောင် ရုပ်ရှစ်ပါးရှိသောကြောင့်။ ရူပက္ခန္ဓာတခုသာ တွေ့ရှိရပါသည်။

မေး။ ။ဥဒ္ဓင်္ဂမဝါယောအစု၌၊ အဋ္ဌကထောင် ရုပ်ရှစ်ပါးရှိပါလျက်။အဘယ့်ကြောင့် ဝါယောကာယ-ဝါယောဓာတ်အစုဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ရုပ်ရှစ်ပါး ရှိသော်လည်း။ လှုပ်ရှားတက် ကြွသောဝါယောဓာတ် လွန်ကဲသည်ကို အကြောင်း ပြု၍၊သုတ္တန်နည်းအားဖြင့်ဝါယောကာယဟူ၍ ခေါ်ဆိုရပါသည်။

WWW.DHAMMARANSI.COM

မေး၊ ၊ထိုဥဒ္ဓင်္ဂမဝါယောဓာတ်အရသည်၊ တစုံ တခုသောဗုဂ္ဂိုလ်၏ ဖန်ဆင်းချက်ကြောင့် ဖြစ်ပေါ် လာပါသလော၊ သို့မဟုတ်၊ အကြောင်းမဲ့ ဖြစ်ပေါ် လာပါသလော၊

ဖြေ၊ ၊တစုံတခုသော ဗုဂ္ဂိုလ်၏ ဖန်ဆင်းချက် ကြောင့်လည်း ဖြစ်ပေါ်လာသည် မဟုတ်ပါ၊ အ ကြောင်းမဲ့ ဖြစ်ပေါ်လာသည်လည်းမဟုတ်ပါ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်း လေးပါးတို့ကြောင့် ဖြစ်ပေါ်လာပါသည်၊ ပြုပြင်စီရင်အပ်သော သဘော နှင့်မကင်းသောကြောင့် သင်္ခတဖြစ်ပါသည်၊

မေး၊ ၊ထိုဥဒ္ဓင်္ဂမ ဝါယောဓာတ်အရသည်၊ မြဲ ခြင်းသဘောရှိသောနိစ္စမျိုးဖြစ်ပါသလော၊

ဖြေ၊ ၊မြဲသော သဘောမရှိပါ၊ ခဏ-ခဏ-ကုန် ဆုံးပျက်စီးတတ်သောအနိစ္စမျိုးဖြစ်ပါသည်၊

မေး၊ ၊ထိုဥဒ္ဓင်္ဂမ ဝါယောဓာတ်အရသည်၊ တင့် တယ်သောသုဘသဘော၊ အလိုရှိအပ်သော-ဣဋ္ဌသ ဘော၊ ချမ်းသာသော-သုခသဘောနှင့် ပြည့်စုံပါသ လော၊

ဖြေ၊ ၊သုဘ သဘော၊ ဣဋ္ဌသဘော၊ သုခ သ ဘော၊တို့နှင့် ပြည့်စုံသည် မဟုတ်ပါ၊ မတင့်တယ် သော အသုဘသဘော၊ အလိုမရှိအပ်သော အနိဋ္ဌ

WWW.DHAMMARANSI.COM

သဘော၊ဆင်းရဲသော ဒုက္ခသဘောသတ္တိနှင့်သာ ပြည့်စုံပါသည်။

မေး။ ။ထို ဥဒ္ဒိဋ္ဌ ဝါယောဓာတ် အစုသည်၊ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး, ယောက်ျား,မိန်းမ, အသက်ဇီဝဟူ၍ခွဲသန်းထိုက်ပါသလော။

ဖြေ။ ။ဓာတ်သဘော အစု သက်သက်မျှ ဖြစ်သောကြောင့်၊ပုဂ္ဂိုလ်,သတ္တဝါ,ဟူ၍၎င်း၊ ငါ, သူတပါး,ဟူ၍၎င်း၊ယောက်ျား,မိန်းမ,ဟူ၍၎င်း၊ အသက်ဇီဝဟူ၍၎င်း။ ခွဲသန်းထိုက်သည့် မဟုတ်ပါ၊. စင်စစ်အားဖြင့်၊အနှစ်သာရမရှိ,အပိုးရမရသော-အနတ္တအစစ်၊သတ္တဝါမဟုတ်,အသက်မဟုတ်သော-နိဿတ္တ, နိဇ္ဇီဝအစစ်မျှသာဖြစ်ပါသည်။

(မှတ်ချက်။ ။ကြွင်းကျန်သော ဝါယောဓာတ် အစုတို့၌လည်း၊ဤနည်းအတိုင်း၊အမေးအဖြေပြုလုပ် စီရင်ပါလေ။)

မေး။ ။သသုရ-သသုရ-သသုရ-ပထဝီ ဓာတ် အစု, အာပေါ ဓာတ်အစု, တေဇော ဓာတ်အစု, ဝါယော ဓာတ်အစု-တို့ကို အသီးအသီး ဝေဘန်၍၊ ပရမတ်ဉာဏ်အားဖြင့် ဖြေကြား ပေးသောကြောင့်၊ ကောင်းမွန်သန့်ရှင်းစွာ သိရပေပြီ၊ ထိုဖြင့်တဘန် မေးမြန်းရန်ရှိသည်မှာ၊ပထဝီဓာတ်နှစ်ဆယ်၊ အာပေါဓာတ် ဆဲ့

နှစ်ပါး၊ တေဇောဓာတ် လေးပါး။ ဝါယောဓာတ် ခြောက်ပါး၊ အပေါင်း အားဖြင့် (၄၂) လေးဆဲ့နှစ်ပါးအပြားရှိသော ကောဋ္ဌာသအရတို့ကို၊ ကံ,စိတ်, ဥတု,အာဟာရ, အကြောင်း လေးပါးနှင့်တွဲ၍ မည်သည့်အကြောင်းကြောင့် မည်သည့် ကောဋ္ဌာသဖြစ်ပုံကို၊ဥာဏ်စုံအောင်ဖော်၍ မှတ်သားရန် ဖြေဆိုပါ၊

ဖြေ။ လေးဆဲ့ နှစ်ပါးသောရုပ် ကောဋ္ဌာသတို့တွင်၊ဥဒရိယံ၊ အစာသစ်၊ ကရိသံ၊ အစာဟောင်း၊ ပုဗ္ဗော၊ ပြည်၊မုတ္တံ ကျင်ငယ်၊ ဤကောဋ္ဌာသလေးပါးတို့သည်၊ဥတုသက်သက်ကြောင့်ဖြစ်ကြပါသည်။ ။ အဿု၊မျက်ရေ၊သေဒေါ၊ချွေး၊ သိင်္ဃာဏိကာ၊နှပ်၊ ခေဠော၊တံထွေး၊ ဤကောဋ္ဌာသ လေးပါးတို့သည်၊ ရံခါစိတ်ကြောင့်ဖြစ်၍၊ ရံခါဥတုကြောင့် ဖြစ်ကြပါသည်၊ ပါစကတေဇောဓာတ်သည်၊ ကံသက်သက်ကြောင့်ဖြစ်ပါသည်၊ ထွက်သက်,ဝင်သက်-ဟုဆိုအပ်သော၊ အဿာသ,ပဿာသ, ဝါယောဓာတ်သည်၊ စိတ်သက်သက်ကြောင့် ဖြစ်ပါသည်။ ။ပြဆိုအပ်ပြီးသည်မှကြွင်းသော၊ ကောဋ္ဌာသသုံးဆဲ့နှစ်ပါးတို့သည်၊ ကံ,စိတ်,ဥတု,အာဟာရ, အကြောင်းလေးပါးတို့ကြောင့်ဖြစ်ကြပါသည်၊

WWW.DHAMMADANA.COM

ဆောင်ပုဒ်-ဆောကီ၁။

(က) ဆစာ၃နှစ်မယ်၊ ဖြည့်ကျင်ငယ်၊ ထေသွယ် ဥတုဇ၊

(ခ) ပီးပါစကာ၊ကမ္မဇာ၊သာသာစိတ္တဇ၊

(ဂ) မျက်ရေနှင့် ချွေး၊ နှပ်တံတွေး။ လေ၊ခုစိတ်– ဥဇ၊

(ဃ) သုံးဆဲ့နှစ်ချ၊အကြွင်းရ၊စတုအကြောင်းချ၊

———:o:———

## ဝိညာဏဓာတ်နှင့်ဆိုင်သော
### အမေး အဖြေ။

မေး။ ။ပဋ္ဌဝိညာဏ်ဟု ဆိုအပ်သော၊ ဝိညာဏဓာတ် ငါးပါးတို့သည်၊ အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်ကြပါသနည်း။

ဖြေ။ ။ထိုပဋ္ဌဝိညာဏ်ဟု ဆိုအပ်သော ဓာတ်ငါးပါးတို့သည်၊ အကျိုး ဝိပါက်များ မှန်ကြသဖြင့်၊ ရှေးကံကြောင့်သာ ဖြစ်ကြပါသည်၊ တစုံတခုသော ရုပ္ပိုလ်တန်ဆင်းမှုကြောင့်လည်း ဖြစ်ပေါ်ကြသည် မဟုတ်ပါ၊ အကြောင်းမဲ့ သက်သက်လည်း ဖြစ်ပေါ်ကြသည်မဟုတ်ပါ၊

မေး။ ။ထိုပဥ္စဝိညာဏ် တို့တွင်၊ မြင်တတ်သော စက္ခုဝိညာဏ် စိတ်သည်၊ ပစ္စုပ္ပန် အနေအားဖြင့်၊ ဘွားကနဲ ဖြစ်ပေါ်လာသော အခါ၊ အဘယ် အကြောင်းများကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။စက္ခုဝတ္ထုတည်းဟူသောမှီရာ နိဿယ၊ ရူပါရုံတည်းဟူသောအာရမ္မဏ၊ ဤအကြောင်းနှစ်ပါး ကြောင့်ဖြစ်ပေါ်လာပါသည်၊ ဤအကြောင်းနှစ်ပါး မရှိလျှင်၊ ဖြစ်ပေါ် ခြင်းငှာမစွမ်းနိုင်ပါ၊

မေး၊ ။ကြားတတ်သော၊ သောတဝိညာဏ်စိတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့် ဘွားခနဲ ဖြစ်ပေါ်လာသောအခါ၊ အဘယ်အကြောင်းများကြောင့် ဖြစ်ပေါ်ပါသနည်း၊

ဖြေ၊ ။သောတဝတ္ထုတည်းဟူသောမှီရာ နိဿယ၊ သဒ္ဒါရုံတည်းဟူသောအာရမ္မဏ၊ ဤအကြောင်းနှစ်ပါးကြောင့်ဖြစ်ပေါ် လာပါသည်၊

မေး။ ။နံ့တတ်သောဃာနဝိညာဏ် စိတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့်၊ ဘွားခနဲဖြစ်ပေါ်လာသော အခါ၊ အဘယ်အကြောင်းများကြောင့် ဖြစ်ပေါ် လာပါသနည်း။

ဖြေ၊ ။ဃာနဝတ္ထုတည်းဟူသော မှီရာနိဿယ၊

WWW.DHAMMADOWNLOAD.COM

ဂန္ဓာရုံတည်းဟူသော အာရမ္မဏ၊ ဤအကြောင်းနှစ်ပါးကြောင့်ဖြစ်ပေါ်လာပါသည်။

မေး။ ။ဇိဝှါဝိညာဏ ခေတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့်၊ ဘွားခနဲ ဖြစ်ပေါ်လာသောအခါ၊ အဘယ်အကြောင်းများကြောင့်ဖြစ်ပေါ် လာပါသနည်း။

ဖြေ။ ။ဇိဝှါဝတ္ထုတည်းဟူသော မှီရာ နိဿယ၊ ရသာရုံတည်းဟူသောအာရမ္မဏ၊ ဤအကြောင်းနှစ်ပါးကြောင့်ဖြစ်ပေါ် လာပါသည်။

မေး။ ။ကာယဝိညာဏ ခေတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့် ဘွားခနဲ ဖြစ်ပေါ်လာသောအခါ၊ အဘယ်အကြောင်း များကြောင့် ဖြစ်ပေါ် လာပါ သနည်း။

ဖြေ။ ။ကာယဝတ္ထု တည်းဟူသောမှီရာ နိဿယ၊ ဖောဋ္ဌဗ္ဗာရုံတည်းဟူသော အာရမ္မဏ၊ ဤအကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်လာပါသည်၊ ဤအကြောင်း နှစ်ပါး မရှိလျှင်၊ ဖြစ်ပေါ်ခြင်းငှာ မစွမ်းနိုင်ပါ။

မေး။ ။မနောခေတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့် ဘွားခနဲဖြစ်ပေါ်လာသောအခါ၊ အဘယ်အကြောင်းများကြောင့်ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ဟာဒယဝတ္ထု တည်းဟူသော မှိုရာနိသော သအရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ, ဤအာရုံငါးပါးတို့တွင်တပါးပါးအာရုံဖြစ်သောအာရမ္မဏ၏အကြောင်းနှစ်ပါးကြောင့်ဖြစ်ပေါ်လာပါသည်။

မေး။ ။မနောဝိညာဏခေတ်သည်၊ ပစ္စုပ္ပန်အနေအားဖြင့်သွားခဲ့ဖြစ်ပေါ်လာသောအခါ၊ အဘယ်အကြောင်းများကြောင့်ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ပဉ္စဝေါကာရဘုံ၌ဟာဒယဝတ္ထုတည်းဟူသောမှိုရာနိသလသ၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ,ဤအာရုံခြောက်ပါးတို့တွင်တပါးပါးအာရုံဖြစ်သော အာရမ္မဏ၊ ဤအကြောင်းနှစ်ပါးကြောင့်ဖြစ်ပေါ်လာပါသည်၊ အရူပဘုံ၌ မနောဝိညာဏခေတ်ဖြစ်သောအခါ၊ မှိုရာနိသလသအကြောင်းမရှိဘဲဖြစ်နိုင်ပါသည်။

မေး။ ။ဘသရ-သာဂရ-သာဂရ နဝ်တာရာဖြစ်သောဝိညာဏခေတ်တို့၏အကြောင်းနှင့်တကွဖြစ်ပုံများကိုဖြေဆိုသဖြင့်သိရပါပြီ၊ ထိုဝိညာဏခေတ်ဟူဆိုအပ်သော နဝ်တာရာတို့သည်၊ မြဲသောနိစ္စတရားများဖြစ်ကြပါသလော။

ဖြေ။ ။မြဲသော နိစ္စတရားများမဟုတ်ကြပါ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်သော သင်္ခတတရား

WWW.DHAMMADOWNLOAD.COM

များသာဖြစ်ကြသောကြောင့်၊ ခဏခဏဖြစ်ပြီးလျှင်၊ ခဏ-ခဏပျက်စီးသောအနိစ္စတရားများသာဖြစ်ကြပါသည်။

မေး။ ။ထိုဝိညာဏခေတ်ဟု ဆိုအပ်သော နာမ်တရားတို့သည်၊ တင့်တယ်သော-သုဘသဘော၊ အလိုရှိအပ်သော ဣဋ္ဌသဘော၊ ချမ်းသာအောင်ရွက်ဆောင်နိုင်သော-သုခသဘောနှင့်ပြည့်စုံကြပါသလော။

ဖြေ။ ။သုဘသဘော, ဣဋ္ဌသဘော, သုခသဘောနှင့်ပြည့်စုံကြသည်မဟုတ်ပါ၊ ဝန်မကောင်းသောတရားများသာဖြစ်ကြသောကြောင့်၊ မတင့်တယ်သောအသုဘသဘော၊ အလိုမရှိအပ်သောအနိဋ္ဌသဘော၊ ဆင်းရဲဒုက္ခဖြစ်ပွားအောင် ရွက်ဆောင် ဖန်တီး တတ်သော ဒုက္ခသဘောတို့နှင့်သာပြည့်စုံကြပါသည်။

မေး။ ။ထိုဝိညာဏခေတ်ဟု ဆိုအပ်သော နာမ်တရားအစုကို၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်ဇီဝဟူ၍ စွဲလန်းခြင်းငှာ ထိုက်ပါမည်လော။

ဖြေ။ ။ဝိညာဏခေတ်သဘောသက်သက်မျှသာဖြစ်သောကြောင့်ပုဂ္ဂိုလ်,သတ္တဝါဟူ၍၎င်း၊ငါ,သူတပါးဟူ၍၎င်း၊ယောကျ်ား,မိန်းမဟူ၍၎င်း၊စွဲလန်းခြင်းငှာမထိုက်ပါ။ စင်စစ်အားဖြင့်၊အနှစ်သာရမရှိ,အစိုး

မရသေး၊အနုဿအစစ်၊ သတ္တဝါမဟုတ်,အသက်မ ဟုတ်သောနိဿတ္တ,နိဇ္ဇီဝ,အစစ်မျှသာဖြစ်ပါသည်။

မေး။ ။ထိုဝိညာဏဓာတ်တို့၏ သိမှုကို၊ ပုဂ္ဂိုလ် သတ္တဝါတို့၏သိမှုဟူ၍ခေါ်ဆိုထိုက်ပါသလော။

ဖြေ။ ။အာရုံတိုက်ဆိုက်လာသောအခါ၊ဖြစ်ပေါ် လာသောနာမ်ဓာတ်သဘောမျှသာဖြစ်သောကြောင့်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏သိမှုဟူ၍ မဆိုထိုက်ပါ။ ပရ မတ္ထတရားတို့၏အကြောင်းအားလျော်စွာဖြစ်ပေါ်နေ မှုဟူ၍သာဆိုထိုက်ပါသည်။

### နာမ်တရားတို့၏မှီရာ၊နာမ်တရားတို့၏ အာရုံဖြစ်သော၊ ဝတ္ထုနှင့်အာရုံတို့ ကိုဧဘန်၍ မေးပုံဖြေပုံများ။

မေး။ ။သာရ-သာရ-သာရ။ဝိညာဏဓာတ်တို့နှင့် ဆိုင်သော၊ဖြေကြားချက်များကိုကြားသိရပါသဖြင့်၊ ထက်ဉာဏ်ပွင့်လင်း၍၊ သိမြင်ခြင်း တိုးပွားရပေပြီ၊ ထိုဝိညာဏဓာတ်တို့ဖြစ်ပေါ်ရာတွင်၊မကင်းရာမတင်း ကြောင်းဖြစ်သော၊ ဝတ္ထုနှင့်အာရုံများ ရှိခဲ့ရာတွင်၊ ဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောဝတ္ထုများကို၊ သ ရုပ်အားဖြင့်ဘော်ပြပါ။

ဖြေ။ ။စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု,

WWW.DHAMMARANSI.COM

ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု၊ အသီးဖြင့်ဝိညာဏဓာတ်တို့၏မှီရာဖြစ်သောဝတ္ထုရုပ်တရား-ခြောက်ပါးရှိပါသည်။

မေး။ ။ထိုဝတ္ထုရုပ်ခြောက်ပါးတို့၏ သဘောအဓိပ္ပါယ်များကို၊ ထင်ရှားစွာသိရအောင်ဖော်ပြပါ။

ဖြေ။ ။စက္ခုဝိညာဏ်စိတ်၏မှီရာ၊ အဆင်းဓာတ်၏ထိခိုက်ရာဝတ္ထုကို၊ စက္ခုဝတ္ထုခေါ်ပါသည်၊ မျက်လုံးဟူ၍လည်းခေါ်ပါသည်။ ။သောတဝိညာဏ်စိတ်၏မှီရာ၊ အသံဓာတ်၏ထိခိုက်ရာ ဝတ္ထုကို၊ သောတဝတ္ထုခေါ်ပါသည်၊ နားဟူ၍လည်း ခေါ်ပါသည်။ ။ဃာနဝိညာဏ်စိတ်၏ မှီရာ၊ အနံ့ဓာတ်၏ ထိခိုက်ရာဝတ္ထုကို၊ ဃာနဝတ္ထု ခေါ်ပါသည်၊ နှာခေါင်းဟူ၍လည်းခေါ်ပါသည်။ ။ဇိဝှါဝိညာဏ်စိတ်၏မှီရာ၊ အရသာဓာတ်၏ ထိခိုက်ရာဝတ္ထုကို၊ ဇိဝှါဝတ္ထုခေါ်ပါသည်၊ လျှာဟူ၍လည်း ခေါ်ပါသည်။ ။ကာယဝိညာဏ်စိတ်၏မှီရာ၊ ဖောဋ္ဌဗ္ဗအတွေ့ဓာတ်၏ထိခိုက်ရာဖြစ်သောဝတ္ထုကိုကာယဝတ္ထုခေါ်ပါသည်၊ ကိုယ်ဟူ၍လည်း ခေါ်ပါသည်၊ မနောဓာတ်၊ မနောဝိညာဏ်ဓာတ်တို့၏မှီရာ၊ အာရုံခြောက်ပါးတို့၏ထိခိုက်ရာဖြစ်သောဝတ္ထုကို ဟဒယဝတ္ထုခေါ်ပါသည်၊ နှလုံးဟူ၍လည်းခေါ်ပါသည်။

WWW.DHAMMARANSI.COM


မေး။ ။ထိုဝတ္ထုရုပ်ခြောက်ပါးတို့သည်။ သတ္တဝါတို့၏သန္တာန်၌ အဘယ်မျှလောက် အရေးကြီးပါသနည်း။

ဖြေ။ ။အရေးကြီးပုံကို၊ အစွမ်းကုန်အောင် ဖြေကြားခြင်းငှာမစွမ်းနိုင်ပါ၊ သတ္တဝါတို့သန္တာန်မှာ အရေးအကြီးဆုံးဟူ၍သာ ဖြေဆိုဘွယ် ရှိပါသည်။ ဤဝတ္ထုရုပ် ခြောက်ပါးရှိခြင်းကြောင့်သာလျှင်၊ ငါမြင်နိုင်သည်၊ငါကြားနိုင်သည်၊ ငါနမ်းနိုင်သည်၊ ငါလျက်နိုင်သည်၊ ငါထိတွေ့နိုင်သည်၊ ငါသိနိုင်သည်၊ကြံနိုင်သည်ဟူ၍၊အတ္တဒိဋ္ဌိသဘောအားဖြင့်၊ အထင်အမြင် ကြီးနေကြပါသည်။ ထိုဝတ္ထုရုပ်ခြောက်ပါးသည်။ အတ္တဒိဋ္ဌိကိုအားပေးသောဌာနကြီးခြောက်ပါးဖြစ်ပါသည်။ထိုကြောင့်၊ထိုဝတ္ထုရုပ်ခြောက်ပါးကို၊ အဆုံးအဆမရှိအောင်အရေးကြီးသည်ဟူ၍ဖြေဆိုပါသည်။

မေး။ ။ဝတ္ထုရုပ်ခြောက်ပါးရှိခြင်းကြောင့်၊ဘုံသုံးပါးအတွင်းမှာ၊အဘယ်သို့သော အလုပ်များကြီးမှာ၍ နေပါသနည်း။

ဖြေ။ ။ဝတ္ထုရုပ်ခြောက်ပါးရှိခြင်းကြောင့်၊ ဝိညာဉ်ခြောက်ပါးတို့ဖြစ်ပေါ်ကြပါသည်။ထိုအခါ၊ မြင်မှုအလုပ်ကြီး၊ကြားမှုအလုပ်ကြီး၊နမ်းမှုအလုပ်ကြီး၊လျက်မှုအလုပ်ကြီး၊တွေ့ထိမှုအလုပ်ကြီး၊သိမှု၊ကြံမှု အလုပ်

ကြီး။ ဤအလုပ်ကြီးခြောက်ပါး ကြီးပွား၍နေပါသည်။ ဤအလုပ်ကြီးခြောက်ပါးကိုပင်၊ သဗ္ဗဝါတို့၏ပဓာန အလုပ်ကြီး၊ ဘုံသုံးပါးတည်းဟူသော သံသရာ၏ပဓာနအလုပ်ကြီးများဖြစ်သည်ဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ထိုပဓာနအလုပ်ကြီးခြောက်ပါး၊ ကြီးပွား၍နေပါလျှင်၊ အဘယ်သို့သောအကျိုးတွေဖြစ်ပေါ်၍နေပါသနည်း။

ဖြေ။ ။ရေတွက်ခြင်းငှာ ဆုံးနိုင်ဘွယ်ရာမဟုတ်သော ဝဋ္ဋဒုက္ခအကျိုးတွေ၊ ဖြိုးဖြိုးဝေအောင်ဖြစ်ပေါ်၍နေကြပါသည်၊ မြင်မှုအလုပ်ကြီးကိုအကြောင်းပြု၍၊ ကောင်းမှုကုသိုလ်ကံတွေ၊မကောင်းမှုအကုသိုလ်ကံတွေမဆုံးနိုင်အောင်ဖြစ်ပေါ်နေကြပါသည်၊ ။ထိုကံများအတွက်ကြောင့်၊သံသရာဘုံတခွင်၌၊ ကုသလဝိပါက်ထည်းဟူသောကောင်းကျိုးတွေ၊ အကုသလဝိပါက်တည်းဟူသော မကောင်းကျိုးတွေ၊ ကမ္ဘာရပ်တွေဖြစ်ပေါ်၍နေကြပါသည်၊ ။ထိုနည်းတူစွာ၊ကြားမှုအလုပ်ကြီးကို အကြောင်းပြု၍၊ နမ်းမှုအလုပ်ကြီးကို အကြောင်းပြု၍၊ လျက်မှုမျိုမှု အလုပ်ကြီးကိုအကြောင်းပြု၍၊တွေ့ထိမှုအလုပ်ကြီးကိုအကြောင်းပြု၍၊ သိမှု,ကြံမှု,အလုပ်ကြီးကိုအကြောင်းပြု၍၊ ကောင်းမှုကုသိုလ်ကံတွေ, မကောင်းမှုအကုသိုလ်ကံတွေ, မ-

ဆုံနိုင်အောင် ဖြစ်ပေါ် နေကြပါသည်၊ ထိုကံများဆံ ထွက်ကြောင့်၊ ကုသလ ဝိပါက် တည်းဟု သော အောင်းကျိုးတွေ၊အကုသလဝိပါက်တည်းဟုသောမ ကောင်းကျိုးတွေ၊ ကမ္မဇရုပ်တွေ ဖြစ်ပေါ်၍နေကြပါ သည်၊ ထိုကဲ့သို့အကျိုးဝိပါက်တွေ, ကမ္မဇရုပ် တွေ,အဖြင်မပြတ်-အတောမသတ်နိုင်အောင်၊ဆက် ထက်ဖြစ်ပေါ်၍နေသည်ကိုပင်၊သံသရာကြီးဟူ၍ခေါ် ဆိုရပါသည်၊

မေး၊ ထိုကဲ့သို့ အစဉ်မပြတ် ဆက်ထက်၍နေ သော သံသရာဝဋ်စာတ်ကင်းပြတ်အောင်၊ ထိုဝဋ္ဋ ခြောက်မျိုးနှင့် စပ်လျဉ်း၍၊ အဘယ်ကဲ့သို့သော အ ထုပ်မျိုးထိုထုတောင်ရပါမည်နည်း၊

ဖြေ၊ ထိုဝဋ္ဋရုပ် ခြောက်မျိုးကို၊ သံသရာ၌ လည့်ကြောင်း၊သံသရာမှထွက်မြောက်ကြောင်းဟူ၍ ဆိုနိုင်ပါသည်၊ ထို ဝဋ္ဋခြောက်မျိုးကို၊ တစုံတရာ ဆင်ခြင်ခြင်းမရှိဘဲ၊ ဖြစ်မြဲ အတိုင်းလက်လွှတ်၍ထား လိုက်ပါလျှင်၊သံသရာရှည်သည်ထက် ရှည်လျားရန် သာဖြစ်ပါသည်၊ ခေတ်ကိုအရင်းထား၍၊ဝိပဿ နာဉာဏ်အားဖြင့် မှန်သောအတိုင်း ထင်မြင်အောင် ဆင်ခြင်ရှုစားခဲ့ပါလျှင်သံသရာမှထွက်မြောက်ကြောင်း ဖြစ်နိုင်ပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။သံသရာ ဝဋ်ဓာတ်မှ၊ ကင်းငြိမ်းထွက်မြောက်အောင်ဆင်ခြင်ပုံကို၊ အမြွက်မျှဖော်ပြပါ။

ဖြေ။ ။စက္ခုဝိညာဏ်ကိုအကြောင်းပြု၍၊ အဆင်းရူပါရုံကိုမြင်ရာ၌၊ စက္ခုဝိညာဏ်, ရူပါရုံ, စက္ခုဝိညာဏ်, ဟူ၍ဓာတ်သုံးပါးဖြစ်ပေါ်တိုက်ဆိုင်ကြပါသည်။ ။ထိုဓာတ်သုံးပါးတို့က၊ မြင်ခြင်းကိစ္စဖြစ်အောင်ရွက်ဆောင်ကြသောအခါ၊ ဖဿ, ဝေဒနာ, စေတနာ, ဓာတ်များသည်၊နောက်လိုက်အနေအားဖြင့် ဖြစ်ပေါ်၍လာကြပြန်ပါသည်။ ။ထိုအခါငါမြင်သည်၊ယောကျ်ားကိုငါမြင်သည်၊မိန်းမကိုငါမြင်သည်၊ ဥယျာဉ်ပန်းမာလ်ကိုငါမြင်သည်၊ ဤသို့စသောအားဖြင့်၊ အတ္တနှင့်ဆိုင်သော အထင်အမျိုးမျိုးတွေ ဖြစ်ပေါ်၍ လာကြပါသည်။ ။ဝိပဿနာဉာဏ်ဖြင့်ဆင်ခြင်သည်ရှိသော်၊ ငါမြင်သည်မဟုတ်၊ စက္ခု, ဝိညာဏ်, ရူပါရုံ, စက္ခုဝိညာဏ်, ဤဓာတ်သုံးပါးတို့၏ ဖြစ်ပေါ်တိုက်ဆိုင်ခြင်းကြောင့် မြင်မှုသဘော ပေါ်ပေါက်လာရခြင်းဖြစ်၍၊ ဓာတ်တို့၏ မြင်ခြင်းကိစ္စမျှသာဖြစ်သည်၊ သတ္တဝါတို့၏မြင်ခြင်းမဟုတ်၊ အမြင်ခံသော ရူပါရုံသည်လည်း ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်းမဟုတ်၊ ဥယျာဉ် ပန်းမာလ် လည်း မဟုတ်၊ အဆင်း ရူပါရုံ သက်သက်မျှသာ ဖြစ်သည်၊ ဤကဲ့သို့ထင်မြင်နိုင်ပါ

WWW.DHAMMARANSI.COM

ရှေ့ငါး၊ ပရမတ္ထခေတ်ဉာဏ်ဆိုက်ရောက်၍၊ ဝိပဿနာ အလင်းပေါ်ပေါက်သည့်ဟူ၍ ဆိုရပါသည်။ အနုဗ္ဗ ဝိဇ္ဇာဉာဏ်ပွင့်လင်း လာသည်ဟူ၍လည်း ဆိုနိုင်ပါ သည်။ ။ထိုဖြင့်ဆင်ခြင်ရှုစားရန် လိုဖြန့်သည်မှာ၊ စက္ခုဝဏ္ဏ၊ ရူပါရုံ၊ စက္ခုဝိညာဉ်၊ ဤခေတ်သုံးပါးတို့ သည်၊ အမြဲထာဝရအစဉ်တည်နေကြသောခေတ်မျိုး မဟုတ်ကုန်၊ အကြောင်းအားလျော်စွာခဏ၊ ခဏ၊ ဖြစ် ၍၊ ခဏ၊ ခဏ၊ ချုပ်ဆုံးသော ခေတ်များဖြစ်ကြသော ကြောင့်၊ အနိစ္စအမှန်တွေ့ဖြစ်ကြပါသည်။ ဝဋ်ဒုက္ခဆင်း ရဲမှုစ၍၊ အမျိုးမျိုးဆင်းရဲအောင် ရှက်ဆောင်သော ခေတ်များဖြစ်သောကြောင့်၊ ဒုက္ခအမှန်တွေ့ဖြစ်ကြပါ သည်။ ဤကဲ့သို့ထင်မြင်လာအောင် ရှုဆင်ခြင်သော အခါ၊ အနိစ္စ ဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်များ ပေါ် ပေါက်၍ လာပါသည်။ ။ဤသို့ ပြဆိုခဲ့ပြီးသောအ ထိုင်း၊ စက္ခုဝဏ္ဏကို အကြောင်းပြု၍၊ အနိစ္စဝိဇ္ဇာ ဉာဏ်၊ ဒုက္ခ ဝိဇ္ဇာဉာဏ်၊ အနတ္တ ဝိဇ္ဇာဉာဏ် ပေါ် ပေါက်၍လာအောင်ရှုဆင်ခြင်နိုင်ပါလျှင်၊ သံသရာမှ ထွက်မြောက်၍၊ နိဗ္ဗာန်သို့ ပေါက်ရောက် စေနိုင်ပါ သည်။ ။သောတဝဏ္ဏသည်တို့၌လည်း၊ ထိုနည်း တူစွာ၊ အနိစ္စဝိဇ္ဇာဉာဏ်၊ ဒုက္ခဝိဇ္ဇာဉာဏ်၊ အနတ္တ ဝိဇ္ဇာဉာဏ်ပေါ် ပေါက်အောင်ရှုဆင်ခြင်ရပါသည်။

WWW.DHAMMADOWNLOADS.COM

မေး။ ။သာဝရ-သာဝရ-သာဝရ၊ စက္ခု ဝဿကို အကြောင်းပြု၍ ပိပဿနာပိဋ္ဌာဥာဏ်ပေါ်ပေ၊ ကံအောင် ရှုဆင်ခြင်ပုံများကို၊ သိမ်မွေ့နက်နဲစွာ ဖြေကြားပေသောကြောင့်၊ ဥာဏ်အမြင်ရှင်းနောင်၊ ပွင့်လင်းစွာသိရပ၊ ပေပြီ၊ ထိုဝဿ ခြောက်ပါးကိုဘုံအားဖြင့်ရသင့်၊ မရသင့်၊ ဝေဘန်၍ပြပါ၊

ဖြေ။ ။ကာမတဆဲ တဘုံတို့မှာ၊ ဝဿခြောက်ပါးကိုစုံလင်စွာရရှိနိုင်ပါသည်၊ အသညသတ် ကြွင်သော၊ ရူပ-၁၅ ဘုံတို့မှာ၊ စက္ခုဝဿ၊ သောတဝဿ၊ ဟဒယဝဿ ၊ ဤဝဿသုံးပါးကိုသာ ရနိုင်ပါသည်၊ အသညသတ်ဘုံ ၊ အရူပလေးဘုံ၊ ဤခြောက်ဘုံတို့မှာဝဿရုပ်တခုကိုမျှမရနိုင်ပါ၊

မေး။ ။ဝဿ ခြောက်မျိုးတွင်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဤဝဿငါးပါးတို့ကို၊ အဘယ် အမည်သညာတို့ဖြင့်ခေါ်ဆိုရပါသေးသနည်း၊

ဖြေ။ ။ထိုဝဿငါးပါးတို့ကို၊ ပသာဒ၊ ဟူသောအမည်၊ ဒွါရဟူသောအမည်တို့ဖြင့် ခေါ်ဆိုရပါသေးသည်၊

မေး။ ။အဘယ်ကြောင့် ပသာဒဟူ၍ခေါ်ဆိုရပါသနည်း၊

WWW.DHAMMAWARANSBOOK

ဖြေ။ ။ဖတ်,မှန်,ကဲ့သို့ ကြည်လင်၍၊ အာရုံထင်သည့်ကိုပသာဒဟုခေါ်ဆိုရပါသည်၊အာရုံတို့၏ထင်ရာ ကြည်လင်သောဝတ္ထုများဖြစ်၍၊ ပသာဒဟုခေါ်ဆိုရပါသည်၊အကြည်ဓာတ်-ဟူ၍လည်းခေါ်ဆိုရပါသည်၊

မေး။ ။ထိုပသာဒငါးမျိုးတို့၌၊ အသီးအသီးအာရုံထင်ပုံကိုဖော်ပြပါ၊

ဖြေ။ ။စက္ခုအကြည်ဓာတ်၌၊ အဆင်းမျိုးစုံ-ရူပါရုံထင်ပါသည်၊သောတအကြည်ဓာတ်၌၊ အသံမျိုးစုံ-သဒ္ဒါရုံထင်ပါသည်၊ဃာနအကြည်ဓာတ်၌၊ အနံ့မျိုးစုံ-ဂန္ဓာရုံထင်ပါသည်၊ဇိဝှါအကြည်ဓာတ်၌၊အရသာမျိုးစုံ-ရသာရုံထင်ပါသည်၊ ကာယအကြည်ဓာတ်၌၊ အတွေ့အထိမျိုးစုံ-ဖောဋ္ဌဗ္ဗာရုံထင်ပါသည်၊ဤကဲ့သို့အကြည်ဓာတ်အသီးသီးတို့၌ အာရုံ အသီးသီးတို့ထင်ကြပါသည်၊

မေး။ ။ဝတ္ထုရုပ်ငါးပါးကို၊အဘယ်ကြောင့်ဒွါရ-ဟူသောအမည်ဖြင့်ခေါ်ဆိုရပြန်ပါသနည်း။

ဖြေ။ ။လောက၌ရှိသောတံခါးပေါက်များသည်၊ထွက်ရာဝင်ရာဖြစ်သကဲ့သို့၊ထိုနည်းတူစွာ၊ စိတ်တို့၏ထွက်ပေါ်ရာ၊အာရုံတို့၏ ဝင်ရာများ ဖြစ်ကြသောကြောင့်၊ဒွါရ-ဟူသောအမည်ဖြင့်ခေါ်ဆိုရပါသည်၊

WWW.DHAMMARANSI.COM

## ဝီထိအဖြစ်ကိုဖြေဆိုချက်။

မေး။ ။စက္ခုအကြည်ဓာတ်၌၊ ရူပါရုံထင်မြင်လာခြင်းကြောင့်၊ စက္ခုဒွါရဝီထိစိတ်များဖြစ်ပေါ်လာကြသည်ဟုဆိုရာ၊ ထိုကဲ့သို့ဖြစ်ပုံကို၊ အတိမဟန္တာရုံ ဝီထိတခုချ၍ဖြေဆိုပါ၊

ဖြေ။ ။စက္ခုအကြည်ဓာတ်၌၊ ရူပါရုံထင်မြင်လာသောအခါ၊ ဖြစ်ပေါ်လာသော အတိမဟန္တာရုံဝီထိသည်ကား၊ ။အတီတဘဝင်၊စလနဘဝင်၊ ဥပစ္ဆေဒဘဝင်၊ပဉ္စဒွါရာဝဇ္ဇန်း၊စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ဝုဋ္ဌော၊ဇော-၇-ကြိမ်၊ တဒါရုံနှစ်ကြိမ်၊ ထို့နောက် ဘဝင်စိတ်၊ ။ဤသည်ကား၊ အတိမဟန္တာရုံ-စက္ခုဒွါရဝီထိဖြစ်ပါသည်၊

မေး။ ။အဘယ်ကြောင့် စက္ခုဒွါရဝီထိဟူ၍ ခေါ်ဆိုရပါသနည်း၊

ဖြေ။ ။စက္ခုအကြည်ဓာတ်၌ရူပါရုံထင်လာသောအခါ၊စက္ခုဒွါရကိုပဓာနထား၍၊ စိတ်အများဖြစ်ပေါ်လာကြသောကြောင့်၊စက္ခုဒွါရဝီထိဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ဖြေဆိုခဲ့သော ဝီထိ၌၊ ရူပါရုံကို အာရုံပြုသောစိတ်တို့ကို။မှီရာဝတ္ထုနှင့်တကွဖြေဆိုပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။ရှေ့ဘဝင်,နောက်ဘဝင်,များကိုချန်ထား၍ပဉ္စဒွါရာဝဇ္ဇန်းအစ၊ တဒါရုံအဆုံးရှိသော စိတ်တို့၏ရုပ်ပါရုံကိုအာရုံပြုကြပါသည်။ ရှေ့ဘဝင်,နောက်ဘဝင်,စိတ်တို့သည်ကား၊နိမိတ်ပြုမြဲတိုင်း၊ ဖြစ်ခဲ့သောအာရုံကိုသာ၊ အာရုံ ပြုကြပါသည်။ ။မှီရာကိုဆိုသော်၊စက္ခုဝိညာဏ်တရားသာလျှင်၊စက္ခုဒွါရကိုမှီ၍၊ ဖြစ်သော စိတ်တို့က၊ ဟဒယဝတ္ထုကို မှီကြပါသည်။

မေး။ ။ထိုဝီထိ စိတ်များကို၊ ဓာတ်အားဖြင့်ဝေဘန်၍ပြပါ။

ဖြေ။ ။ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းသည်၊ မနောဓာတ်ဖြစ်ပါသည်၊ စက္ခုဝိညာဏ်စိတ်သည်၊ သူ့အမည်သညာအတိုင်း စက္ခုဝိညာဏ ဓာတ် ဖြစ်ပါသည်။ ကြွင်းသောစိတ်တို့သည်ကား၊ မနောဝိညာဏဓာတ် ဖြစ်ကြပါသည်။

မေး။ ။ဘာ့ အတွက်ကြောင့် စက္ခုဒွါရ ဝီထိစိတ်တွေ ဖြစ်ပေါ်ကြပါသည်၊ ထိုကဲ့သို့ ဖြစ်ပေါ်အောင်စီရင်ပေးသောပုဂ္ဂိုလ်များရှိနေပါသလော။

ဖြေ။ ။ဝီထိစိတ်တွေ ဖြစ်ပေါ်အောင်၊ စီရင်ဘန်ဆင်ပေးသောပုဂ္ဂိုလ်မရှိပါ။ရုပ်ပါရုံတည်းဟူသောအာရုံသတ်၊ စက္ခုပသာဒတည်းဟူသောအမောင်း၊ ဤ

WWW.DHAMMADOWNLOAD.COM

အဖိုဓာတ်, အမဓာတ်, နှစ်ပါး တိုက်ခိုက်ကြရာ၊ ရုပ်ဓာတ်, နာမ်ဓာတ်, တို့၏ သဘော ဓမ္မတာ အားဖြင့်၊ စိတ်တွေဖြစ်ပေါ်လာကြပါသည်။ မီးခပ်ကျောက်နှင့်၊ မီးခပ်သံတုံး ထိခိုက်မိရာ၊ မီးပွားမီးပွင့်ကလေးတွေ ပွင့်ပေါ်သကဲ့သို့ပင်ဖြစ်ပါသည်။

မေး။ ။ဝတ္ထုနှင့်အာရုံတို့၏၊ အမ, အဖို, သဘော တို့ကိုစုံလင်စွာဖြေကြားပါဦး။

ဖြေ။ ။စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဤ ငါးပါးကို၊ အတိုက်အခိုက် ခံရသောကြောင့် ဓာတ်မ ဟူ၍ခေါ်ဆိုရပါသည်။ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဤငါးပါးကို၊ အတင်းဝင်၍တိုက်ခိုက် တတ်သောကြောင့်၊ ဓာတ်ဖိုဟူ၍ခေါ်ဆိုရပါသည်။ ။ ထို့ပြင် ဓာတ်မကို-အတွင်းဓာတ်၊ ဓာတ်ဖိုကို-အပြင် ဓာတ်ဟူ၍လည်း ခေါ်ဆိုရပါသေးသည်။ ။ထို့ပြင် လည်း ဓာတ်ဖိုများကိုအတင်းတိုက်ခိုက်တတ်သော ဒမြနှင့်တူ၏၊ ဓာတ်မများကိုအတိုက်ခံရသော မြို့ရွာ များနှင့်တူ၏ဟူ၍လည်း၊ ရှင်တော်မြတ်ဘုရား ဟော တော်မူပါသည်။

မေး။ ။စက္ခုဒွါရ ဝီထိဖြစ်ပေါ်၍၊ အမြင်ဓာတ် ပေါ်လာသည်ကို၊ သတ္တဝါတို့က ဒါဘယ်သို့စွဲလန်း ထင်မြင်ကြပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။သတ္တဝါတို့ကား ငါမြင်သည်၊ သူမြင်သည်၊ မိန်းမမြင်သည်၊ ယောကျ်ားမြင်သည်ဟူ၍ ထင်မြင်စွဲလမ်းကြပါသည်။

မေး။ ။ထိုကဲ့သို့သောထင်မြင်ချက်ကို အဘယ်သို့ဆိုရမည်နည်း။

ဖြေ။ ။အတ္တဒိဋ္ဌိ နှိုးဆော်သော ထင်မြင်ချက်မျိုးဖြစ်၍၊ အထင်မှားကြီး၊ အစွဲမှားကြီးဟူ၍ဆိုရပါမည်။ စင်စစ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့၏ မြင်မှုမဟုတ်ပါ၊ ရုပ်နာမ်တို့၏ဓမ္မနိယာမသဘောအားဖြင့်မြင်ခြင်း ထိုင်ငှာကို ရွက်ဆောင်ကြခြင်းမျှသာဖြစ်ပါသည်။ ဤကဲ့သို့ဓါတ်သဘောတို့၏နိယာမကိစ္စကြီးကိုမြင်ပါလျှင်၊ အတ္တဒိဋ္ဌိပျောက်၍၊ အနတ္တပိဋ္ဌာဉာဏ် ပေါ်ပေါက်နိုင်ပါသည်။

မေး။ ။အာရုံဓါတ်နှင့်အကြည်ဓါတ်တို့၏ တိုက်ခံမှုကြောင့်ဖြစ်ပေါ်ကြသောဝီထိစိတ်တို့သည် ခိုင်မြဲစွာတည်တန့်နိုင်ကြပါ၏လော။

ဖြေ။ ။ခိုင်မြဲစွာတည်တန့်၍မနေနိုင်ပါ။ ဥပါဒ်သဘောအားဖြင့် ယုတ်တရက် ဖြစ်ပေါ်ပြီးလျှင်၊ ဌီသဘောအားဖြင့်တည်တန့်သည်ဆိုရုံကလေးမျှတည်နေ၍ ဘင်သဘောအားဖြင့်ပျက်စီးကြပါသည်။ ဤမျှ

WWW.DHAMMARANSI.COM

ဆော လျင်မြန်စွာ ဖြစ်ပေါ် ပျက်စီး သွားကြသော ကြောင့်၊အနိစ္စအစစ်ဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ဥပါဒ်, ဋ္ဌီ, ဘင်,ဆိုသော အချိန်ကာလ သည်အဘယ်မျှလောက်ကြာမြင့်ပါသနည်း။

ဖြေ။ ။ဥပမာပြဘွယ်မရှိအောင်တိုတောင်းလှပါ သည်။မျက်တောင်တခတ်၊လျှပ်တပျက် အချိန်ကလေး ကို၊ကုဋေတသိန်းစိပ်၍၊ တစိပ်စာမျှ၊ရှည်ကြာသည်မ ဟုတ်ပါ။

မေး။ ။ဝိညာဏ်ဘုရားတို့၏အသက်တိုကြောင်း ကိုသိရပါပြီ။ ရုပ်တရားများသည်လည်း၊ ထိုနည်းတူ စွာပင်၊အသက်တိုပါသလော။

ဖြေ။ ။နာမ်တရားတို့နှင့်နှိုင်းစာလျှင်၊ ရုပ်တရား တို့က၊အတန်ကလေးတိုး၍အသက်ရှည်ကြပါသည်။ နာမ်နှင့်ရုပ် အတူ ဥပါဒ်ပြိုင်၍ ဖြစ်ကြရာတွင်၊ နာမ် စိတ်ပေါင်း-၁၇-ကြိမ်ပျက်စီးမှ၊ရုပ်ကတကြိမ် ပျက် စီးပါသည်။ သို့ဖြစ်၍ ရုပ်တရားသည် နာမ်တရား ထက် (၁၆) တဆဲ့ခြောက်ဆပို၍ အသက် ရှည် ကြောင်းထင်ရှားပါသည်။

မေး။ ။စက္ခုဒွါရ၌ဝီထိကျ၍၊ မြင်မှု သဘောတွေ ဖြစ်ပေါ်၍နေသည်ကို၊ချမ်းသာသည်ဟူ၍ ဆိုထိုက် ပါသလော။

ဖြေ။ ။ချမ်းသာသည်ဟူ၍ မဆိုထိုက်ပါ။ မျက်စိ နှင့်ရူပါရုံကို အကြောင်းပြု၍၊ မြင်မှုသဘောတွေဖြစ် ပေါ်နေခြင်းကို၊ဆင်းရဲသည်ဟူ၍ဆိုထိုက်ပါသည်။ ။ မြင်မှုကိုအကြောင်းပြု၍၊နောင်အခါအကျိုးပေးလတ္တံ့ သော ကံအမျိုးမျိုးတွေ ဖြစ်ပေါ် ပြီးလျှင်၊ အနာဂတ် ဘဝသရေတခွင်၌၊ အဆုံးမပြတ်နိုင်အောင်၊ အကျိုးဝိ ပါက်တွေဖြစ်ပေါ်၍နေပါလိမ့်မည်၊ ထိုကဲ့သို့ဖြစ်ပေါ် ၍နေမှုကိုပင်၊ဝဋ် သရေဟူ၍ခေါ်ဆိုရပါသည်။ထို ဝဋ်သံသရာသည်ပင်လျှင်၊ ဆင်းရဲဒုက္ခအစစ်ကြီးဖြစ် ပါသည်။

မေး။ ။သခင်ဘုရား-သခင်ဘုရား-သခင်ဘုရား၊ မျက်စိနှင့် ရူပါရုံ၊ တွေ့ဆုံ တိုက်ခိုက်မိခြင်းကြောင့်၊ စက္ခုဒွါရဝီထိစိတ် တွေဖြစ်ပေါ်ပုံ၊ထိုစိတ်တို့၏ အမြဲမရှိပုံ, ဆင်းရဲပုံ,ငါ ဟူ၍မစွဲထင်းသင့်ပုံများကို၊ရှင်းလင်းစွာဖြေကြား၍၊ အနိစ္စဝိပဿနာဉာဏ်,ဒုက္ခဝိပဿနာဉာဏ်,အနတ္တဝိပဿနာဉာဏ်, ဤသုံးတန်သောဝိပဿနာအချက်တို့၊ နက်နဲစွာထိရှိ ပေပြီ၊ ထိုမြင်တပါး၊ သောတအကြည်နှင့် သဒ္ဒါရုံ တွေ့ဆုံ တိုက်ခိုက်မိခြင်းကြောင့်၊ သောတဒွါရဝီထိ စိတ်ဖြစ်ပေါ်ပုံများကို၊ ဝိပဿနာအချက်ပေါ်ပုံနှင့်တ ကွ ရှင်းလင်းစွာဖြေကြားပါ။

ဖြေ။ ။ အထူးချဲ့ထွင်၍ ဖြေကြားနေရန် လိုတော့

WWW.DHAMMARANSI.COM

သည်မထင်ပါ၊ စက္ခုအကြည်ဓာတ်နှင့် အဆင်းဓာတ် ထိခိုက်မိကြရာ၊ စက္ခုဒွါရဝီထိဖြစ်ပုံနှင့်တကွ၊ ဝိပဿနာဆင်ခြင်ပုံကိုစုံလင်စွာဖြေကြားပြီးခဲ့ရာ၊ ထိုနည်းအတိုင်းပင်၊ သောတအကြည်နှင့်-သဒ္ဒါရုံ၊ ဃာနအကြည်နှင့်-ဂန္ဓာရုံ၊ ဇိဝှါအကြည်နှင့်-ရသာရုံ၊ ကာယအကြည်နှင့်-ဖောဋ္ဌဗ္ဗာရုံတိုက်ခိုက်မိကြရာ၌၊ စိတ်အစဉ်ဖြစ်ပေါ်ကြသော၊ သောတဒွါရဝီထိစသည့်တို့၌လည်း၊ ဉာဏ်ဖြင့် ချဲ့ထွင်၍၊ အမြင်ဉာဏ် ပွင့်လင်းထိုက်ဖွယ်ပါတော့သည်၊

မေး။ ။ပဉ္စဒွါရနှင့်၊ ပဉ္စဝိညာဏ်တို့ ဖြစ်ပုံကို၊ စုံလင်စွာဖြေကြားသဖြင့်၊ အသိဉာဏ်တိုးပွားရပေပြီ၊ မနောအကြည်နှင့်၊ ဓမ္မာရုံတို့၏ ထိခိုက်ဖြစ်ပေါ်ပုံကိုဖြေဆိုပါဦးလော၊ အဘယ်စိတ်များကို မနောဒွါရဟူ၍ခေါ်ဆိုပါသည်နည်း၊

ဖြေ။ ။ဘဝင်စိတ်တဆဲ့ကိုးပါးကို၊ မနောဒွါရခေါ်ပါသည်၊

မေး။ ။မနောဒွါရကို အဘယ်ကြောင့် မနောအကြည်ဓာတ်ဟူ၍ခေါ်ဆိုရပါသနည်း၊

ဖြေ။ ။အလွန်များပြားလှစွာသော ဓမ္မာရုံတို့ထင်အောင်၊ ကြည်လင်သောကြောင့်၊ မနောအကြည်ဓာတ်ဟူ၍ခေါ်ဆိုရပါသည်၊ -

WWW.DHAMMARANSI.COM

မေး။ ။မနောအကြည်ခေတ်၌၊ ဓမ္မာရုံထင်မြင်ဘာရော၊ ဖြစ်ပေါ်သောစိတ်အစဉ်ကို အဘယ်သို့ခေါ်ပါသနည်း။

ဖြေ။ ။မနောဒွါရဝီထိ စိတ်အစဉ်ဟူ၍ ခေါ်ဆိုပါသည်၊ မနောဝိညာဏ်စိတ်တွေ ဟူ၍လည်း ခေါ်ပါသည်၊

မေး။ ။ထိုမနောဝိညာဏ်စိတ်တို့ဖြင့်၊ အမျိုးမျိုးအတွေ့အကြုံမှု့သိမှု့များကို၊အတ္တဒိဋ္ဌိတန်းလန်းကြီးနှင့်ကြသောသတ္တဝါတို့က၊အဘယ်သို့စွဲလန်းထင်မြင်ကြပါသနည်း။

ဖြေ။ ။အတ္တဒိဋ္ဌိ တန်းလန်းကြီးတွေ ရှိနေကြကုန်သော၊ ဘဝအရေးသမား သတ္တဝါအများတို့က၊ မနောဝိညာဏ်စိတ်တို့၏သိမှု့ကြုံမှု့တွေကို၊ငါသိသည်၊ငါကြုံသည်၊ သူသိသည်၊သူကြုံသည်။ စသောအားဖြင့်၊ သတ္တဝါဘက်သို့ခဲ၍၊စွဲလန်းထင်မြင်ကြပါသည်၊

မေး။ ။ထိုကဲ့သို့သောစွဲလန်းထင်မြင်မှုများကိုအဘယ်သို့ခေါ်ဆိုရပါမည်နည်း။

ဖြေ။ ။အဝိဇ္ဇာမှောင်ကြီးကျ၍၊အတ္တဒိဋ္ဌိ၏တိုက်တွန်းချက်ကြောင့်၊ ထင်မြင်သောအထင်၊ အမြင်၊များဖြစ်ပေါ်သောကြောင့်၊ အထင်မှားကြီး၊ အစွဲမှားကြီးဟူ၍သာ သင့်ခေါ်ဆိုရပါမည်။ငါစစ်သောကား၊ပုဂ္ဂိုလ်

WWW.DHAMMARANSI.COM

သတ္တဝါတို့၏၊ ကြံမှု၊ သိမှု၊ တွေမှု မဟုတ်ပါ၊ မနောအာ ကြည့်နှင့်မွှောရုံတို့၏ထိခိုက်မိခြင်းကြောင့်၊ မမှန်ဟသော မသဘောအားဖြင့်၊ မနောဝိညာဏ်စိတ်တွေဖြစ်ပေါ် ကြပြီးလျှင်၊ထိုထိုတို့၏ဆိုင်ရာကိစ္စကို၊ဝိဇာနနသတ္တိဖြင့် ဆောင်ရွက်ခြင်းမှုသာဖြစ်ပါသည်၊ ဤကဲ့သို့၊ မနော ဝိညာဉ်စိတ်တို့၏ မမှန်ဟသောမသဘောကြီးကို မြင်ပါ လျှင်၊ အတ္တဒိဋ္ဌိပျောက်၍၊ အနတ္တဝိဇ္ဇာဉာဏ် ပေါ် ပေါက်နိုင်ပါသည်၊

မေး။ ။မနောဒွါရဝီထိဟုခေါ်သောမနောဝိညာဏ် စိတ်တို့သည်၊ခိုင်မြဲစွာတည်တန့်နိုင်ကြပါ၏လော၊

ဖြေ၊ ။ခိုင်မြဲစွာတည်တန့်နိုင်ကြသည်မဟုတ်ပါ၊ ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ သဘောအားဖြင့်၊ အခိုက်အတန့်ဖြစ် ပေါ်၍၊ လျှင်မြန်စွာပျက်စီး ချုပ်ဆုံးသွားကြပါသည်၊ သို့ဖြစ်လေသောကြောင့်၊ အနိစ္စအစစ်အမှန်တွေဟု၍ ခေါ်ဆိုရပါသည်၊

မေး။ ။မနောဝိညာဏ်စိတ်တို့၏ သိမှု၊ ကြံမှု၊ တွေ အမျိုးမျိုးဖြစ်ပေါ်၍နေသည်ကို၊ ချမ်းသာသည်ဟု၍ ဆိုထိုက်ပါသလော၊

ဖြေ။ ။ချမ်းသာသည်ဟု၍ မဆိုထိုက်ပါ၊ ဆင်းရဲ မှုသဘောတွေသာဖြစ်ပေါ်၍နေသည်ဟုဆိုထိုက်ပါ သည်၊ ။ထိုသိမှု၊ ကြံမှု၊ တွေကို အကြောင်းပြု၍၊

www.dhammadana.com

နှောင်အခါအကျိုးပေးလတ္တံ့သော ကံအမျိုးမျိုးတွေ ဖြစ်ပေါ်ပြီးလျှင်၊ အနာဂတ်သံသရာတခွင်မှာ၊ ဆုံးမျှင် မပြတ်နိုင်အောင်၊ ဆက်ကျိုးဝိပါက်တွေဖြစ်ပေါ်၍နေကြ ပါလိမ့်မည်၊ ထိုကဲ့သို့ ဆုံးမျှင်မပြတ်, အစဉ်မပြတ်, ဖြစ်ပေါ်၍နေမှုကိုပင်၊ ဝဋ်သံသရာဟူ၍ ခေါ်ဆိုရပါ သည်၊ ထိုဝဋ်သံသရာသည်ပင်လျှင်၊ ဒုက္ခတုံးအစစ် ကြီးဖြစ်ပါသည်၊

မေး။ ။ဝိညာဏ်ခြောက်ပါးတို့ကို၊ ဝဋ်၊ အာရုံ၊ တို့ နှင့်တကွ၊ ဝိပဿနာဉာဏ်သို့တိုင်အောင်၊ မြင်မြင် ကြီးဖြေကြားပေးသည့်အတွက်၊ ထူးခြားကဲလွန်စွာအ ကျိုးချက်ပြန်သင်းရပေပြီ၊ ထိုဝိညာဏ် ခြောက်ပါးတို့ ထွင်းဖောက်ဝိညာဏ် စိတ်ကို၊ ခွဲခြားလျှင်၊ အဘယ်သို့ ခွဲခြားရပါသနည်း၊

ဖြေ။ ။နာမ်ခန္ဓာလေးပါးခွဲရပါသည်၊

မေး။ ။ထိုနာမ်ခန္ဓာလေးပါးတို့ကို၊ သရုပ်နှင့်တကွ ခန္ဓာခွဲပုံကိုဖော်ပြပါ၊

ဖြေ။ ။စက္ခုဝိညာဏ်စိတ်မှာ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်-၇-ပါးယှဉ်ပါသည်၊ စိတ်နှင့်တကွနာမ် တရားရှစ်ပါးရှိပါသည်၊ ထိုနာမ်တရားရှစ်ပါးကို၊ နာမ် တရားအပေါင်းဟူ၍ ခေါ်နိုင်ပါသည်၊ ။ထိုနာမ်တရားရှစ် ပါးတို့တွင်သော၊ ဝေဒနာကို ဝေဒနာက္ခန္ဓာဟုခွဲရပါ

WWW.DHAMMARANSI.COM

သည်၊ သညာကို သညာက္ခန္ဓာ ဟူ၍ရပါသည်၊ ကြွင်းသော စေတသိက်ငါးဆယ်ကို၊ သင်္ခါရက္ခန္ဓာ ဟူ၍ရပါသည်၊ စက္ခုဝိညာဏ်စိတ်ကို၊ ဝိညာဏက္ခန္ဓာ ဟူ၍ရပါသည်၊

မေး၊ ၊ထိုနာမ်ခန္ဓာလေးပါးတို့ကို၊ ရုပ်ကဲ့သို့ သဏ္ဌာန်၊ ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမ၊ အသက်ဇီဝ ဟူ၍ ခေါ်ဆိုထိုက်ပါသလော၊

ဖြေ၊ ၊ပရမတ် နာမ်ဓာတ် သက်သက်မျှသာဖြစ်သောကြောင့်၊ ရုပ်ကဲ့သို့ သဏ္ဌာန်ဟူ၍၎င်း၊ ငါ၊ သူတပါးဟူ၍၎င်း၊ ယောက်ျားမိန်းမဟူ၍၎င်း၊ အသက်ဇီဝ ဟူ၍၎င်း၊ စွဲလန်းထိုက်သည့်မဟုတ်ပါ၊ စင်စစ်အားဖြင့်၊ အနှစ်သာရမရှိ၊ အပိုးမရသော အနတ္တအစစ်၊ ရုပ်ကဲ့သို့ သဏ္ဌာန်မဟုတ်သော နိသတ္တအစစ်၊ အသက်မဟုတ်သော နိဇ္ဇီဝအစစ်၊ သဏ္ဌာန်သဘော၊ အနှစ်သာရသဘောမှ ဆိပ်သုဉ်းသော၊ သုညအစစ်သာ အမှန်ဖြစ်ကြပါသည်၊

မေး၊ ၊ထိုနာမ်ခန္ဓာလေးပါးတို့သည်၊ ခိုင်မြဲသော နိစ္စသဘောရှိကြပါသလော၊

ဖြေ၊ ၊ခိုင်မြဲစွာတည်တန့်နိုင်သော နိစ္စသဘောမရှိကြပါ၊ ခဏ-ခဏ-ဖြစ်၍၊ ခဏ-ခဏ-ချုပ်ဆုံးနေကြသော-အနိစ္စသဘောသာရှိကြပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။ထိုနာမ်ခန္ဓာလေးပါးတို့သည် တင့်တယ်သော-သုဘသဘော၊ ချမ်းသာသော-သုခသဘောရှိကြပါသလော။

ဖြေ။ ။တင့်တယ်ဘွယ်ရာသောသုဘ-သဘောမရှိကြပါ။ မတင့်တယ်, မဘွယ်ရာသောအသုဘ-သဘောသာ ရှိကြပါသည်၊ အကြောင်းအား လျော်စွာ၊ ဖြစ်ချင်တိုင်းဖြစ်၍နေကြသောကြောင့်၊ချမ်းသာသော သုခ-သဘောမရှိပါ၊ဆင်းရဲသောဒုက္ခ-သဘောသာရှိကြပါသည်၊ နိစ္စ-သုဘ-သုခ-သဘောမှ ကင်း၍၊ အနိစ္စ-အသုဘ-ဒုက္ခ-သဘောသာ ... ညည်းနှိုးဘုရားတို့သာဖြစ်ကြပါသည်၊ ။ဤကဲ့သို့ရှုဆင်ခြင်နိုင်ပါလျှင်၊ နာမ်ခန္ဓာလေးပါးတည်းဟူသော ခေတ်အရည်၊ စွဲလန်းခြင်းဒိဋ္ဌိပြယ်ပျောက်၍၊ ဝိပဿနာဝိဇ္ဇာဉာဏ်ပေါက်ရောက်နိုင်ပါသည်၊

ဝိညာဏ်ခြောက်ပါးနှင့်ဆိုင်သော
အမေးအဖြေ ပြီးပြီ၊

(မှတ်ချက်၊ ။ဝိညာဏအာဏ် ခြောက်ပါးတို့နှင့် အသိဉာဏ် တိုးပွားစေခြင်းငှာ၊ အာရုံခြောက်ပါး၊ ဒွါရဝတ္ထုခြောက်ပါးတို့ကိုပါထည့်သွင်း၍၊ ဝိပဿနာဉာဏ်သို့ ဒိုက်အောင်၊ အမေးအဖြေများကို ခပ်ကျဉ်းကျဉ်း ရေးသားဘော်ပြလိုက်ပါသည်)၊

———:o:———

WWW.DHAMMARANSI.COM

## ဓာတ်ခြောက်ပါး အမေးအဖြေ

မေး။ ။မဟာဘုတ် ဓာတ်ကြီးလေးပါး၊ ဝိညာဉ်နှင့် ခြောက်ပါးတို့ကို၊ အမျိုးမျိုးအရဖွဲ့ ဝေဘန်စိတ်ဖြာ၍၊ ဝိပဿနာဉာဏ်သို့ ဒိုက်အောင် ဖြေကြားပေးသဖြင့်၊ အသိဉာဏ်ပွားများရပေပြီ၊ ထိုပြင်တဖန်၊ မေးမြန်းရန်ရှိပြန်သည်မှာ၊ သတ္တဝါတို့မှာ ဓာတ်ခြောက်ပါးရှိ၏ ဟူ၍၊ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သောဒေသနာတော်အတိုင်း၊ ဓာတ်ခြောက်ပါး သရုပ်ကိုဖော်ထုတ်၍ပြပါ။

ဖြေ။ ။ဓာတ်ခြောက်ပါး ဒေသနာတော်၌ ဟောတော်မူသောဓာတ်ခြောက်ပါးတို့သည်၊ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏ, ဤခြောက်ပါးပင်ဖြစ်ပါသည်။

မေး။ ။ဓာတ်ခြောက်ပါး ဒေသနာဟောတော်မူခြင်း၏၊ လိုရင်းအဓိပ္ပါယ်အချုပ်ကိုဖော်ပြပါ။

ဖြေ။ ။ပုဂ္ဂိုလ်, သတ္တဝါဟူ၍စွဲလမ်းထင်မြင်ရာ၌၊ ထွန်းစွာအရေးကြီးသော ဓာတ်များကို ထုတ်နုတ်၍၊ အချုပ်အားဖြင့် လွယ်ကူစွာ ရှုစားကြစေရန် ဓာတ်ခြောက်ပါးဒေသနာကိုဟောတော်မူရပါသည်။

မေး။ ။ထို ဓာတ် ခြောက်ပါးတို့၏ သဘော အဓိပ္ပါယ်များကိုဖြေကြားပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။ထိုခေတ်ခြောက်ပါးတို့တွင်၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဤခေတ်ကြီးလေးပါးတို့နှင့်၊ ဝိညာဏခေတ်တို့၏ သဘောအဓိပ္ပါယ်များကို၊ အကျယ်အားဖြင့်ဖြေဆိုခဲ့ပါပြီ၊ အာကာသခေတ်၏ သဘောအဓိပ္ပါယ်ကိုသာ ဖြေဆိုရန်လိုပါတော့သည်။ ။အပေါက်ဟင်းလင်း, အပိုင်းအခြား, ကလာပ်တို့၏ အကြိုအကြား၊ ဤသဘောကို၊ အာကာသခေတ်၏ သဘောအဓိပ္ပါယ်ဆိုပါသည်။

မေး။ ။အဇ္ဈတ္တ အာကာသ, ဗဟိဒ္ဓ အာကာသ, ဤ အာကာသ နှစ်ပါးတို့ ခြားနားအောင် ဝေဘန်၍ ပြပါ။

ဖြေ။ ။သတ္တဝါတို့၏ ကိုယ်သန္တာန်ဟု ဆိုအပ်သော အတွင်းမြင်၌ရှိသော အာကာသကို၊ အဇ္ဈတ္တ အာကာသခေါ်ပါသည်၊ ခံတွင်းပေါက်, နှာပေါက်, ဦးခေါင်းပေါက်, လက်ငါးချောင်း, ခြေငါးချောင်းတို့၏ အကြား၊ ကိုယ်အင်္ဂါ အစိပ်အစိပ် တခုစီတခုစီဟူ၍ ထင်ရှားအောင် ပိုင်းခြားထားသော အကြား၊ ဤသို့စသော အားဖြင့်၊ အဇ္ဈတ္တ အာကာသတို့မှာ လွန်စွာပင် များပါသည်။ ။သတ္တဝါတို့၏ ကိုယ်သန္တာန်မှ တပါး အပြင်၌ရှိရှိသမျှသော အာကာသကို၊ ဗဟိဒ္ဓ အာကာသခေါ်ပါသည်၊ အဇဋာကာသ ကောင်းကင်ကြီး,

WWW.DHAMMARANSI.COM

ထွင်းလိုင်, ချောက်, သစ်ပင်တို့၌၊ အကိုင်းအခက်အချစ်ပတူ၍ထင်ရှားအောင်ပိုင်းခြားထားသော အကြား၊ ပန်းပြောက်, ချပ်လုံးထရာတို့၌၊ ဆောက်ဖြင့်ထွင်းအပ်သောအပေါက်အကြား၊ ဤသို့စသောအားဖြင့် ဗဟိဒ္ဓ အာကာသတို့မှာလွန်စွာပင်များလှပါသည်။

မေး၊ ။သဏ္ဍာဝါ-ဟူ၍ ထင်မြင်စွဲလန်းရာ၌၊ ထို ခေတ်ခြောက်ပါးတို့၏ အရေးကြီးပုံသဘောကို ဖြေ ဆိုပါ။

ဖြေ၊ ။ခေတ်ခြောက်ပါးကို သုံးမျိုးခေါ်၍ ရှု ဆင်ခြင်ရပါသည်၊ ခေတ်ကြီးလေးပါးကတမျိုး၊ အာ ကာသခေတ်ကတမျိုး၊ ဝိညာဏခေတ်ကတမျိုး ဤကဲ့ သို့သုံးမျိုးခေါ်၍ရှုဆင်ခြင်ရပါသည်။ ။ခေတ် ကြီးလေးပါးကို သဏ္ဍာဝါကောင် ထင်ရှားရာ၌၊ အ ထယ်အသားဟူ၍ ရှုဆင်ခြင်ရပါသည်၊ အာကာသ ခေတ်ကို ဝံပန်းသဏ္ဍာန်ပေါ်အောင်၊ ဖန်ဆင်းတတ် သည့်ဟူ၍ ရှုဆင်ခြင်ရပါသည်၊ ဝိညာဏခေတ်ကို အသက်သွင်းပေးထားသည်နှင့်တူ၏ဟူ၍ရှုဆင်ခြင် ရပါသည်၊ ဤကဲ့သို့ဆင်ခြင်ပါလျှင်၊ သဏ္ဍာဝါကောင် ပြီးသစ္စာနှင့်၊ သဏ္ဍာဝါဟူ၍ စွဲလန်းခြင်းသဘောတွေ ဖြစ်ပေါ် လာကြောင်းကောင်းစွာ သိမြင်ပါလိမ့်မည်။

WWW.DHAMMARANSI.COM

မေး။ ။အဓိပ္ပါယ် ထင်ရှားသည်ထက် ထင်ရှားအောင်၊ဥပမာတင်ပြ၍၊ ဓာတ်ခြောက်ပါး အဓိပ္ပါယ်ကို၊ခပ်ကျယ်ကျယ်ဖြေကြားစေချင်ပါသည်၊

ဖြေ။ ။ဥပမာ၊ကျွန်းသားတခုကို ပန်းပုဆရာတယောက်၊လူလောက်ရှိသော လူရုပ်ကြီးထုလုပ်ရာ၌၊ ကျွန်းသားသည်၊ထိုအရုပ်၏၊ အထည်ကိုယ်အသား ဖြစ်ပါသည်၊ပန်းပုဆရာ၏ဉာဏ်ဖြင့်စူးဆော်ကြံသော ဆူးကို ဆိုင်ရာဆိုင်ရာ အသုံးပြုပြီးလျှင်၊ ထွင်းသင့်ရာ၌ထွင်း၊ ဖောက်သင့်ရာ၌ဖောက်၊ဤကဲ့သို့စီမံဖန်တီးလိုက်သောအခါ၊ လူရုပ်သဏ္ဌာန်ကြီးပေါ် ၍လာပါသည်၊ပန်းပုဆရာ၏၊ စူးချက်,ဆောက်ချက်, ဖြစ်သော၊အပေါက်အကြားများသည်၊ ရုပ်လုံးပြီးစွာ ပေါ်အောင် စွမ်းဆောင်နိုင်သကဲ့သို့၊ အရူပ္ပကာသဓာတ်များသည်သည်း၊ သတ္တဝါသဏ္ဌာန်ပေါ်အောင် လွန်စွာ စွမ်းဆောင် နိုင်ပါသည်၊ ။ပြဆိုခဲ့သော သစ်သားရုပ်လုံးကြီးကို၊ထေ့ာက်ဝိဇ္ဇာဓိုရ်ရသေ့တဦးက၊ဣဒ္ဓိပညာဖြင့် အသက်သွင်းပေးလိုက်ရာ၊ လှုပ်လှုပ်ရှားရှားနှင့်အစစ်ပကတိကဲ့သို့ ဖြစ်လာပါသည်၊ ထို့နည်းတူစွာ၊ မဟာဘုတ်ဓာတ်သားကို၊ အာကာသဓာတ်က သဏ္ဌာန်ပေါ်အောင်စီရင်ဖန်တီး၍သား ဆူထွင်ဝိညာဉ်ထည့်သွင်းလိုက်သောအခါ၊ သတ္တ

WWW.DHAMMARANSI.COM

ဝါအရှင်ကြီးတွေဖြစ်လာသည့်ဟုထင်မြင်ရပါ၌သည်။ အသက်သွင်းပေးသောအရာတွင်ဝိညာဉ်သည်လွန်စွာစွမ်းဆောင်နိုင်ပါသည်။ ။အချုပ် အားဖြင့် ဖြေကြားရပါလျှင်။ မဟာဘုတ်ဓာတ်ကြီး လေးပါးကို သတ္တဝါတို့၏အသားဟူ၍မှတ်ယူရပါမည်။ အာကာသဓာတ်ကို၊ သတ္တဝါသဏ္ဌာန်ပေါ်အောင်ပြုလုပ်ဖန်ဆင်းနိုင်သည့်ဟူ၍မှတ်ယူရပါမည်၊ ဝိညာဏဓာတ်များကို၊သတ္တဝါအရှင်ကြီးတွေ ထင်အောင်အသက်သွင်းပေးသမားဟူ၍မှတ်ယူရပါမည်၊ ဤကဲ့သို့သတ္တဝါ ထင်မြင်မှုမှာ လွန်စွာအရေး ပါလှသောကြောင့်၊ အရေးအကြီးဆုံး ဖြစ်သော ဓာတ်ခြောက်ပါးတို့ကို သီးခြားထုတ်နုတ်၍၊ ဓာတ်ခြောက်ပါး ဒေသနာကို ဟောကြားတော်မူပါသည်။

မေး။ ။သာဓု-သာဓု-သာဓု၊ဓာတ်ခြောက်ပါးကို သုံးပိုင်းပိုင်း၍ခွဲစိပ်တော်ဘန်ကား၊ သတ္တဝါထင်မြင်စေပုံများကို၊ရှင်းလင်းစွာ ဖြေကြားသဖြင့်၊ သိကြားနားလည်ရပေပြီ၊ ထိုဓာတ်ခြောက်ပါးတို့၏ ဖန်ဆင်းမှုကြောင့်၊ သတ္တဝါအထင်အမြင်ရောက်သည်ကို မှန်သောအထင်ဟူ၍ဆိုရပါမည်လော၊

ဖြေ၊ ။မှန်သောအထင်ဟူ၍မဆိုရပါ၊ မှားသောအထင်အမြင်မျိုးဟူ၍သာဆိုရပါသည်၊ဓာတ်ခြောက်

WWW.DHAMMARANSI.COM

ပါးတို့က သတ္တဝါကောင်ထင်မြင်အောင် ဖန်ဆင်းတတ်သည့်ဟူ၍ ရှုဆင်ခြင်ရန်သာဖြစ်ပါသည်။

မေး။ ။ဓာတ်ခြောက်ပါး ဒေသနာဖြင့်၊ သတ္တဝါ အဆင်အမြင် ပျောက်အောင် ဘယ်ကဲ့သို့ ရှုခြင်ရပါမည်နည်း။

ဖြေ။ ။ဓာတ်ခြောက်ပါး တို့တွင်၊ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့သည်၊ အတ္တဒိဋ္ဌိ ထင်မြင်ချက်အတိုင်း၊ သတ္တဝါတို့၏ အနှစ်အသားမဟုတ်၊ အနှစ်အသား ဖြစ်အောင်လည်း ရွက်ဆောင်နိုင်ကြသည့် မဟုတ်၊ အကြောင်းကိုစွဲ၍ ဖြစ်ပေါ်နေသောရုပ်တရားတို့သာဖြစ်ကြကုန်၏၊ အာကာသဓာတ်သည်၊ သတ္တဝါသဏ္ဌာန်ပေါ်အောင် ဖန်ဆင်းနိုင်သည် မဟုတ်၊ ကလာပ်ခြားမှုသဘော၊ အပေါက်ဟင်းလင်း၊ အကြို အကြားသဘောမျှဖြစ်၏၊ ဝိညာဏ်ဓာတ်တို့သည်၊ သတ္တဝါတို့၏အသက်မဟုတ်၊ အသက် ဖြစ်အောင်လည်း ရွက်ဆောင်နိုင်ကြသည်မဟုတ်၊ အာရုံနှင့်မှီရာဝတ္ထုကို စွဲ၍ဖြစ်ပေါ်ကြသော နာမ်တရားသက် တို့သာ ဖြစ်ကြကုန်၏၊ ဤကဲ့သို့ဓာတ်သားပေါ်လာအောင် ရှုဆင်ခြင်ရပါသည်၊ ထိုကဲ့သို့ ရှုဆင်ခြင် နိုင်ပါလျှင်၊ အတ္တဒိဋ္ဌိအထင်အမြင်များကို၊ ပယ်ရှားသွင့်မှုန်း နိုင်ပါသည်။

မေး။ ။ထိုဓာတ် ခြောက်ပါး တို့ကို၊ ဝိပဿနာဉာဏ်ဖြင့်အဘယ်သို့ဆင်ခြင်ရပါမည်နည်း။

ဖြေ။ ။ထိုဓာတ်ခြောက်ပါးတို့သည်၊ အကြောင်းအားလျော်စွာဖြစ်ပေါ် ၍၊တာရှည်စွာတည်ခြင်း၊တန့်ခြင်းသဘောမရှိဘဲ၊ ခဏ-ခဏ-ပျက်စီး တတ်သောကြောင့်၊အနိစ္စအမှန်တို့သာဖြစ်ကြပါသည်။ ။ဓါတ်ခြောက်ပါး ဖြစ်ပေါ်နေသမျှသည်၊ ချမ်းသာသုခနှင့် လုံးလုံးမဆိုင်၊ ဆင်းရဲတို့သာ ဖြစ်ကြသောကြောင့်၊ ဒုက္ခအစစ်တို့သာ မှန်ပါသည်။ ။ဓာတ်ခြောက်ပါးတို့သည်၊ တင့်တယ်သောသုဘ-သဘောမရှိ၊ သံသရာတောကြီး ငထိ။အမှိုက်ပုံတွေသဘွယ်မတင့်တယ်သောကြောင့်၊အသုဘအစစ်တို့သာမှန်ပါသည်။ ။ဓာတ်ခြောက်ပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါ ငှ၍စွဲလန်းဘွယ်မရှိ၊အနှစ်သာရမရှိ၊ မည်သူမှ အစိုးမရသောကြောင့်နိသတ္တအစစ်,အနတ္တအစစ်တို့သာ မှန်ပါသည်။ ။ဓာတ်ခြောက်ပါးတို့သည်၊ အသက်ဇီဝမဟုတ်ကြကုန်သောကြောင့်၊ နိဇ္ဇီဝ အမှန်တို့သာ ဖြစ်ကြပါသည်။ ။ဓာတ်ခြောက်ပါးတို့သည်၊သတ္တဝါသဘော, အထည်ခြုပ် သဏ္ဌာန်သဘော,မှ ကင်းဆိပ်ကြကုန်သောကြောင့်၊ သုညအစစ်တို့သာ မှန်ပါသည်။ ။ဓာတ်ခြောက်ပါးတို့သည်၊ တစုံတရာ အစ

WWW.DHAMMARANSI.COM

တိုးရှိဘွယ်ရာနှင့်မဆိုင် အလကား အချည်းနှီးတို့သာဖြစ်ကြကုန်သောကြောင့်၊ ထုနည်း အစစ်တို့သာမှန်ပါသည်။ ။ဤကဲ့သို့ရှုဆင်ခြင်နိုင်ပါလျှင် စွဲလန်းမှု ဒိဋ္ဌိအမျိုးမျိုးပြယ်ပျောက်၍ ဝိပဿနာ ဝိဇ္ဇာဉာဏ် အလင်းပေါ်ပေါက်နိုင်ပါသည်။

ခေတ်ခြောက်ပါးအမေးအဖြေပြီး၏။

——— း၀း ———

ခေတ်တဆဲ့ရှစ်ပါး အမေးအဖြေ

မေး။ ။ခေတ်ခြောက်ပါး ဒေသနာတော်၌ အင်္ဂုလိယက်ဆန်းကြယ် နက်နဲစွာ ဖြေကြားပေးသဖြင့် နေ့ဉာဏ်ထက်သန်စွာပေါ်ပေါက်၍ အကျိုးထူးဆိုက်ရောက်ရပေပြီ၊ ထိုကြောင့်တဖန် အဘိဓမ္မာကျမ်းဝင်တို့၌ ခေတ်[၁၈]ပါးကို ဟောကြားထားလျက် ရှိပြန်ရာ ထိုခေတ်တဆဲ့ရှစ်ပါးတို့ သရုပ်ကိုဖော်ထုတ်၍ ပြပါ။

ဖြေ။ ။စက္ခုခေတ်, သောတခေတ်, ဃာနခေတ်, ဇိဝှါခေတ်, ကာယခေတ်, အကြည်ခေတ်ငါးပါး။ ။ရူပခေတ်, သဒ္ဒခေတ်, ဂန္ဓခေတ်, ရသခေတ်, ဖောဋ္ဌဗ္ဗခေတ်, ဓမ္မခေတ်, အာရုံခေတ်ခြောက်ပါး။ ။စက္ခုဝိညာဏခေတ်, သောတဝိညာဏခေတ်, ဃာနဝိညာ

WWW.DHAMMARANSI.COM

ဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ နာမ်ဓာတ်-၇-ပါး၊ အလုံးစုံပေါင်း၍ရေတွက်သောအခါ၊ ဓာတ်တဆဲ့ရှစ်ပါးဖြစ်ပါသည်၊

မေး၊ ၊ထို ဓာတ်တဆဲ့ရှစ်ပါးတို့တွင်၊ ရုပ်ဓာတ်ပေါင်းမည်မျှ၊ နာမ်ဓာတ်ပေါင်းမည်မျှ၊ ရုပ်နာမ်နှစ်ပါးရောနှောသော၊ ဓာတ်ပေါင်းမည်မျှရှိသည်ဟု ဝေဘန်ဖြေကြားပါ၊

ဖြေ၊ ၊ရုပ်ဓာတ်သက်သက် ဆယ်ပါးရှိပါသည်၊ နာမ်ဓာတ်သက်သက်ခုနစ်ပါးရှိပါသည်၊ ရုပ်နာမ်နှစ်ပါးရောနှော၍ နေသော၊ ဓာတ်တပါးရှိပါသည်၊ ဓမ္မဓာတ်သည်၊ ရုပ်နာမ်နှစ်ပါးရော၍ နေသောဓာတ်ဖြစ်ပါသည်၊

မေး၊ ၊ထိုဓာတ် တဆဲ့ရှစ်ပါးတို့သည်၊ ပုဂ္ဂိုလ်သတ္တဝါတို့နှင့်သက်ဆိုင်ခြင်းရှိပါသလော၊

ဖြေ၊ ၊မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ၊ ပရမတ်သဘောအားဖြင့်၊ ဖြစ်ပေါ်၍နေသော ဓာတ်များသာဖြစ်ပါသည်၊ ထို့ဖြစ်၍ ထိုဓာတ်တဆဲ့ရှစ်ပါးတို့ကို၊ သတ္တဝါဟူ၍၎င်း၊ သတ္တဝါတို့၏ ပိုင်နက်ဥစ္စာဟူ၍၎င်း၊ စွဲသန်းထိုက်သည်မဟုတ်ပါ၊

WWW.DHAMMARANSI.COM


မေး။ ။ထိုဓာတ် တဆဲ့ရှစ်ပါးတို့ကို၊ ဝိပဿနာ ဉာဏ်ဖြင့်အဘယ်သို့ရှုဆင်ခြင်ရပါမည်နည်း။

ဖြေ။ ။ထိုဓာတ်တဆဲ့ရှစ်ပါးတို့သည်၊အကြောင်း အားလျော်စွာဖြစ်ပေါ်၍၊ ကြာရှည်စွာတည်တန့်ခြင်း သဘောမရှိဘဲ၊ ခဏ-ခဏ- ပျက်စီး ချုပ်ဆုံးတတ် သောကြောင့်၊အနိစ္စအမှန်တို့သာဖြစ်ကုန်၏။ ။ဓာတ် တဆဲ့ရှစ်ပါးတို့သည်၊ချမ်းသာသုခနှင့်လုံးလုံးမဆိုင်၊ ဆင်းရဲတို့သာဖြစ်ကြသောကြောင့်၊ဒုက္ခအစစ်တို့သာ မှန်ပါသည်။ ။ဓာတ်တဆဲ့ ရှစ်ပါးတို့သည်၊ တင့် တယ်သောသုဘ-သဘောမရှိ၊သံသရာတောခြုံဝယ်၊ အမှိုက်ပုံတွေသဘွယ်၊မတင့်တယ်သောကြောင့်၊အ သုဘအစစ်တို့သာ မှန်ပါသည်။ ။ဓာတ်တဆဲ့ ရှစ် ပါးတို့သည်၊ပုဂ္ဂိုလ်သတ္တဝါဟူ၍ စွဲလန်းဘွယ်မရှိ၊ အနှစ်သာရမရှိ၊ မည်သူမျှအစိုးမရ သောကြောင့်၊ နိ သတ္တအစစ်၊အနတ္တအစစ်တို့သာ မှန်ပါသည်။ ။ထို ပြင်လည်း၊အသက်ဇီဝမဟုတ်ကြကုန်သောကြောင့်၊ နိဇ္ဇီဝအမှန်တို့သာ ဖြစ်ကြပါသည်။ ။သတ္တဝါသ ဘော, အထည်ဒြပ်သဏ္ဌာန်သဘော-မှဆိတ်သုဉ်းကြ ကုန်သောကြောင့်၊သုညအစစ်တို့သာမှန်ပါသည်။ ။ တစုံတရာအကျိုးရှိဘွယ်ရာနှင့်မဆိုင်၊ အလကားအ ချည်းနှီးတို့သာဖြစ်ကြသောကြောင့်၊ တုစ္ဆအစစ်တို့

WWW.DHAMMARANSI.COM

သာမှန်ပါသည်။ ။ဤကဲ့သို့ရှုဆင်ခြင်နိုင်ပါလျှင်စွဲလန်းမှုဒိဋ္ဌိအမျိုးမျိုးပြယ်ပျောက်၍ ဝိပဿနာဝိဇ္ဇာဥာဏပေါ်ပေါက်နိုင်ပါသည်။

ခေတ်-၁၈-ပါးအမေးအဖြေပြီး၏။

———:o:———

ဆ-ဆက္ကသုတ္တန်နည်းအားဖြင့်။သုံးဆဲ့ခြောက်ထွေ နဝင်းကြွေဆိုသော ခေတ်-၃၆-ပါး

အမေးအဖြေ။

မေး။ ။ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော၊ ဆ-ဆက္ကသုတ္တန် ဒေသနာတော်ကြီး၌ ခေတ်ပေါင်းမည်မျှကိုဟောကြားတော်မူပါသနည်း။

ဖြေ။ ။ပရမတ်တို့၏ ဆက်သွယ်ပုံခြောက်ပါး ခြောက်ထိကို ဟောတော်မူသောကြောင့်၊ဆ-ဆက္ကသုတ္တန်ဒေသနာနည်းအားဖြင့်၊ခေတ်ပေါင်း-၃၆-ပါးရှိပါသည်။

မေး။ ။" သုံးဆဲ့ခြောက်ထွေ၊နဝင်းကြွေ" ဟုဆိုအပ်သော၊ ခေတ်ပေါင်း-၃၆-ပါးတို့၏သရုပ်ကိုဖော်ထုတ်၍ပြပါ။

ဖြေ။ ။စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မနော, အာရုံတို့၏ထိခိုက်ရာဖြစ်သော။ခေတ်ခြောက်ပါး။ ။ ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ ထိခိုက်တတ်သော

WWW.DHAMMARANSI.COM


အာရုံခေတ်ခြောက်ပါး၊ ၊စက္ခုဝိညာဏ်,သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်,မနောဝိညာဏ်,အာရုံထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသောဝိညာဏခေတ်ခြောက်ပါး၊ ၊စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ,ကာယသမ္ဖဿ,မနောသမ္ဖဿ,ဖဿခေတ်ခေတ်ခြောက်ပါး၊ ၊စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ,ဇိဝှါသမ္ဖဿဇာဝေဒနာ,ကာယသမ္ဖဿဇာဝေဒနာ,မနောသမ္ဖဿဇာဝေဒနာ, ဝေဒနာခေတ်ခြောက်ပါး၊ ၊ရူပတဏှာ,သဒ္ဒတဏှာ,ဂန္ဓတဏှာ,ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာ, တဏှာခေတ်ခြော်ပါး၊ ၊အလုံးစုံပေါင်း၍ရေတွက်သောအခါ၊ခြော်ပါးခြော်တွေ၊နဝင်းကြေခေါ်သော၊ ၃၆-ပါးဖြစ်ပါသည်၊

မေး၊ ၊သုံးဆဲ့ခြောက်ပါးသော ခေတ်သရုပ်ကို၊ ဘောင်ထုတ်ဖြေကြား၊သောကြောင့် သိရပေပြီ၊ ၊ထိုသုံးဆဲ့ခြောက်ပါးသောခေတ်တို့တွင်၊ရုပ်ခေတ်ပေါင်းမည်မျှ၊ နာမ်ခေတ်ပေါင်းမည်မျှ၊ ရုပ်နာမ်နှစ်ပါးတွဲ၍နေသောခေတ်ပေါင်းမည်မျှဟူ၍ဖော်ပြပါ၊

ဖြေ၊ ၊ရုပ်ခေတ်သက်သက် ဆယ်ပါးရှိပါသည်၊ နာမ်ခေတ် သက်သက် နှစ်ဆဲ့ငါးပါး ရှိပါသည်၊ ရုပ်

WWW.DHAMMARANSI.COM

နာမ်နှစ်ပါးရော၍ နေသောဓာတ်တပါးရှိပါသည်၊ ဓမ္မဓာတ်မှာရုပ်နာမ်နှစ်ပါးရော၍နေပါသည်၊

မေး ။ထိုသုံးဆဲ့ခြောက်ပါးသော ဓာတ်တို့တွင်၊ အာယတန-၁၂-ပါးကိုထုတ်ဆောင်၍ပြပါ၊

ဖြေ၊ ။စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မနော, ဤခြောက်ပါးကို၊ အတွင်းဓာတ်-အဇ္ဈတ္တိကာယတန ခေါ်ပါသည်၊ ။ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ,ဤခြောက်ပါးကို၊အပြင်ဓာတ်-ဗာဟိရာယတန-ခေါ်ပါသည်၊ ။ဓာတ်ပေါင်း သုံးဆဲ့ခြောက်ပါးတို့တွင်၊အတွင်းဓာတ်ခြောက်ပါး, အပြင်ဓာတ်ခြောက်ပါး၊ ဤအာယတနဓာတ်-၁၂-ပါးသည်ပင်၊မူရင်းပဓာနဓိဘ-သဘာဝယ်ဖြစ်ကြပါသည်၊

မေး၊ ။အာယတန-၁၂-ပါးကို၊ဓာတ်ဖို, ဓာတ်မ ခွဲဝေလျှင်၊မည်ကဲ့သို့ခွဲဝေရပါမည်နည်း၊

ဖြေ၊ ။အတွင်းအာယတနခြောက်ပါးကို၊ဓာတ်မဟူ၍ဆိုရပါသည်၊ အပြင်အာယတန ခြောက်ပါးကို ဓာတ်ဖိုဟူ၍ဆိုရပါသည်၊

မေး၊ ။ဓာတ်ဖိုနှင့်ဓာတ်မနှစ်ပါးရှိခဲ့ရာ၊ အဘယ်ဓာတ်ကို၊ ဆုန္ဒြိယသံဝရ သဘောအားဖြင့်၊ စောင့်ရှောက်ရမည်ဟူ၍ ရှင်တော်ဘုရားဟောကြားတော်မူပါသနည်း၊

WWW.DHAMMARANSI.COM

ဖြေ။ ။စက္ခုစသော အတွင်းဓာတ်မများကိုသာ ဣန္ဒြိယသံဝရသဘောအားဖြင့်စောင့်ရှောက်ရမည်ဟူ၍ ဟောကြားတော်မူပါသည်၊ ရူပါရုံ အစရှိသော အပြင်ဓာတ်ဖို များကိုကား၊ သံဝရ သဘော အားဖြင့် စောင့် ရှောက် ခြင်းငှာ ထည်း စွမ်းနိုင်ကြ လိမ့်မည် မဟုတ်ပါ၊ ။သို့ဖြစ်၍ ဓာတ်ဖိုများကို၊ သံဝရ သဘောအားဖြင့်၊ စောင့်ရှောက် ရမည်ဟူ၍ ရှင်တော်ဘုရား ဟောကြားတော်မမူပါ၊ ။လောကီဥပမာအားဖြင့်၊ လူသားတို့မှာ၊ အမ များသာလျှင် စောင့်ရှောက်ရေးနှင့်သက်ဆိုင်သကဲ့သို့ဖြစ်ပါသည်၊

မေး။ ။ဆ-ဆက္က ဓာတ်သုံးဆဲ့ခြောက်ပါးတို့တွင်၊ စက္ခုနှင့်သက်ဆိုင်သော ဓာတ်ခြောက်ပါးကို၊ အသီးအခြားကောက်၍ပြပါ၊

ဖြေ။ ။စက္ခု, ရူပါရုံ, စက္ခုဝိညာဏ်, စက္ခုသမ္ဖဿ, စက္ခုသမ္ဖဿဇာဝေဒနာ, ရူပတဏှာ၊ ဤခြောက်ပါးသည်စက္ခုနှင့်ဆိုင်သော၊ ဓာတ်ခြောက်ပါးဖြစ်ပါသည်၊ ဤနည်းတူစွာ၊ သောတနှင့်ဆိုင်သောဓာတ်ခြောက်ပါး၊ ဃာနနှင့်ဆိုင်သောဓာတ်ခြောက်ပါး၊ ဇိဝှါနှင့်ဆိုင်သော ဓာတ်ခြောက်ပါး၊ ကာယနှင့်ဆိုင်သော ဓာတ်ခြောက်ပါး၊ မနောနှင့်ဆိုင်သော ဓာတ်ခြောက်ပါးတို့ကိုလည်း၊ ခွဲဝေကောက်ယူရပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။စက္ခုနှင့် ဆိုင်သော ဓါတ်ခြောက်ပါးတို့တွင်၊ မူရင်းပဓာနမိဘ-အသွယ်ဖြစ်သော ဓါတ်ကြီးနှစ်ပါးကိုကောက်၍ပြပါ၊

ဖြေ။ ။စက္ခုဓါတ်၊ ရူပဓါတ်၊ ဤနှစ်ပါးသည်၊ မူရင်းပဓာနဖြစ်ပါသည်၊ ထိုနှစ်ပါးတို့တွင်၊ စက္ခုတည်းဟူသော ဓါတ်မသည်၊ မိခင်နှင့်တူ၍၊ ရူပတည်းဟူသော ဓါတ်ဖိသည်၊ ဖခင်နှင့်တူပါသည်။

မေး။ ။ထို မိဘနှစ်ပါးတို့မှ၊ အဘယ်ဓါတ်များ ပေါက်ဖွား၍လာပါသနည်း။

ဖြေ။ ။စက္ခုနှင့်ရူပါရုံတည်းဟူသော မိဘနှစ်ပါးတို့မှ၊ အဆင်းကိုမြင်နိုင်သော [၁] စက္ခုဝိညာဏဓါတ်၊ စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဏ်သုံးပါးတို့ ပေါင်းဆုံ၍ တွေ့ခြင်းတည်းဟူသော၊ [၂] စက္ခုသမ္ဖဿဓါတ်၊ ရူပါရုံအရသာကိုခံစားသော၊ [၃] စက္ခုသမ္ဖဿဇာဝေဒနာဓါတ်၊ ရူပါရုံကိုသာယာစွဲလန်းသော၊ [၄] ရူပတဏှာဓါတ်၊ ဤဓါတ်လေးပါး ပေါက်ဖွား၍ လာပါသည်။

မေး။ ။ရူပတဏှာပေါက်ဖွား၍ လာသောအခါ၊ အဘယ်သို့သော အကျိုးတွေ့၊ ဖြိုးဖြိုးဝေအောင်ဖြစ်ပေါ်၍ထလာတတ်ပါသနည်း။

ဖြေ။ ။တဏှာသည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်း

WWW.DHAMMARANSI.COM

အားဖြင့်၊ သံသရာစက်၏၊ ဝဋ်မြစ်ကြီးဖြစ်သဖြင့်၊ တကျော့ခေတ်ဖြစ်ပေါ်၍လာပါလျှင်၊ သုံးဘဝဇာတိနှင့်၊ ဇရာ,ဗျာဓိ,ရတိ,အကျိုးတွေဖြိုးဖြိုးဝေအောင်ဖြစ်ပေါ်လာကြလိမ့်မည့်အမှန်ဖြစ်ပါသည်။ ။သစ္စာဒေသနာနည်းအားဖြင့်၊ တဏှာသည်ဒုက္ခအရပ်ကို၊ စုံလင်အောင် ဖြစ်စေတတ်သော၊ သမုဒယမျိုးစေ့ကြီးဖြစ်သောကြောင့်၊ ထိုသမုဒယတကျော့ခေတ် ဖြစ်ပေါ်၍လာပါလျှင်၊ အပါယ်ဆင်းရဲမှ၍ ဝဋ်ဒုက္ခအကျိုးတွေဖြိုးဖြိုးဝေအောင် ဖြစ်ပေါ်လာကြလိမ့်မည့်အမှန်ပင်ဖြစ်ပါသည်။

မေး။ ။ရဟန္တာပုဂ္ဂိုလ်တို့မှာ၊ စက္ခု ခေတ်မနှင့်၊ ရူပခေတ်မိကိုအကြောင်းပြု၍၊ ရူပတကျော့ဖြစ်နိုင်ပါမည်လော။

ဖြေ။ ။ရဟန္တာ ပုဂ္ဂိုလ်တို့မှာ၊ ကိလေသာကင်းကွာပြီးဖြစ်သောကြောင့်၊ ရူပတကျော့မဖြစ်နိုင်ပါ။ ။သ-သက္ကာသုတ္တန် ဒေသနာသည်၊ သံသရာစက်လည်ကြောင်းကို ဟောတော်မူသော ဒေသနာဖြစ်၍၊ တကျော့ခြောက်ပါးပါဝင်လျက်ရှိပါသည်၊ ဝဋ်စက်ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာ၊ ထိုတကျော့ခြောက်ပါးနှင့်မဆိုင်တော့ပါ။

မေး။ ။ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ တရားသော

WWW.DHAMMARANSI.COM

ရူပါရုံကိုမြင်၍၊ ဝိပဿနာဉာဏ်ဖြင့် ရှုစားရာ၊ ရူပါယတနဖြစ်နိုင်ပါမည်လော၊

ဖြေ။ ။မည်သည့်အာရုံကိုမဆို၊ ဝိပဿနာတင်၍ ဆင်ခြင်ရှုစားရာ၌၊ အာယတနမဖြစ်နိုင်ပါ၊ ရူပါရုံကိုမြင်၍ လောဘဇော ကျရာ၌သာ၊ ရူပါယတန ဖြစ်နိုင်ပါသည်။ ယောနိသော မနသိကာရအားဖြင့်၊ ကုသိုလ်ဇောကျရာတို့၌လည်း၊ အာယတနမဖြစ်နိုင်ပါ၊

[မှတ်ချက်။ ။စက္ခုဓာတ်နှင့် ရူပဓာတ်ဖိုကို မှတည်၍ ပြဆိုခဲ့သော၊ အမေးအဖြေ နည်းအတိုင်း၊ သောတဓာတ်နှင့်သဒ္ဒဓာတ်ဖို၊ ဃာနဓာတ်နှင့်ဂန္ဓဓာတ်ဖို၊ ဇိဝှါဓာတ်နှင့်ရသဓာတ်ဖို။ ကာယဓာတ်နှင့်ဖောဋ္ဌဗ္ဗဓာတ်ဖို၊ မနောဓာတ်နှင့် ဓမ္မဓာတ်ဖိုတို့၌၊ ဉာဏ်ဖြင့်ဝေဘန်၍၊ အမေးအဖြေများကို စီစဉ်ပါကုန်၊ ]

မေး။ ။သာရ-သာရ-သာရ၊ ဆ-ဆက္ကသုတ္တန်နည်းအားဖြင့်၊ သုံးဆဲ့ခြောက်ပါးသော ဓာတ်တို့နှင့် စပ်လျဉ်း၍၊ အဓိပ္ပါယ် ဖြန့်ကျင်းကာ ဖြေကြားပေသောကြောင့်၊ ဓာတ်ဉာဏ်အရှိန်၊ တသိန်သိန်ထွန်းလင်းရပေပြီ၊ ထို့ပြင်တဖန်-မေးမြန်းရန်ရှိပြန်သည်မှာ၊ ထိုသုံးဆဲ့ခြောက်ပါးသော ဓာတ်တို့၏၊ ဆိုင်ရာဆိုင်ရာကိစ္စအရပ်ရပ်များကို၊ ဓာတ်သဘောအားဖြင့် ပြ

WWW.DHAMMARANSI.COM

လိုင်၍နေကြသည်ကို၊ အဘ္ဘိဓမ္မာအဖွဲ့ရှိသောသူတို့က၊ အဘယ်သို့ထင်မြင်ကြပါသနည်း။

ဖြေ။ ။ခေတ်မ ခြောက်ပါး, ခေတ်ဖို ခြောက်ပါး တို့ကိုမှုရင်းထား၍၊ သုံးဆဲ့ခြောက်ပါးသောခေတ်တို့၏၊ ပရမတ်ကိစ္စများကိုအဘ္ဘိဓမ္မာ၏သွေးဆောင်ချက်ကြောင့်၊ သတ္တဝါတို့၏ကိစ္စဖြစ်အောင်ဆွဲဆောင်ပြီးလျှင်၊ ငါမြင်သည့်, ငါကြားသည့်, ငါနမ်းသည့်, ငါလျက်သည့်, ငါတွေ့ထိသည့်, ငါကြံစည်-သိရှိသည့်, ငါလုပ်ကိုင်သည့်, ငါသွားသည့်, ငါထိုင်သည့်, ငါရပ်သည့်, ငါအိပ်သည့်, ငါစားသည့်, ဤသို့စသောအားဖြင့်၊ ကိစ္စပေါင်းများစွာမဆုံးနိုင်အောင်၊ သတ္တဝါတို့၏အလုပ်, ပုဂ္ဂိုလ်တို့၏ အလုပ်ဟု၍၊ စွဲလန်းနေကြပါသည်။ ထိုကဲ့သို့ပရမတ်ခေတ်ကိစ္စတို့ကို၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ ကိစ္စဟု၍မှတ်ယူစွဲလန်းနေခြင်းကြောင့်၊ အနတ္တ ဝိဇ္ဇာဉာဏ် မပေါ်ပေါက်နိုင်ဘဲ၊ ထွက်မြောက်မှုစခန်းကွာ၍၊ သံသရာရှည်လျားနေကြပါသည်။

မေး။ ။ထို သုံးဆဲ့ခြောက်ပါးသော ခေတ်တို့၏ ကိစ္စများကို၊ အထင်အမြင် မလွဲအောင် အဘယ်သို့ဆင်ခြင်ရှုစေးရပါမည်နည်း။

ဖြေ။ ။တစုံတခုသော အာရုံကို မြင်သောအခါ၊ ငါမြင်သည်မဟုတ်၊ စက္ခုခေတ်မနှင့် ရူပခေတ်ဖိုတို့

WWW.DHAMMARANSI.COM

ပေါင်းဆုံမိကြရာတွင်၊ မြင်ခြင်းကိစ္စကိုပြုရပ်သော စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ် ခြင်းမျှသာဖြစ်သည်၊ ငေ ဒနာကာအာရုံအရသာကိုခံစားသည်၊ ငါခံစားသည်မ ဟုတ်၊ တဏှာကဲ-သာယာသည်၊ငါသာယာသည်မ ဟုတ်၊ ။ထိုမြင်ခြင်းကိစ္စ,ခံစားခြင်းကိစ္စ, သာယာ ခြင်းကိစ္စများသည်လည်း၊ အမြဲတည်သည်မဟုတ်၊ ခဏမျှဖြစ်ပေါ်၍၊ ခဏမျှချုပ်ဆုံးကြသည်၊ထိုကဲ့သို့ မြင်မှုတွေခံစားမှုတွေ၊ သာယာမှုတွေဖြစ်၍ နေခြင်း သည်၊ချမ်းသာတို့မဟုတ်၊ ဆင်းရဲတို့သာ ဖြစ်သည်၊ ထိုမြင်မှု,ခံစားမှုများသည်လည်း၊မည်သူ၏အလိုသို့မျှ လိုက်သည်မဟုတ်၊ခေတ်သဘော သတ္တိအားလျော် စွာဖြစ်ပေါ်မှုတွေသာ ဖြစ်ကြကုန်၏၊ ဤကဲ့သို့ရှုဆင် ခြင်ရပါသည်။

မေး၊ ။ထိုပြင်အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ, ထင် ရှားအောင်၊ ဝိပဿနာဉာဏ်ဖြင့် အဘယ်သို့ရှုဆင် ခြင်ထိုက်ပါသေးသနည်း။

ဖြေ၊ ။ခေတ်ဗို,ခေတ်မ,တို့ကိုဒ-ရင်းခံထား၍၊ အ ဆင့်ဆင့်ပေါက်ပွားကြသော ပရမတ်ခေတ်တို့သည်။ ကြာရှည် လေးမြင့်စွာ တည်နိုင်သော သဘောမရှိ၊ ခဏ-ခဏ-ပျက်စီးတတ်ကြသောကြောင့်၊ အနိစ္စအ မှန်တို့သာတည်း။ ။ချမ်းသာသုခနှင့်လုံးလုံးမဆိုင်ဘဲ၊

WWW.DHAMMARANSI.COM

ဆင်းရဲတို့သည် ဖြစ်ကြသောကြောင့်၊ ဆင်းရဲဒုက္ခ အစစ်တို့သာတည်း။ ။တင့်တယ်ဘွယ်ရာ၊ မင်္ဂလာသဘောမရှိဘဲ၊ သံသရာ တောခြုံဝယ်။ အမှိုက်ပုံတွေသဘွယ် မတင့်တယ်သောကြောင့်၊ အသုဘအစစ်တို့သာတည်း။ ။ပုဂ္ဂိုလ်သတ္တဝါဟူ၍လည်း၊ စွဲလန်းစရာမရှိ၊ အနှစ်သာရလည်းမရှိ၊ မည်သူမျှလည်း အပိုင်မရသောကြောင့်၊ နိသတ္တအစစ်, အနတ္တအစစ်တို့သာတည်း။ ။အသက်ဇီဝ မဟုတ်ကြကုန်သောကြောင့်၊ နိဇ္ဇီဝအစစ် တို့သာတည်း။ ။သတ္တဝါသဘော, အထယ်မြှုပ်သဏ္ဍာန် သဘောမှ ဆိတ်သုဉ်းကြသောကြောင့်၊ သုညအစစ်တို့သာတည်း။ ။တစုံတရာအကျိုးရှိဘွယ်ရာနှင့်မဆိုင်၊ အလကား အချည်းနှီးတို့သာဖြစ်ကြသောကြောင့်၊ တုစ္ဆအစစ် တို့သာတည်း။ ။ဤကဲ့သို့ရှုဆင်ခြင်ရပါသည်၊ ဤကဲ့သို့ ရှုဆင်ခြင်နိုင်ပါလျှင်၊ စွဲလန်းမှုဒိဋ္ဌိအမျိုးမျိုးပျောက်၍၊ ဝိပဿနာဝိဇ္ဇာဉာဏ်ပေါ်ပေါက်နိုင်ပါသည်၊

**မေး။** ။ဝိပဿနာဝိဇ္ဇာ အလင်းဉာဏ်ပေါ်ပေါက်လာသောအခါ၊ ဘယ်သို့သောအကျိုးများ၊ ထူးခြားစွာပေါ်ပေါက်လာပါသနည်း။

ဖြေ၊ ။ဝိပဿနာဝိဇ္ဇာ အလင်းဉာဏ်ပေါ်ပေါက်လာသောအခါ၊ စက္ခု-သောတ၊ ဓာတ်မှ, ဓာတ်ဖိမှစ၍

WWW.DHAMMARANSI.COM

အလုံးစုံသောရုပ်ဓာတ်,နာမ်ဓာတ်,တို့ကိုအရင်းထား၍၊ဘုံသုံးပါးတို့၌ ကွယ်တာသော၊ တဏှာသမုဒယသည်၊အလိုအလျှော် ပြယ်ပျောက်၍ သွားပါသည်၊တဏှာဓာတ်ပြယ်၍သွားသောအခါ၊ သံသရာဝဋ်နွယ်မှာ၊တကာယ်တမ်းမပျော်မွေ့ဘဲ၊ ငြီးငွေ့ခြင်းတည်းဟူသောနိဗ္ဗိန္ဒဉာဏ်၊အမှန်ပေါ်ပေါက်၍လာပါသည်၊ နိဗ္ဗိန္ဒဉာဏ်၊ အမှန်အစစ်ဖြစ်ပေါ်လာသောအခါ၊ သံသရာဝဋ်မှ ကင်းပြတ်၍၊ဝိမုတ္တိဓာတ်ကြီးပေါ်လာပါသည်၊ထိုအခါ၊ အဘန်ဘန်ပဋိသန္ဓေရခြင်းတည်းဟူသောဇာတိဒုက္ခ၊ အဘန်ဘန်အိုရခြင်းတည်းဟူသောဇရာဒုက္ခ၊ အဘန်ဘန်နာရခြင်း တည်းဟူသော ဗျာဓိဒုက္ခ၊အဘန်ဘန်သေရခြင်းတည်းဟူသောမရဏဒုက္ခ၊ အဘန်ဘန်ပိုးရိပ် မှုဆွေငိုကြွေးပင်ပန်းရခြင်းတည်းဟူသော၊ သောကာ, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသ-ဘေးအလုံးစုံတို့သည်၊အကုန်ချုပ်ငြိမ်း၍၊ဝဋ်ဓာတ်ကြီးဆိမ်းရာ၊ မဟာအမတ၊ နိရောဓကြွင်းမှန်း နိဗ္ဗာန်နန်းသို့၊ ချမ်းချမ်းသာသာ ဆိုက်ရောက်ရခြင်း၊ အကျိုးထူး အကျိုးမွန်တို့သည်၊ ဖြိုးဖြိုးဖန်ဖန် ပေါ်ပေါက်ကြပါလိမ့်မည်၊

သ-သတ္တမဓာတ်အမေးအဖြေပြီး၏၊

———:o:———

WWW.DHAMMARANSI.COM

**လောကနှင့်သံသရာကိုဖန်ဆင်းသော၊**
**နုဝင်းဓာတ်မျိုး (၉၉) ကိုးဆဲ့ကိုး**
**အမေးအဖြေကိုပြဆိုချက်။**

မေး။ ။သာရ-သာရ-သာရ။ ဆ-ဆ ဏှာသုဏှာန်နည်း အားဖြင့်၊ သုံးဆဲ့ခြောက်ပါးသော ဓာတ်တို့၏ သရုပ်သဘောနှင့်တကွ၊ ဝိပဿနာဉာဏ်သို့ဆိုက်အောင်၊ အတိုးထိုက်တန်စွာဖြေကြားပေးသည့်အတွက်၊ အသိဉာဏ်တိုးပွား၍ အကျိုးများရပေပြီ၊ ထိုဖြင့်မေးရန်ရှိဖြန်သည်မှာ၊ ဆ-ဆဏှနည်းမှတပါး၊ ရုပ်နာမ်တရားဆပေါင်းတို့တွင်၊ လိုရင်းအချုပ်အားဖြင့်၊ လောကသုံးပါးနှင့်သံသရာစက် မပြတ်လည်အောင်၊ ထူထောင်၍နေသော ရုပ်နာမ်တရားများရှိပါသေးသလော၊

ဖြေ။ ။သံသရာနှင့်သုံးလောကကိုဖန်ဆင်းသော၊ နုဝင်း မူလ ဓာတ်-ပရမတ်တရားများ ရှိကြပါသေးသည်၊

မေး။ ။ထိုကဲ့သို့ လောကနှင့်သံသရာကိုဖန်ဆင်းသော၊ နုဝင်းမူလဓာတ် ပရမတ်တို့၏ အရေအတွက် သချာကို ဘော်ထုတ်၍ပြပါ၊

ဖြေ။ ။လောကနှင့် သံသရာကို ဖန်ဆင်းသော၊ နုဝင်းပရမတ်များသည်၊ နာမ်တရား [ ၈၁ ] ရှစ်ဆဲ့တပါး၊ ရုပ်တရား [ ၁၈ ] တဆဲ့ရှစ်ပါးရှိကြပါသည်၊ ရုပ်

WWW.DHAMMARANSI.COM

နာမ်နှစ်ပါးပေါင်းလျှင်[၉၉]ကိုးဆယ့်ကိုးဖြစ်ပါသည်။ ထိုရုပ်ဓာတ်, နာမ်ဓာတ်,ပရမတ် ကိုးဆယ့်ကိုးကိုပင်။ "သေဘာကနှင့်သံသရာကိုပန်ဆင်းသော၊ နဝင်းဓာတ်မျိုး-ကိုးဆယ့်ကိုး" ဟူ၍ခေါ်ဆိုပါသည်။

မေး။ ။ဖြေကြားခဲ့သောနဝင်းဓာတ်မျိုး၊ ကိုးဆယ့်ကိုးတို့တွင်၊နာမ်ဓာတ်ပေါင်း[၈၁]ရှစ်ဆယ့်တစ်သရုပ်ကိုဘော်ပြပါ။

ဖြေ။ ။အကုသိုလ်စိတ်[၁၂]တဆယ့်နှစ်ပါး၊ မဟာကုသိုလ်စိတ်စိတ်[၈]ရှစ်ပါး၊ ရူပကုသိုလ်စိတ် [၅] ငါးပါး၊ အရူပကုသိုလ်စိတ်[၄]လေးပါး၊ ပြဆိုခဲ့ပြီးသောအကုသိုလ်စိတ်,ကုသိုလ်စိတ်ပေါင်း [၂၉] နှစ်ဆယ့်ကိုးပါး၊ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက်[၅၂] ငါးဆယ့်နှစ်ပါး၊ထိုစိတ်,စေတသိက် နှစ်ပါးစုံကိုပေါင်းလိုက်သောအခါ[၈၁]ရှစ်ဆယ့်တပါးဖြစ်ပါသည်၊ ထိုရှစ်ဆယ့်တပါးကို၊ "နာမ်ပရမတ်၊နဝင်းဓာတ်" ဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။နာမ်ပရမတ်နဝင်းဓာတ်သရုပ်ကို သိရပါပြီ၊ ယခုဖြေကြားခဲ့ပြီးသောအတိုင်း၊ရုပ်ဆဲဆယ့်ရှစ်ပါးတို့၏သရုပ်ကိုဘော်ထုတ်၍ပြပါ၊

ဖြေ။ ။အချုပ်အားဖြင့် ဖြေဆိုရပါလျှင်၊ နိပ္ဖန္နရုပ်တဆယ့်ရှစ်ပါးပင်ဖြစ်ပါသည်။ ။အစိပ်သရုပ်ကိုဘော်

WWW.DHAMMARANSI.COM

ထုတ်၍ဖြေဆိုရပါလျှင်၊ ပထဝီ, အာပေါ, တေဇော, ဝါယော၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, သဒ္ဒ၊ ။ ပထမရုပ်ကြီးကိုးပါး၊ ။ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝ, ပုရိသဘာဝ, ဟဒယ, ဇီဝိတ၊ ။ ဒုတိယရုပ်ကြီးကိုးပါး။ ပေါင်းလိုက်သောအခါ၊ နိပ္ဖန္နရုပ်တဆဲ့ရှစ်ပါးဖြစ်ပါသည်၊ ထို တဆဲ့ရှစ်ပါး ကိုပင် "ရုပ်ပရမတ်၊ နဝင်းခတ်"ဟူ၍ခေါ်ဆိုရပါသည်၊

မေး၊ ။ ပထမ ရုပ်ခတ်ကြီး ကိုးပါး၊ ဒုတိယရုပ်ခတ်ကြီးကိုးပါးဟူ၍၊ ခွဲခြားဖြေဆိုခဲ့ရာ၊ ထိုကိုးပါးနှစ်လီတို့မှာထူးခြားသောအဓိပ္ပါယ်များရှိပါသလော။

ဖြေ၊ ။ ထူးခြားသောအဓိပ္ပါယ်ရှိပါသည်၊ ပထမရုပ်ခတ်ကြီးကိုးပါးမှာ၊ အဇ္ဈတ္တသန္တာန်ဟု ဆိုအပ်သောသတ္တဝါတို့နှင့်လည်းသက်ဆိုင်ပါသည်၊ ဗဟိဒ္ဓသန္တာန်ဟုဆိုအပ်သော၊ တော, တောင်, ရေ, မြေ, အလုံးစုံတို့နှင့်လည်းသက်ဆိုင်ပါသည်၊ ဒုတိယရုပ်ခတ်ကြီးကိုးပါးသည်ကား၊ ဗဟိဒ္ဓ သန္တာန်နှင့် မဆိုင်ပါ၊ အဇ္ဈတ္တသန္တာန်ဟု ဆိုအပ်သော သတ္တဝါတို့နှင့်သာ သက်ဆိုင်ပါသည်၊ ဤကဲ့သို့အဓိပ္ပါယ်ထူးခြားလျက်ရှိသောကြောင့်၊ ကိုးနှစ်လီပိုင်းခြား၍ ဖြေကြားခဲ့ပါသည်၊

WWW.DHAMMARAKSI.COM

မေး။ ။"ဝနင်းခေတ်မျိုး၊ ကိုးဆဲ့ကိုး"ဟူ၍ တို့ထွင်း၊ နာခံနဝင်းခေတ်တို့သည်၊ လောကနှင့် သံသရာကို အဘယ်သို့ဘန်ဆင်းပါသနည်း။

ဖြေ။ ။စေတသိက်နှင့်တကွဖြစ်သော အကုသိုလ်စိတ်တဆဲ့နှစ်၊ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်[၁၇]တဆဲ့ခုနစ်၊ ဤနှစ်ဆဲ့ကိုးပါးသော နာခံခေတ်တို့သည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရ၊ တို့ဖြစ်ကြပါသည်၊ ပဋ္ဌာန်းဒေသနာနည်းအားဖြင့်၊ ကမ္မပစ္စည်းတို့ဖြစ်ကြပါသည်။ ။ကံ၊ သင်္ခါရ၊ ဟုဆိုအပ်သော၊ ထိုကုသိုလ်၊ အကုသိုလ်တို့သည်၊ ဘုံသုံးပါးနှင့်သတ္တဝါတွေဖြစ်ပွားအောင်။ လူထောင် ဖန်ဆင်း၍ပေးနေသော မျိုးစေ့တို့ဖြစ်ကြပါသည်။ ။ထိုကုသိုလ်၊ အကုသိုလ်၊ မျိုးစေ့တွေရှိ၍ နေခြင်းကြောင့်၊ အပါယ်ကောင်၊ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ တွေဖြစ်ပေါ်၍ နေကြပါသည်၊ ထိုမျိုးစေ့တွေရှိနေသမျှ၊ သံသရာစက်ရဟတ် မပြတ်လည်၍နေပါသည်၊ ထို့ကြောင့်၊ လောကနှင့် သံသရာကိုဖန်ဆင်းသော၊ နဝင်းနာခံခေတ်-ပရမတ်ဟူ၍ ဖြေဆိုခဲ့ပါသည်၊

မေး။ ။ထိုကုသိုလ်၊ အကုသိုလ် တည်းဟူသော

WWW.DHAMMARANSI.COM

မျိုးစေ့တို့၏သံသရာထူထောင်ပုံကို၊ ဘုံ,ဂုဏ်,ထ်,နှင့် တကွဝေဘန်၍ဖြေကြားပါ။

ဖြေ။ ။အဝိဇ္ဇာဘိသင်္ခါရဟုဆိုအပ်သော အကုသိုလ်စိတ်-၁၂-ပါးသည်၊ အပါယ် လေးဘုံနှင့်၊ အပါယ်သတ္တဝါကောင်တွေဖြစ်ပွားအောင် ထူထောင်ပါသည်၊ထို့ကြောင့်အကုသိုလ်-၁၂-ပါးကိုအပါယ်မျိုးစေ့ဟု၍ ဆိုရပါသည်၊ ။ပုညာဘိ သင်္ခါရဟုဆိုအပ်သောမဟာကုသိုလ်စိတ်ရှစ်ပါးသည်၊ လူဘုံမှစ၍ ကာမသုဂတိ-၇-ဘုံတို့နှင့်၊ လူကောင်, နတ်ကောင်တွေဖြစ်အောင်ထူထောင်ပါသည်၊ ။ပုညာဘိသင်္ခါရဟုဆိုအပ်သောရူပါဝစရ ကုသိုလ်ငါးပါးသည်၊ရူပဗြဟ္မာဘုံ ၁၆-ဘုံနှင့်၊ဗြဟ္မာကောင်တွေဖြစ်အောင်ထူထောင်ပါသည်။ ။အာနေဉ္ဇာဘိသင်္ခါရဟုဆိုအပ်သော၊ အရူပကုသိုလ်လေးပါးသည်၊အရူပလေးဘုံနှင့်၊အရူပဗြဟ္မာတွေဖြစ်အောင်၊ထူထောင်ပါသည်။

မေး။ ။သင်္ခါရ-သင်္ခါရ-သင်္ခါရ၊ နာမ်ပရမတ် နှံ့ဝင်းခဲ့သော်တို့၏ အရှင်အဝိဇ္ဇါယ်နှင့်တကွ၊ ဘုံဘဝသံသရာဖြစ်အောင်၊ ထူထောင်ပုံတွေကို ဖြေကြားသဖြင့်၊ အသိဉာဏ် ပွားများရပေပြီ၊ ရုပ်ပရမတ်နှံ့ဝင်းခဲ့သော်

WWW.DHAMMARANSI.COM


တို့၏ ထူထောင်ပုံသဘောကို၊အဘယ်သို့ မှတ်ရပါ မည်နည်း။

ဖြေ။ ။အနန္တ လောကဓာတ်၌၊ အထယ်ဖြိုင်ရှိရှိ သမျှတွေ့ကို၊ထိုရုပ်ဓာတ်တို့ကပင်ထူထောင်ဘန်ဆင်း ၍နေကြပါသည်။ ။တော,တောင်,ရေ,မြေ,နေ,လ, နက္ခတ်တာရာ, မှင်ချို၊ အဝိညာဏက အသက်မရှိ သော၊ ဝတ္ထုဖြိုင်တွေ့ရှိသမျှကို၊ ပထဝီ,အာပေါ,တေ ဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,သဒ္ဒ, ဤပထမ ရုပ်ဓာတ်ကြီးကိုးပါးတို့က ထူထောင်၍နေကြပါသည် ဩကာသလောကကြီးဖြစ်အောင်၊ထိုပထမရုပ်ဓါတ် ကြီးကိုးပါးတို့က ထူထောင်နေကြသည်ဟူ၍လည်းဆို နိုင်ပါသည်။ အပါယ်ကောင်,လူကောင်,နတ်ကောင်, ဗြဟ္မာကောင်,ငါ,သူတပါး,ယောက်ျား,မိန်းမ,ဟုဆို အပ်သော၊ သတ္တလောကကြီးဖြစ်အောင်၊ဒုတိယရုပ် ဓာတ်ကြီး ကိုးပါးတို့က၊ ပထမရုပ်ဓာတ်ကြီး ကိုးပါး တို့နှင့်ပေါင်းဘင်းကာ ထူထောင်၍နေကြပါသည်။ ။ ဩကာသ လောကဖြစ်အောင်၊ သတ္တလောက ဖြစ် အောင်၊ ထူထောင်ပြုပြင်သောသဘောကိုပင်၊သင်္ခါရ လောကဟူ၍ခေါ်ဆိုရပါသည်။

မေး။ ။ပထမ ရုပ်ဓာတ်ကြီး ကိုးပါး၊ ဒုတိယရုပ် ဓာတ်ကြီး ကိုးပါးတို့ ရှိရာတွင်၊ အဇ္ဈတ္တဟု ဆိုအပ်

WWW.DHAMMARANSI.COM


သော၊သဏ္ဌာဝါတို့သဏ္ဌာန်မှာ၊ အာဘယ်ရုပ်ဓာတ်ကြီး ကိုးပါးကား၊အရေးကြီးစွာသဏ္ဌာဝါထင်မြင်အောင် ထူထောင်ဘန်ဆင်း၍နေကြပါသနည်း၊

ဖြေ၊ ၊သဏ္ဌာ၊ဝိဋ္ဌထ, ဟုဆိုအပ်သော၊ သဏ္ဌာဝါတို့သဏ္ဌာန်မှာ၊ ဒုတိယရုပ်ဓာတ်ကြီးကိုးပါးတို့ကား၊အရေးကြီးစွာ၊သဏ္ဌာဝါထင်မြင်အောင်၊ ထူထောင်၍နေကြပါသည်၊

မေး၊ ၊အရေးကြီးစွာ သဏ္ဌာဝါ ထင်မြင်အောင်၊ ထူထောင်ပုံသဘောကိုဘော်ပြပါ။

ဖြေ၊ ။စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ,ဤရုပ်ဓာတ်ငါးပါးတို့သည်၊ အဇ္ဈတ္တသဏ္ဌာန်မှာ၊ မြင်မှု,ကြားမှု,နံမှု, လျက်မှု, အတွေ့အထိမှု,များဖြစ်လာအောင် အရေးကြီးစွာ ထူထောင်ပေးကြပါသည်၊ ထိုပသာဒရုပ်ငါးပါး ရှိခြင်းကြောင့်၊ စက္ခုဝိညာဏ် စသော၊ ဒွေပဉ္စဝိညာဏ်စိတ်တွေ ဖြစ်ပေါ်၍နေကြပါသည်၊ ၊ဟဒယရုပ်သည်၊ကြံမှု,သိမှု,လိုချင်မှု,အမျက်ထွက်မှု,မှစ၍၊အသိမျိုးစုံဖြစ်ပေါ်အောင်၊အရေးကြီးစွာထူထောင်ပေးပါသည်၊ထိုဟဒယရုပ်ရှိခြင်းကြောင့်၊မနောဓါတ်, မနောဝိညာဏဓာတ်တွေဖြစ်ပေါ်၍နေကြပါသည်။ ၊ ဤကဲ့သို့ ဓာတ်သဘာဝ အလျောက် ဖြစ်ပုံတွေကို၊

WWW.DHAMMARANSI.COM

အတ္တဒိဋ္ဌိ စွဲသန်းခြင်းအားဖြင့်၊ ငါမြင်သည်, ငါကြားသည်,စသောအားဖြင့်၊ အမျိုးမျိုးအထင်မှား၍ နေကြပါသည်။ ။ထိုအမြင်ခတ်, အကြားခတ်, စသည်တို့ရှိနေခြင်းကြောင့်၊ ငါပုဂ္ဂိုလ်သတ္တဝါဖြစ်သည်ဟူ၍၊ အထင်ကြီးထင်ကာနေကြပါသည်၊ ထို့ကြောင့် အဇ္ဈတ္တသန္တာန်မှာ လွန်စွာအရေးကြီးသည်ဟူ၍ဖြေ ဆိုခဲ့ပါသည်၊

မေး။ ။မြင်မှု, ကြားမှု, စသည်တို့ကြောင့်၊ ငါ ပုဂ္ဂိုလ်ဘကားဟု၊ အထင်ကြွားပုံတွေကို သိရပါပြီ၊ အဘယ်ရုပ်ခတ်အစွမ်းသတ္တိကြောင့်၊ အဖို,အမ,ဟူ၍၊ အသီးအခြားစီအထင်မှား၍နေကြပါသနည်း။

ဖြေ။ ။ပုရိသဘာဝရုပ်, ဣတ္ထိဘာဝရုပ်,တို့ကြောင့်၊ အဖို,အမ,ကွဲပြားအောင်အထင်မှား၍နေကြပါသည်။ ။ဣတ္ထိဘာဝရုပ်က၊ ပုံပန်းသဏ္ဌာန်,ဟန်ပန်အမူအရာ, မှစ၍ မိန်းမထင်အောင်ဖန်ဆင်းနိုင်ပါသည်၊ ။ပုရိသဘာဝရုပ်က၊ ပုံပန်းသဏ္ဌာန်,ဟန်ပန် အမူအရာ,မှ စ၍၊ ယောက်ျားထင်အောင် ဖန်ဆင်းနိုင်ပါသည်၊ ထိုရုပ်နှစ်ခုရှိနေခြင်းကြောင့်၊ အဖို,အမ,ခြားနားရ၍၊ အထင်ကြီး အမြင်ကြီးဖြစ်၍နေကြပါသည်၊

မေး။ ။ဒုတိယရုပ်ကိုးပါးတို့တွင်၊ ဇီဝိတရုပ်မှာ၊ အဘယ်သို့သောအစွမ်းသတ္တိနှင့်ပြည့်စုံပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။အဇ္ဈတ္တသန္တာန်၌ရှိသော၊ကာမဝစရစိတ်တို့ကို၊ ချုပ်စီး၍၊ အသေမပါတတ်-အရှင်ဖြစ်သည့်ဟု ထင်မြင်အောင်၊ ရှက်ဆောင်၍နေပါသည်။ ထိုဇီဝိတရုပ်မရှိလျှင်၊သတ္တဝါသေပြီဟုခေါ်ဝေါ်ကြပါသည်။

မေး။ ။ဒုတိယ ရုပ်ခေတ်ကြီး ကိုးပါးတို့ကို၊ ဘုံအားဖြင့်ဝေဘန်၍ပြပါ။

ဖြေ။ ။ကာမတဆဲ့တဘုံတို့မှာ၊ ဒုတိယရုပ်ခေတ်ကြီးကိုးပါးအကုန်၊ အစုံအလင်ဖြစ်ကြပါသည်။ ။ အသညသတ်ကြဉ်သော၊ ရူပ-၁၅-ဘုံတို့မှာ၊ စက္ခု, သောတ, ဟဒယ, ဇီဝိတ, ဤရုပ်ခေတ်လေးပါးတို့သာအလျှင်ဖြစ်ကြပါသည်။ ။အသညသတ်ဘုံမှာ၊ဇီဝိတရုပ်တပါးသာ ဖြစ်ပါသည်။ ။အရူပလေးဘုံတို့မှာ၊ ရုပ်ခေတ်ဟူ၍တစုံတရာမျှမရှိပါ။

မေး။ ။နာမ်ပရမတ်- နဝင်းခေတ်၊ ရုပ်ပရမတ်-နဝင်းခေတ်တို့ကို၊ဘုံအဓိပ္ပါယ်နှင့်တကွ၊ သိလွယ်မှတ်လွယ်အောင်ဖြေကြားသဖြင့်၊ပရမတ်နဝင်းဉာဏ်ထက်သန်ပွင့်လင်းရပေပြီ၊ "နဝင်းခေတ်မျိုး၊ ကိုးဆဲ့ကိုး"ဟူဟုဆိုအပ်သော၊ ထိုပရမတ်တရားတို့၏၊အကြောင်းဆက်သွယ်သည် အားလျော်စွာ။ သင်္ခါရသဘောအားဖြင့်၊ ပြုပြင်ဘန်တီးနေကြသည်ကို၊ပရမတ်ဉာဏ်မရှိ၊အတ္တဒိဋ္ဌိထွမ်းမိုးနေကြသောလူနတ်ဗြဟ္မာ

WWW.DHAMMADOWNLOAD.COM

သတ္တဝါတွေက၊ အဘယ်သို့ ထင်မြင် နေကြ ပါသ
နည်း။

ဖြေ။ ။နဝင်းပရမတ်။ အလင်းရောင် မရှိဘဲ၊ ဒိဋ္ဌိ အရုပ်ပိုးခြင်းကိုခံနေကြရကုန်သော၊ပုထုဇန်သတ္တဝါတို့သည်ကား၊ပရမတ်သဘောသို့ထိအောင်၊ ဉာဏ်မမှီနိုင်ကြသဖြင့်။အပါယ်လေးဘုံတွေဖြစ်၍နေသည်၊ လူဘုံ,နတ်ဘုံ,ဗြဟ္မာဘုံတွေဖြစ်၍နေသည်၊ ။အပါယ်ကောင်တွေဖြစ်၍နေသည်၊ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, တွေဖြစ်၍နေသည်၊ ဤကဲ့သို့ထင်မှတ်၍နေကြပါသည်၊ ထိုကဲ့သို့အထင်မျိုးမပျောက်သမျှ၊ သံသရာဝဋ်စက်မှ၊လွတ်ထွက်နိုင်ကြသည်မဟုတ်ပါ၊

မေး၊ ။ပရမတ်ဉာဏ်မရှိဘဲ၊ ပုထုဇန်တို့စရိုက်ဖြင့်၊ အစဉ်မပြတ် မှောင်ဆိုက်၍၊ အလိုက်ဘာသာ ထင်မြင်လေ့ရှိသော အထင်မျိုးကို ပျောက်ကင်းအောင်၊ အဘယ်သို့ပြုလုပ်ရပါမည်နည်း၊

ဖြေ၊ ။ပထမရှေးဦးစွာ၊ရုပ်,နာမ်တရားတို့ကို၊ကွဲကွဲပြားပြား ထင်မြင်အောင် ကြိုးစားရပါသည်၊ ထိုနောင်တဘန်၊ထိုရုပ်,နာမ်တို့၏သင်္ခါရသဘောအားဖြင့် ပြုပြင်စီရင်၍နေပုံကို၊ အသိဉာဏ်ပေါ်ပေါက်အောင် ကြိုးစားရပါသည်၊ ထိုနောင်ရုပ်,နာမ်တို့၏ ပြုပြင်စီရင်ပုံတွေကို၊ အမှန်အတိုင်း ထင်မြင်လာသောအခါ၊ငါ,

WWW.DHAMMARANSI.COM


သူတပါး,ယောက်ျား,မိန်းမ,မှစ၍၊ အတ္တဒိဋ္ဌိ အထင့် အမြင်တွေပျောက်ကင်း၍သွားပါသည်။တောတောင် ဖြစ်၍နေသည်၊ ကမ္ဘာလောကကြီးဖြစ်၍ နေသည့်၊ နေ–လ–နက္ခတ်တာရာတွေဖြစ်၍နေသည့်၊ ဤသို့ စသောအားဖြင့်၊ပုထုဇဉ်တို့ထင်မြဲဖြစ်သောအထင်မျိုး တို့လည်းကင်းရှင်း၍သွားပါသည်၊ ထိုအခါ၊အလုံးစုံ သောအရာဝတ္ထုတို့၌ သာယာခြင်းကင်း၍၊ ပရမတ် ဉာဏ်အလင်းကြီးပေါ်ပေါက်၍ လာပါသည်၊ ဤကဲ့ သို့ကြိုးစားနိုင်ပါမှ၊ သံသရာဝဋ်စက်မှ လွတ်ထွက် နိုင်ပါသည်၊

ရုပ်နာမ်ပရမတ်၊နှဝင်းခေတ်

အမေးအဖြေပြီး၏၊

WWW.DHAMMARANSI.COM

## အမေးအဖြေပွဲသိမ်း နိဂုံး။

သာဓု-သာဓု-သာဓု။ ဓာတုဝိဘင်္ဂဉာဏ်၊ ထက်သန့်ကဲလွန်၊ ဂုဏ်တန်ခွန်နှင့်၊ ဘဂဝန်သဿမ္ဗူ။ ဘုန်းခြောက်ဆူကို၊ ပိုက်ဇရဖြန့်ရိုး၊ သုံထရိုးမှာ၊ တန်းခိုးရှိန်ပြောင်း၊ မကိုဋ်ဆောင်းလျက်၊ တိုက်တသောင်းညွှတ် လျှိုး၍၊ ရှိခိုးဦးခိုက်ရာ၊ သမ္မာသမ္ဗုဒ္ဓ၊ အတုလထွတ်ဖျား၊ ရှင်တော်မြတ်ဘုရား၏၊ သုံးပါးသောသာသနာဝယ်၊ အဓိပညာသာသနာတွင်၊ အပါအဝင်ဟာဆိုအပ်သော၊ ပရမတ်မျိုးမှန်၊ အဘိဓမ္မာအဘိုးတန်တို့ကို၊ အဘိဉာဏ်ထိုးထွင်း၊ ဒိဋ္ဌိမှောင်ပယ်ခွင်း၍၊ အလင်းဓာတ်ရှိန်အဝါ၊ တလိန့်ထိန့်ဝေဖြာလျက်၊ ဒေသနာလှမ်းမှန်၊ ဘိဓမ္မာကျမ်းဂန်မှ၊ ဝေဘန်ကာ ဖော်ထုတ်၍၊ ဝိမုတ္တိအခြေပြီး၊ ဓာတုဉာဏ်အထီးသီးတို့ကို၊ ဉာဏ်ဓာတ်မီးထောင်ရာတို့ဖြင့်၊ ရောင်အဝါထင်းထက်ထင်းဆောင်၊ ပြခြင်းကြီးပြသကဲ့သို့၊ နည်းနယအသွယ်သွယ်တို့ဖြင့်၊ ဆန်းထကြွယ် စိတ်ဖြာလျက်၊ အဝိဇ္ဇာပြိုဖျက်၍၊ ဒိဋ္ဌိစက်ပြယ်စေကြောင်း၊ ထက်နက်ကောင်းဝရဇိန်၊ ထက်မြက်သော ရောင်ရှိန်နှင့်၊ ပြောင် ထိန်သော လျှပ်ပန်းကဲ့သို့၊ ဓာတ်ကမ္မဋ္ဌာန်းထွတ်မကိုဋ်ကို၊ ကျွတ်ထိုက်သူဝေနေယျာတို့၊ သေချာစွာသက်စွဲ၍၊ နက်နဲသော ပရမတ်တရားဟူ၊ ပညာ

WWW.DHAMMARANSI.COM

ဉာဏ် ခေတ်အားဖြင့်၊ မှတ်သားတော်မူကြ ပါကုန်လော။

ခေတ်ကမ္ဘာ့ဗွန်းအမေးအဖြေပြီး၏။

——:o:——

## နိဂုံး-ကဗျာများ။

(၁) ခေတ်ကမ္ဘာ့ဗွန်း၊ ဉာဏ်ထိပ်ပန်း၊ ထူးဆန်းနက်နဲပေ။

(၂) မေး-ဖြေအချက်၊ ငါးပွါယ်နက်၊ မိန့်ထွက်ဖြန့်ရှုချေ။

(၃) လယ်တီအစ၊ ပဏ္ဍိတ၊ လောကဥဒါန်းတွေ။

(၄) ဘွဲ့ခံ၊ မိန္ဒ၊ တိုယာစ၊ ရေးရအကြောင်းပေ။

(၅) ဝိပဿနာ၊ ဉာဏ်ရောင်ဝါ၊ ရှိန်ဖြာထက်လင်းပေ။

(၆) နိဗ္ဗန်ဝိနင်း၊ ရက္ခသွင်း၊ အလင်းမြင်ကြပေ။

(၇) ဒိဋ္ဌိဖြိုဖျက်၊ အဏ္ဏဝက်၊ သံလျက်ဉာဏ်နှင့်ချေ။

(၈) ခေတ်သား့ခေတ်မြေး၊ မြင်အောင်ရေး၊ အမေးဤအဖြေ။

(၉) ထောင်မှာငကော၊ ရာဇ္ဇဟာ၊ နဝ-စတုကော။

(၁၀) သက္ကရာဇ်ဦး၊ နှစ်သစ်ကူး၊ ခါထူးမိဿပေ။

(၁၁) လပြည့်ကြို၌၊ ဆင်မင်းနေ့၊ စုံစေ့ပြီးစီးလေ။

WWW.DHAMMARANSI.COM


(၁၂) ပညာအလျှံ၊ စိတ်ကြည်ဖြူ၊ ရယူအမျှဝေ။
(၁၃) ပညာဓါနဲ့၊ ဤဝီရိယကြောင့်၊ ကမ္ဘာ့ဒုခနှံ့ဝင်း အန္တရာယ်တို့၊ ပျောက်ကွယ်တုံလျက်၊ ကျန်းမာဘက်၊ အသက်ရှည်နိုင်ပေ။
(၁၄) ကမ္ဘာ့နှံ့ကိုး၊ ရှိသမျှသယ်၊ သတ္တဝါများစွာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(၁၅) သာသနာ့ရောင်၊ ထွန်းလင်းပြောင်၍၊ ရန်မှောင်ပယ်ထွင့်၊ တင့်ထက်တင့်၊ ဆင့်ဆင့်တိုးပွားစေ။

အလုံးစုံပြီးပြီ၊

အနန္တစက္ကုကျမ်း။
ရိုက်နှိပ်ပြီးစီးပြီ။ တအုပ်လျှင်(၈-၆)နှင့်
ဝယ်ယူဘတ်ရှုတော်မူကြပါ။

WWW.DHAMMARANSI.COM


(မှတ်ချက်။ ။ဓာတ်ကမ္မဋ္ဌာန်း အမေးအဖြေ နှင့် တိုက်ဆိုင်၍ ကြည့်ရှု ကျက်မှတ်ရန်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူအပ်သော ဓာတ်ကမ္မဋ္ဌာန်းမူရင်း ကို၊ ဤနေရာ၌ ထည့်သွင်း ဖော်ပြလိုက်ပါသည်။)

---

## နမောတဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဆဠ္ဌိ၊ ရူမဘ္ဂိ၊ မေ၊ ကာယော၊ ပထဝီကာယော၊ အာပေါကာယော၊ တေဇောကာယော၊ ဝါယောကာယော၊ ဝိညာဏကာယော၊

၂ တတ္ထကတမော၊ ပထဝီကာယော၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ ။မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ။ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ ။အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ဣမေဝုစ္စန္တိ၊ ပထဝီကာယော၊

၃ တတ္ထကတမော၊ အာပေါကာယော၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ ။အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊ ဣမေဝုစ္စန္တိ၊ အာပေါကာယော၊

WWW.DHAMMARANSI.COM

၄ တတ္ထကတမေ၊ တေဇော ကာယာ၊ သန္တာပေါ၊ ဒါဟော၊ ပါစကော၊ ဇီရဏော၊ ဣမေ ဝုစ္စန္တိ၊ တေဇောကာယာ။

၅ တတ္ထကတမေ၊ ဝါယောကာယာ၊ ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အဿာသပဿာသာ ဝါတာ၊ ဣမေ ဝုစ္စန္တိ၊ ဝါယောကာယာ။

၆ တတ္ထ ကတမေ၊ ဝိညာဏ ကာယာ၊ စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှာဝိညာဏံ၊ ကာယဝိညာဏံ၊ မနောဝိညာဏံ၊ ဣမေ ဝုစ္စန္တိ၊ ဝိညာဏကာယာ။

---

၇ ကောသကာယော၊ ကက္ခဠကိရိယာ၊ ပထဝီနာမ။ အာဗန္ဓန ကိရိယာ၊ အာပေါနာမ။ ဥဏှတ္တကိရိယာ၊ တေဇော နာမ။ ဝိတ္ထမ္ဘန ကိရိယာ၊ ဝါယော နာမ။ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ၊ တဒုပါဒါ၊ သဗ္ဗေတေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

 WWW.DHAMMADOWNLOAD.COM 

၈ တထာကေသလောမကာယော၊ နခကာယော၊ ဒန္တကာယော၊ တစကာယော၊ မံသကာယော၊ နှာရုကာယော၊ အဋ္ဌိကာယော၊ အဋ္ဌိမိဉ္ဇကာယော၊ ဝက္ကကာယော၊ ဟဒယကာယော၊ ယကနကာယော၊ ကိလောမကကာယော၊ ပိဟကကာယော၊ ပပ္ဖါသကာယော၊ အန္တကာယော၊ အန္တဂုဏကာယော၊ ဥဒရိယကာယော၊ ကရီသကာယော၊ မတ္ထလုင်ကာယောတိ။

---

၉ ပိတ္တကာယော၊ ကက္ခဠကိရိယာ၊ ပထဝီနာမ၊ အာဗန္ဓနကိရိယာ၊ အာပေါနာမ၊ ဥဏှတ္တကိရိယာ၊ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ၊ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ၊ တဒုပါဒါ၊ သဒ္ဒေါ၊ ခမ္ဘာကာသော၊ ပဋိစ္စသမုပ္ပန္နာ၊ နိသတ္တာ၊ နိဇ္ဇီဝါ၊ ထုလ္လာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ဩယဓမ္မနုဆနိဗ္ဗာ၊ ဘယဓမ္မနုဝိဒ္ဓာ၊ အသာရကဓမ္မနုအနုဗ္ဗာ။

၁၀ တထာသေမှကာယော၊ ပုဗ္ဗကာယော၊ လောဟိတကာယော၊ သေဒကာယော၊ မေဒကာယော၊ အဿုကာယော၊ ဝသာကာယော၊ ခေဠကာယော၊ သိင်္ဃာဏိကာကာယော၊ လသိကာကာယော၊ မုတ္တကာယောတိ။

၁၁ အဋ္ဌိသင်္ခါတကာယော၊ ကက္ခဠကိရိယာ၊ ပထဝီ

WWW.DHAMMARANSI.COM

နာမ၊ အာဗန္ဓနကိရိယာ၊ အာပေါနာမ၊ ဥဏှတ္တကိရိယာ၊ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ၊ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ၊ စတုပါဒါ၊ သဗ္ဗေတေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ၊

၁၂ တထာ၊ ဒါဟကာယော၊ ပါစကကာယော၊ ဇီရဏကာယောတိ။

---

၁၃ ဥဒ္ဓင်္ဂမကာယော၊ ကက္ခဠတ္တကိရိယာ၊ ပထဝီနာမ၊ အာဗန္ဓနကိရိယာ၊ အာပေါနာမ၊ ဥဏှတ္တကိရိယာ၊ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ၊ ဝါယောနာမ၊ ဝဏ္ဏော၊ ဂန္ဓော၊ ရသော၊ ဩဇာ၊ စတုပါဒါ၊ သဗ္ဗေတေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိဿတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

၁၄ တထာ၊ အဓောဂမကာယော၊ ကုစ္ဆိသယကာယော၊ ကောဋ္ဌာသယကာယော၊ အင်္ဂမင်္ဂါနုသာရီကာယော၊ အဿာသပဿာသကာယော။

WWW.DHAMMARANSI.COM


၁၅ စက္ခုဝိညာဏ ကာယော၊ စတ္တာရော ခန္ဓာလဗ္ဘ န္တိ၊ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ စေတနာ သင်္ခါရက္ခန္ဓော၊ ဝိညာဏံ ဝိညာဏက္ခန္ဓော၊ သဒ္ဒေတော ဓမ္မာ သင်္ခါတာ၊ ပဋိစ္စသမုပ္ပန္နာ၊ နိသတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ၊

၁၆ တထာ၊ သောတ ဝိညာဏကာယော၊ ဃာန ဝိညာဏ ကာယော၊ ဇိဝှါ ဝိညာဏ ကာယော၊ ကာယ ဝိညာဏကာယော၊ မနောဝိညာဏကာယောတိ။

၁၇ ဆုတ်၊ ဆုမတ္တိ ၊မေ ကာယော၊ အဋ္ဌစတ္တာဠီသ ပဒေဒါ၊ ဓာတုကာယာ၊ ဓမ္မကာယာ၊ သင်္ခါတာ၊ ပဋိစ္စ သမုပ္ပန္နာ၊ နိသတ္တာ၊ နိဇ္ဇီဝါ၊ တုစ္ဆာ၊ သုညာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အ နိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာတိ။

## ဓာတ်ကထာမွှာန်းပါဠိ ပြီး၏။

---

## ဓာတ်ကထာမွှာန်းအနက်။

၁ မေး၊ ငါ၏ ဆုမတ္တိ ကာယော၊ တလံမျှသော သော ဤခန္ဓာကိုယ်၌ ပထဝီကာယာ၊ မြေဓာတ်လွှန်

WWW.DHAMMADANA.COM

သော ကိုယ်အစုတို့သည်၎င်း၊ အာပေါယာကာ၊ ရေဓာတ်လွန်သော ကိုယ်အစုတို့သည်၎င်း၊ တေဇောကာယာ၊ဓာတ်မီးလွန်သော ကိုယ်အစုတို့သည်၎င်း၊ ဝါယောကာယာ၊ လေဓာတ်လွန်သောကိုယ်အစုတို့သည်၎င်း၊ ဝိညာဏကာယာ၊ ကြံတတ်, သိတတ်, သော ကိုယ်အစုတို့သည်၎င်း၊အစ္ဆိ-သန္တိ၊ရှိကုန်၏၊

၂ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ ပထဝီကာယာ၊မြေဓာတ်လွန်သော ကိုယ်အစုတို့ဟူသည်၊ ကတမေ။အဘယ်သည်တို့နည်းဟူမူကား။ ။ ကေသာ၊ ၂-ကုဋေ ၄-သန်းမျှသောဆံပင်ဟူသောမြေအစုတို့၎င်း၊လောမာ၊ ၉-သောင်း ၉-ထောင်မျှသော မွေးညှင်းဟူသော မြေအစုတို့၎င်း၊ နခါ၊ ၂၀-အရေအတွက်ရှိသော ခြေသည်းလက်သည်းဟူသော မြေအစုတို့၎င်း၊ဒန္တာ၊ ၃၂-အရေအတွက်ရှိသော သွားဟူသောမြေအစုတို့၎င်း၊ တစော၊ အရေထူအရေပါး ၂-ချိုးပြားသောအရေဟူသောမြေအစု၎င်း၊ ။မံသံ၊ ကိုးရာမျှ အရေအတွက်ရှိသော အသားပိုင် အသားခဲဟူသောမြေအစု၎င်း၊နှာရု၊ကိုးရာမျှအရေအတွက်ရှိသောအကြောဟူသောမြေအစု၎င်း၊ အဋ္ဌိ၊ သုံးရာမျှအရေအတွက်ရှိသော အရိုးဟူသောမြေအစု၎င်း၊ အဋ္ဌိမိဉ္ဇံ၊ရိုးတွင်းခြင်ဆီဟူသောမြေအစု၎င်း၊ဝက္ကံ၊ကျောက်

WWW.DHAMMARANSI.COM

ကာဠ်ခေါ်သော အညှို့ဟူသော မြေအစုရှင်း၊ ။ဟဒ-
ယံ၊နှလုံးသားဟူသောမြေအစုရှင်း။ယကနံ၊အသည်း
ဟူသော မြေအစုရှင်း။ ကိလောမကံ၊ အမြှေးဖွဲ့ဟူ
သောမြေအစုရှင်း။ပိဟကံ၊သရက်ရွက်ခေါ်သော အ
ဖျဉ်းဟူသော မြေအစုရှင်း။ပပ္ဖာသံ၊ အဆုတ်ဟူသော
မြေအစုရှင်း။ ။အန္တံ၊အူမအူကြီးဟူသော မြေအစု
ရှင်း။ အန္တဂုဏံ၊ အူသိမ် အူသေးဟူသော မြေအစု
ရှင်း။ဥဒရိယံ၊ အစာသစ်ဟူသောမြေအစုရှင်း၊ ကရီ-
သံ၊အစာဟောင်းဟူသော မြေအစုရှင်း၊ မတ္ထလုင်္ဂံ၊
ဦးနှောက်ဟူသောမြေအစုရှင်း၊ ။ဤမေ၊ဤနှစ်ဆယ်
သော မြေအစုတို့ကို၊ ပထဝီကာယသာ၊ မြေခတ်လွန်
သောကိုယ်အစုဟူ၍၊ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

၃ တတ္ထ၊ထိုငါးပါးသောကိုယ်အစုတို့တွင်၊အာ-
ပေါကာယော၊ ရေခတ်လွန်သော ကိုယ်အစုတို့ဟူ
သည်၊ကတမေ၊အဘယ်သည်တို့နည်းဟုမူကား၊ ။
ပိတ္တံ၊သည်းခြေဟူသောမြေအစုရှင်း၊ သေမှံ၊ သလိပ်
ဟူသောရေအစုရှင်း၊ ပုဗ္ဗော၊ ပြည်ဟူသော ရေအစု
ရှင်း၊လောဟိတံ၊သွေးဟူသောရေအစုရှင်း။သေဒေါ၊
ချွေးဟူသော ရေအစုရှင်း၊ မေဒေါ၊ အဆီပြင်အခဲ
ဟူသောရေအစုရှင်း၊ ။အဿု၊ မျက်ရည်ဟူသော
ရေအစုရှင်း၊ ဝသာ၊ ဆီကြည်ဟူသောရေအစုရှင်း၊

WWW.DHAMMARANSI.COM

ခေဠော၊ ချွဲရည် တံတွေး ဟူသော ရေအစုရင်း၊ သိင်္ဃာဏိကာ၊ နှာရည်နှပ်စေးဟူသော ရေအစုရင်း၊ လသိကာ၊ အစေးရုပ်ဟူသောရေအစုရင်း၊ မုတ္တံ၊ ကျင်ငယ်ဟူသောရေအစုရင်း၊ ။ ဣမေ၊ ဤတဆဲ့နှစ်ပါးသောရေအစုတို့ကို၊ အာပေါကာယာ၊ ရေခေါတ်လွန်သောကိုယ်အစုတို့ဟူ၍၊ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။

၄ တတ္ထ၊ ထိုငါးပါးသော ကိုယ်အစုတို့တွင်၊ တေဇောကာယာ၊ မီးခေါတ်လွန်သောကိုယ်အစုတို့ဟူသည်၊ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား၊ ။ သန္တာပေါ၊ ရက်ဆက်ရက်ချန် ဖျားခြင်းစသော အလွန်ပူသောမီးအစုရင်း၊ ဒါဟော၊ ပေါက်နာကျောက်နာစသော အသွေးအသားကို အကျက်လောင်သော မီးအစုရင်း၊ ပါစကော၊ အစာကိုကြေကျက်စေတတ်သောမီးအစုရင်း၊ ဇီရဏော၊ ရင့်ရော်မှည့်ရွှမ်းဟောင်းနွမ်းဆွေးမြေ့စေတတ်သောမီးအစုရင်း၊ ။ ဣမေ၊ ဤလေးပါးသော မီးအစုတို့ကို၊ တေဇောကာယာ၊ မီးခေါတ်လွန်သောကိုယ်အစုတို့ဟူ၍၊ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။

၅ တတ္ထ၊ ထိုငါးပါးသောကိုယ်အစုတို့တွင်၊ ဝါယောကာယာ၊ လေခေါတ်လွန်သောကိုယ်အစုတို့ဟူသည်၊ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား၊ ။

ဥဒ္ဓင်္ဂမာဝါတာ၊ အထက်သို့ဆန်တက်သောလေအရ
တို့ရင်း၊ အဓောဂမာပါတာ၊ အောက်သို့ရန်ဆင်း
သော လေအရတို့ရင်း။ ကုစ္ဆိသယာဝါတာ၊ ဝမ်း
ခေါင်းတွင်း၌ တိန်းသောလေအရတို့ရင်း၊ ကောဋ္ဌာသ
ယာဝါတာ၊အူမအူသိမ်တွင်း၌တိန်းသောလေအရတို့
ရင်း၊ အင်္ဂမင်္ဂါနုသာရိနောဝါတာ၊ ကိုယ်အင်္ဂါ လှုပ်
ရှားမှုတို့၌အင်္ဂါကြီးငယ်သို့အစဉ်လျှောက်သောလေ
အရတို့ရင်း၊ အဿာသ ပဿာသာဝါတာ၊ ထွက်
သက်ဝင်သက်ဟူသော လေအရတို့ရင်း၊ ။ရှုမေး
ဤခြောက်ပါးသော လေအရတို့ကို၊ ဝါယောကာယာ၊
လေခဲတတ်လွန်သောကိုယ်အရတို့ဟူ၍၊ ဝုစ္စတိ၊ ဆို
အပ်ကုန်၏။

၆ တတ္ထ၊ ထိုငါးပါးသော ကိုယ်အရတို့တွင်၊
ဝိညာဏကာယာ၊ကြံတတ်သိတတ်သော ကိုယ်အရ
တို့ဟူသည်၊ ကတမေ၊ အဘယ်သည်တို့နည်းဟူမူ
ကား။ ။စက္ခုဝိညာဏံ၊ မျက်လုံးတွင်း၌ ဖြစ်ပေါ်
သောသိမှုရင်း၊သောတဝိညာဏံ၊ နားအိမ်တွင်း၌ဖြစ်
ပေါ်သောသိမှုရင်း၊ ဃာနဝိညာဏံ၊ နှာခေါင်းတွင်း၌
ဖြစ်ပေါ်သော သိမှုရင်း၊ ဇိဝှါဝိညာဏံ၊ လျှာအပြင်၌
ဖြစ်ပေါ်သောသိမှုရင်း၊ကာယဝိညာဏံ၊ တကိုယ်လုံး
မှာထိုထိုအင်္ဂါ၌ ဖြစ်ပေါ်သော သိမှုရင်း၊ မနောဝိညာ

WWW.DHAMMARANSI.COM

ထား၏၊ နှလုံးထွင်း၌ဖြစ်ပေါ်သော ထွေထွေလာလာကြံမှု
သိမှုရင်း။ ။ဆုမေ၊ ဤခြောက်ပါးသောကြံမှုသိမှုတို့
ကို၊ဝိညာဏကာယာ၊ကြံတတ် သိတတ်သော ကိုယ်
အစုတို့ဟူ၍၊ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

(တယောက်တယောက်သောသူ၏ ကိုယ်ခန္ဓာ၌
အစိတ်အစိတ်ဖြစ်ကုန်သော-၄၈-ပါးကုန်သောကိုယ်
ခန္ဓာတို့ကိုထုတ်ဆိုခန်းပြီး၏။)

---

၇ ကေသာကာယေ၊ ဆံပင်ဟူသောကိုယ်အစု
၌၊ဝါ၊ဆံပင်ဟူသောမြေအစု၌၊ ယာကက္ခဠတ္တကိရိယာ၊
အကြောင်းခက်မာမှု ဟူသောကြိယာသည်၊အတ္ထိ၊ရှိ၏။
သာ၊ထိုခက်မာမှုကြိယာသည်၊ ပထဝီနာမ၊ ပရမတ်
နှစ်မြေဓာတ်စစ်မည်၏။ ။ယာအာဗန္ဓန ကိရိယာ၊
အကြောင်း ဖွဲ့စေးကပ်တွယ် မှုဟူသော ကြိယာသည်၊
အတ္ထိ၊ရှိ၏။သာ၊ထိုဖွဲ့စေးကပ်တွယ်မှုကြိယာသည်၊
အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ်မည်၏။ ။
ယာဥဏှတ္တကိရိယာ၊အကြောင်းနွေးသည်၊ပူသည်၏ အ
ဖြစ်တည်းဟူသောကြိယာသည်၊အတ္ထိ၊ရှိ၏။သာ၊ထို
နွေးမှုပူမှုကြိယာသည်၊တေဇောနာမ၊ ပရမတ်နှစ်မီး
ဓာတ်စစ်မည်၏။ ။ယာဝိတ္ထမ္ဘနကိရိယာ၊ အကြောင်း
ထောက်ကန်မှုဟူသော ကြိယာသည်၊ အတ္ထိ၊ ရှိ၏။

WWW.DHAMMARANSI.COM


ဘော၊ ထိုထောက်ကန့်မှုကြီးသာသာသည်၊ ဝါယောနှာမ၏
ပရမတ်နှစ်လေဓာတ်စစ်မည်၏။ ။ဝဏ္ဏော၊ အဆင်း
ဓာတ်သည်ရှင်း၊ ဂန္ဓော၊ အနံ့ ဓာတ်သည်ရှင်း။ ရသော၊
အရသာဓာတ်သည်ရှင်း၊ ဩဇာ၊ ဩဇာဟူသော အာ
ဟာရဓာတ်သည့်ရှင်း။ ဣမေ၊ ဤလေးပါးသောဓာတ်
တို့သည်၊ တဒုပါဒါ၊ ထိုမြေရေမီး၊ လေဟူသောဓာတ်
ကြီးလေးပါးတို့၌ မှီတွယ်ရသော ရုပ်ငယ်ရုပ်သေးတို့
ဘောတည်း။ ။သဗ္ဗေ၊ အလုံးစုံကုန်သော၊ ဧတေဓမ္မာ၊
ထို ဓာတ်ကြီးသေးသွယ်၊ ဓာတ်ငယ် လေးပါး၊ ရုပ်
တရားတို့သည်၊ သင်္ခတာ၊ အဘန်ဘန်ပြုပြင်အပ်သော
တရားတို့ဘောတည်း။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းတို့စွဲ
၍တပေါင်းတစုတည်း ဖြစ်ပေါ်သော တရားတို့ဘော
တည်း။ နိဿတ္တာ၊ ပုဂ္ဂိုလ်မျိုး သတ္တဝါမျိုးမဟုတ်ကုန်
နိဇ္ဇီဝါ၊ တမိနစ်တနာရီ စသည့်ရှည်သောအသက်ဇီဝ
ရှိကြသော တရားမျိုးမဟုတ်ကုန်၊ တုစ္ဆာ၊ ပုဂ္ဂိုလ်
သတ္တဝါအင်္ဂါကြီးငယ်ဘာသာသွယ်သော အထည်
မြဲ ဂုဏ်သကာတ်နှင့်၊ မစပ်မနီး အချည်းနှီး တို့ဘော
တည်း။ သုညာ၊ နိစ္စဂုဏ်၊ သုခဂုဏ်၊ သုဘဂုဏ်၊ အတ္တ
ဂုဏ်၊ ဘောရဂုဏ်တို့မှဆိတ်ကုန်၏။ ခယဓမ္မာ၊ ခဏ
ခဏကုန်ဆုံးခြင်းသဘောအလေ့ရှိကုန်၏၊ ဝယဓမ္မာ၊
ခဏခဏ ကွယ်ပျောက်ဆုံးခြင်း သဘောအလေ့ရှိ

WWW.DHAMMARANSI.COM



ကုန်၏၊ ဝိပရိဏာမဓမ္မာ၊ ခဏာခဏာ ဖြယ်ဖျောက်ခြင်းသဘော အလေ့ရှိကုန်၏၊ နိရောဓဓမ္မာ၊ ခဏာခဏာချုပ်ယုတ်ပျက်ဆုံးခြင်းသဘောအလေ့ရှိကုန်၏၊ ခယဋ္ဌေန၊ ခဏာခဏာ ကုန်ဆုံးခြင်း အနက် ကြောင့်၊ အနိစ္စာ၊ အနိစ္စမျိုးတို့သာလျှင်တည်း၊ ဘယဋ္ဌေန၊ ကြောက်လန့်ဘွယ်မှုဘေးအစုဟူသောအနက်ကြောင့်၊ ဒုက္ခာ၊ ဒုက္ခမျိုးတို့သာလျှင်တည်း၊ အသာရကဋ္ဌေန၊ အခိုင်အမာအနှစ်သာရ မဟုတ်သော အနက်ကြောင့်၊ အနတ္တာ၊ အနတ္တမျိုးတို့သာတည်း။

၈ တထာ၊ ထိုကေသကာယနှင့်အတူ၊ လောမကာယော၊ မွေးညှင်းဟူသောကိုယ်အစုရှိရင်း၊ နခကာယော၊ ခြေသည်းလက်သည်းဟူသောကိုယ်အစုရှိရင်း၊ ဒန္တကာယော၊ သွားဟူသောကိုယ်အစုရှိရင်း၊ မံသကာယော၊ အသားဟူသောကိုယ်အစုရှိရင်း၊ နှာရုကာယော၊ အကြော ဟူသော ကိုယ်အစုရှိရင်း၊ အဋ္ဌိကာယော၊ အရိုး ဟူသော ကိုယ်အစုရှိ ရင်း၊ အဋ္ဌိမိဉ္ဇကာယော၊ ရိုးတွင်းခြင်ဆီ ဟူသော ကိုယ်အစုရှိရင်း၊ ဝက္ကကာယော၊ အညို့ ဟူသော ကိုယ်အစုရှိရင်း၊ ဟဒယကာယော၊ နှလုံးဟူသောကိုယ်အစုရှိရင်း၊ ယကနကာယော၊ အသည်းဟူသောကိုယ်အစုရှိရင်း၊ ကိလောမက ကာ

WWW.DHAMMARANSI.COM


ယော၊ အမြေးဟူသောကိုယ်အရန္ဒိရင်း၊ ပိဟာက ကာယော၊ အဖျဉ်းဟူသော ကိုယ်အရန္ဒိရင်း၊ ပပ္ဖါသ ကာယော၊ အဆုတ်ဟူသောကိုယ်အရန္ဒိရင်း၊ အန္တကာယော၊ အူမဟူသောကိုယ်အရန္ဒိရင်း၊ အန္တဂုဏကာယော၊ အူသိမ်ဟူသော ကိုယ်အရန္ဒိရင်း၊ ဥဒရိယ ကာယော၊ အစာသစ်ဟူသောကိုယ်အရန္ဒိရင်း၊ ကရီသကာယော၊ အစာဟောင်းဟူသော ကိုယ်အရန္ဒိရင်း၊ မတ္ထလုင်ကာယော၊ ဦးနှောက်ဟူသောကိုယ်အရန္ဒိရင်း၊ ယော ကက္ခဋ္ဌကိရိယာ၊ အကြွင်းခက်မာမှုဟူသော ကြိယာသည်၊ အတ္ထိ ရှိ၏၊ သာ ထိုခက်မာမှုကြိယာသည်၊ ပထဝီနာမ၊ ပရမတ်နှစ် မြေဓာတ်စစ် မည်၏၊ ။ယော အာဗန္ဓနကိရိယာ၊ အကြွင်းဖွဲ့စေး ကပ်ငြွယ်မှုဟူသောကြိယာသည်၊ အတ္ထိ ရှိ၏၊ သာ၊ ထိုဖွဲ့စေးကပ်ငြွယ်မှုကြိယာသည်၊ အာပေါနာမ၊ ပရမတ်နှစ် ရေဓာတ်စစ်မည်၏၊ ။ယော ဥဏှတ္တကိရိယာ၊ အကြွင်းနွေးသည် ပူသည်၏ အဖြစ်တည်းဟူသော ကြိယာသည်၊ အတ္ထိ ရှိ၏၊ သာ၊ ထိုနွေးမှုပူမှုကြိယာသည်၊ တေဇောနာမ၊ ပရမတ်နှစ် မီးဓာတ်စစ်မည်၏၊ ။ယောဝိတ္ထမ္ဘနကိရိယာ၊ အကြွင်းထောက်ကန်မှုဟူသောကြိယာသည်၊ အတ္ထိ ရှိ၏၊ သာ၊ ထိုထောက်ကန်မှုကြိယာသည်၊ ဝါယောနာမ၊ ပရမတ်နှစ် လေ

WWW.DHAMMARANSI.COM

ဓာတ်စစ်မည်၏။ ။ဝဏ္ဏော၊ အဆင်းဓာတ်သည်
